www.burmeseclassic.com

# ဘုရားသခင်ပေးတဲ့ ခွဲတမ်း



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂)၊ (၁)ရပ်ကွက်၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းဇ

ဘုရားသခင်ပေးတဲ့ ခွဲတမ်း/ ဒီနိုင်းဇ၊ ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၄။

၂၄၈ စာ၊ ၁၅ စင်တီ x ၁၈ စင်တီ။

(၁) ဘုရားသခင်ပေးတဲ့ ခွဲတမ်း


ဂဲအကြောင်း၊ အကြောင်းကျေလို့

တစ်ထောင့်တစ်ည ဒဏ္ဍာရီထဲက

မှော်မှားသန့်ဝင်

သို့ပေမယ့်..သံယောဇဉ်လေးမှုတွေနဲ့

လှမ်းစရာ ရင်ပြင်ထဲကလူ

ဘယ်သူကြည်ဖြူမှာလဲကွယ်..။



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနေ့က ပြဿနာနေ့ပါဗျာ ..၊

ကမ္ဘာ့ နေ့ထူးနေ့မြတ်နေ့တွေထဲမှာ (Problem day) ဆိုပြီး ကျွန်တော့်အတွက် အထူးပြုလုပ်ပေးသင့်တဲ့ နေ့ပေါ့ ..။

ကျွန်တော်က ဘာကောင်မှ မဟုတ်ပါဘူး ..။ အဖေ ပြောတဲ့ (ဂျလေဘီကောင်)ဆိုမလား .. ဝေလေလေကောင် ဆိုလားပေါ့..။

အခုတော့ ပြောပြီပေါ့လေ .. မွေးတုန်းကတော့ ဆေးအိမ်ကို ဆွမ်းခံကြွတဲ့ကိုယ်တော်က ကျွန်တော့်ဇာတာကို ဖွဲ့ပြီး (ဒီကောင် ထွန်းထွန်းပေါက်ပေါက်ဖြစ်မယ့်ကောင် ဆိုပြီး) နိမိတ်ဖတ်တုန်းကတော့ ကျွန်တော့်အဖေက တဟဲဟဲပေါ့ ..။

ခုတော့ ကန်တော့ ..၊ ဘိုးမင်းခေါင်လည်း မဟုတ် ဘာမဟုတ်တော့ ဂျလေဘီကောင် .. ယောင်ဝါးဝါးကောင်တို့ ဘာတို့နဲ့ တဟဲဟဲ.. မဟဲနိုင်တော့ဘူး ..၊

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထားပါ .. အခုလဲ ကြည့်ဦး ..၊

ကျွန်တော် နမော်နမဲ့နဲ့ ဂိုဒေါင်ထဲမှာပေါ့။ ဘုတ်စက္ကူအပေါ် မြေနင်းနေရာက ကွာနေလို့ ကော်ကပ်နေရင်း ကျွန်တော် တိုင်းလက် ရှင်းရှင်းပြောရရင် အိမ်သာပေါ့ဗျာ .. သွားချင်တာနဲ့ ကျွန်တော် ရေအိမ်သာထဲ ဝင်ပါတယ် ..။

ကျွန်တော် ပြန်ထွက်လာတော့ ဖေဖေနဲ့ အဝင်ဝမှာ ဆုံတယ် .. ဖေဖေက ကျွန်တော့်ကိုမြင်တိုင်း သူ့ရဲ့အမှတ်ဆံဆိုပ်ဖြစ်တဲ့ ဘုကြည့် အကြည့်နဲ့ ပစ်ပေါက်ပြီး ...

"သွား .. သွား .. သွား .. ရှုပ်နေတာပဲ .. ငါ မှတ်ဆိတ်ရိတ်ဖို့ .."

ကျွန်တော်က စပ်ဖြဲဖြဲနဲ့ ...

"တံစဉ် ယူမလား .. အဖေ .."

စကားလဲ ဆုံးရော ...

"ဖုန်း .."

"အင့် .."

တစ်ချက်တော့ ဖင်ကို အကန်ခံရပါသေးတယ် ..၊ ဖေဖေက ငယ်ငယ်က ဘောမ အဲလေ ဘောသမား .. ဘောလုံးသမား ..။





တစ်ပွဲတည်းမှာ ဂိုးသုံးဂိုးတောင် ဟက်ထရစ်သွင်းနိုင်တဲ့ ဘောလုံးသမား .. ဒါပေမယ့် လူများ ဂိုးပေါက်ကိုသွင်းခြင်း မဟုတ်ပါ။ ကိုယ့်ဂိုးကို သွင်းခြင်းပေါ့ ..။

အဲဒီထဲက ဘောလုံးဆိုရင် စိတ်နာပြီး ခေတ်လုံးတောင် မခေါင်တော့ပါ ..။ ဖေဖေက အဲဒီလောက်အထိ ပြတ်သားသည်။

အိမ်သာက ပြန်ထွက်လာပြီး ဂိုဒေါင်ဘက် ထွက်လာရင်း လုပ်လက်စအလုပ်ကို အဆုံးသတ်ဖို့ ကော်ဘူးညှစ်ဘူးကို လိုက်ရှာတော့..

"ဖော် .. သူ .. ရ .."

"ခင် .. ဗျာ .. လာပြီ .. ဖေ .. ဖေ .."

ပြဿနာနေ့က အဲဒီက စတာပါ။ ကျွန်တော် အလောသုံးဆယ် ဆေးဆယ်နဲ့ တိုင်းလက်ဝင်ခါနီး ကော်ဘူးတောင့်ကို ဘေးစင်မှာ ထားခဲ့မိပါတယ်။

ဖေဖေက အဲဒီ ကော်ဘူးညှစ်ဘူးတောင့်ကို ကျွန်တော် နောက်တံဆိပ်အသစ်နဲ့ ဝယ်လာတဲ့ မှတ်ဆိတ်ရိတ်တဲ့ ဆပ်ပြာဆေးရည်ဘူး ထင်ပြီး ပါးရိုးတစ်လျှောက် သုတ်လိမ်းပြီးတဲ့အခါ ခုန .. ခုနစ်သံချီ အသံဟာ ထွက်လာပါတော့သည်။

အဲဒီကိစ္စတစ်ခုတည်းနဲ့ ပြီးဆုံးသွားသည်ဟု မထင်ပါနဲ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



မေမေက မူးတူးတူးဖြစ်နေတာကြောင့် (သွေးတိုး)ဆိုပါတော့..၊

"သားလေး .. မေမေ့ကို .. သံပရာရည် ဖျော်ပေးစမ်းပါကွယ်.."

"ဘာဖြစ်လို့လဲ .. မေမေ .."

"မေမေ သွေးနည်းနည်းတိုးနေတယ် သား .."

"ဟုတ်ကဲ့ မေမေ .. သား သွားဖျော်လိုက်မယ် .."

ကျွန်တော် မေမေ့အတွက် သံပရာရည်ဖျော်ဖို့ မီးဖိုချောင်ထဲ သွားပါတယ် ..၊ သံပရာသီးကို ရှာပါတယ်။

မီးဖိုခန်းမှာ သံပရာသီးနဲ့တူတာ ဆိုလို့ ရှောက်သီးတောင် မတွေ့၊ ကိစ္စမရှိပါဘူး ဖြစ်ပါတယ်။

ကျွန်တော် မေမေ့အတွက် သံပရာရည်တစ်ခွက် ခပ်မြန်မြန်လေး ဖော်လာခဲ့ပါတယ်။

"မေမေ .. ရော့ .."

မေမေက သံပရာရည်မသောက်ခင်အထိတော့ သူ့သား အလိမ္မာတုံးလေးအတွက် အပြုံး တဝဝေနဲ့ပေါ့ ..။

"ငါ့သားလေးက အားကိုးရတဲ့ သားကွယ့် .. ဘုန်းကြီးပါစေ.. အသက်ရှည်ပါစေကွယ် .."

ကျွန်တော်လည်း တဟဲဟဲပေါ့ ..။



ဒါပေမယ့် ကျွန်တော် ဖျော်တိုက်တဲ့ သံပရာရည်တစ်ငုံ သောက်အပြီးမှာ မေမေ့ မျက်နှာပေါ်က အပြုံးတွေ ရှုံ့မဲ့ကုန်ပါတယ်။

"ဘာအရည်ကြီးလဲ .."

ကျွန်တော် မေမေ့ ဖြစ်ပုံပျက်ပုံကြောင့် ...

"ဟိုလေ .. သံပရာသီး မရှိတာနဲ့ ရှလကာရည်ကို ဆေးသကြားထည့်ပြီး ဖျော်လာတာ .."

မေမေ ဒေါသ အကြီးအကျယ် ထွက်ကျလာပါသည်။ ကျွန်တော့်ကို ဆူတာမှ ရေနွေးတစ်အိုးစာ သာသာလောက် ဆူတာပေါ့။

အဲဒီလိုနဲ့ ဂုဏ်ထူးဆောင် ပြဿနာကောင် ကျွန်တော်မျိုးဟာ အိမ်မှာနေလို့ မရတာနဲ့ ဘုတ်စကိတ်လေးကို ထုတ်ကာ ဧလွင် တို့ ရှိနိုင်မယ့်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့ပါတယ်။

ညနေမစောင်းတစောင်းအချိန်ဆိုလား ..၊ အဖျို့ အအို မသိတသိ ဆိုလား အဲဒီအချိန်ပေါ့ ..။

ကျွန်တော် သွားနေတဲ့လမ်းပေါ်မှာ ကားနှစ်စီး ရပ်ထားပါတယ်။ တစ်စီးက ဘယ်ဘက်ကပ်ရပ်ထားပြီး တစ်စီးက အဲဒီကားရဲ့ ခပ်စွေစွေ အနေအထား ညာဘက်မှာ ရပ်ထားပါတယ်။

ကားနှစ်စီးရဲ့ကြားက အကျယ်က သိပ်မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေ မရှိတရှိလောက်ပါပဲ။ ကျွန်တော်လဲ အဲဒီကြားထဲက ဖြတ်ဖို့ အရှိန်နဲ့ ဘုတ်စကိတ်နဲ့ဖြတ်ဖို့ ခြေတစ်ဖက်ကိုအချ .. ဘယ်က ဘယ်လို ထွက်ကျလာသလဲဆိုတော့ အနီးဆုံးကားပြတင်းပေါက်ကနေ ထွက်ကျလာတဲ့ ငှက်ပျောခွံတစ်ခုက ကျွန်တော် ခြေဖဝါးချမယ့် အောက် တည့်တည့်ကို ကွက်တိ ..။

အရှိန်က လှစ်ခနဲမြန်သွားပြီး ကိုးရိုးကားယား ..၊ က်များဆိုးချင်တော့ နောက်ထပ်ကားတစ်စီးရဲ့တံခါးပေါက်က အဖွင့် ..၊

"ဗိုန်း .."

"အောင်မယ်လေးဗျာ!..."

ကျွန်တော် အဲဒီတစ်ခွန်းပဲ အော်နိုင်ပါတယ်။ ခေါင်းထဲမှာ ကြယ်တွေ လတွေ မြင်သွားပါတယ်။ ဘယ်လိုများ ပူးပေါင်းနိုပ်စက်ကြမှန်းမသိ ..၊ ကျွန်တော် အမြင် မှန်ရလာတော့ ခေါင်းကို ခါထုတ်ပြီး ကြည့်မိတော့ ကားနှစ်စီးလုံးက ငြိမ်ငြိမ်သက်သက် ..။

ဒါ ဘာသဘောလဲဆိုပြီး ကျွန်တော်နဲ့ အနီးဆုံးကားတံခါးဖွင့်လိုက်လို့ တိုက်မိသည့် ဒုတိယကားကို ကျွန်တော် ဦးတည်လျှောက်သွားပြီး ငုံ့ကြည့်တော့ .. အားပါးပါး .. သောက်မြင်ကတ်အောင်လှတဲ့ ကောင်မလေးတစ်ယောက်..၊





အံမယ် .. မျက်လုံးလေးမှိတ်ပြီး သီချင်းနားထောင်ပုံက ဟိုသီချင်းကိုတောင် သတိရမိသေးဗျာ .. (မျက်လုံးဖွင့်ပြီး နိုပ်ကြည့်စမ်း .. အဲလေ .. အိပ်ကြည့်စမ်းပါ) ဆိုတာလေ ..။

"ဟော့ .. ဒီမှာ .. ဒီမှာ .."

ကောင်မလေးက တုတ်တုတ်မျှ မလှုပ် ..၊

"ဟော့ .."

အနားနားကပ်ပြီး အော်တော့မှ သူမ မျက်လုံးပွင့်လာပါတယ်။ ကားထဲက အသံ ဖော်လူးကို လျှော့ပြီး မှုန်ကုပ်ကုပ်နဲ့ ဘာလဲဆိုတဲ့ သဘော မေးဆတ်ပြပါသည်။ ကျွန်တော် ခပ်တင်းတင်းနဲ့ ...

"မင်း လုပ်ပုံက ကောင်းသေးရဲ့လား .."

သူမက သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ပြီး ...

"ကောင်းပါတယ် .. ဘာဖြစ်လို့လဲ .."

"ဘာကွ!..."

"ရှင် ဘာဖြစ်နေတာလဲ .."

အံမယ် .. သူပဲ အကျောကြီး ..။

"ဟော့ ကောင်မလေး .. မင်း နမော်နမဲ့နဲ့ ကားတံခါးဖွင့်လို့ ငါ ဝင်တိုက်မိတာကို မင်း သိရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျမှ သူမ မျက်ခုံးမြင့်တက်သွားကာ ...

"အဲဒါဆို .. ဆောရီးပါရှင် .."

ပြောပြီး မသိချင်ယောင်ဆောင်နေပါသေးသည်။ ပြီးတော့ မျက်လုံး ပြန်မှိတ်တယ် ..၊ ဖော်လူးကို ပြန်ရှဲ့တယ်။

"တောက်!..."

ကျွန်တော် မကျေမနပ်နဲ့ တောက်ခေါက်မိပါသည်။

အေးလေ.. အားနဲ့ .. အားယိမ်းသူဆိုတော့လဲ ဘာတတ်နိုင်မှာလဲ ..၊ ကျွန်တော် လှည့်ထွက်တော့ သီချင်းသံက ပြန်တိုးသွားပါတယ်။

အံမယ် .. ဒီကောင်မလေး စိတ်ကောင်းလေးများဝင်ပြီး ကျွန်တော့်ကို ပြန်တောင်းပန်မယ် ထင်တာပေါ့။ ဒါပေမယ့် ကျွန်တော် လှည့်ကြည့်တော့ သူမက မျက်ဝန်းမှိတ်လျက်သား ..။ ပြီးတော့ ...

"ဒီအကောင်က တမျှောင့် .."

ကျွန်တော် အဲဒါတော့ တင်းသွားတာပေါ့ ..၊ ဒါကြောင့် သူမဘက် လှည့်ပြီး ဒေါသနဲ့ တစ်ခုခုပြောဖို့ ပြင်ဆင်စဉ်မှာ ...

"ဖြန်း .."

သူမ က သူမ လက်မောင်းပေါ်က ခြင်းကို မျက်လုံးလေးမှိတ်ပြီး ရိုက်လိုက်ပြီး ...





"မှတ်ပလား .. ငါဟဲ့ မိန်းမ .."

ကျွန်တော် အူတူတူနဲ့ ကြည့်နေမိပါတယ်။ သူမကတော့ ကျွန်တော် ရှိတယ်လို့တောင် ထင်ပုံမရပါဘူး ..၊ ကျွန်တော် မကျေမလည်နဲ့ ပြန်လှည့်လာပြီး .. ကျွန်တော် လာမယ့်လမ်းမှာ ငှက်ပျောသီးခွံ ပစ်ချတဲ့ ပထမဦးဆုံးကားဆီ ဒေါသတွေ နှစ်ဆတိုးပြီး ထွက်လာခဲ့ပါသည်။

ကျွန်တော် ခုနလိုပဲ ကားထဲငုံ့ကြည့်တော့ ဟောဗျာ .. ခုနကားဆိုပါပဲ .. သီချင်းနဲ့ မျက်လုံးမှိတ် သောတအာရုံ ခံစားနေပုံတွေက အိမ်ခြေယာခြေမရှိတဲ့မိန်းမတွေ ထင်ပါရဲ့ ..၊ ကိုယ့်အိမ်ကိုယ် ပြန်ပြီး အခန်းထဲမှာ အေးအေးဆေးဆေး ဝမ်းလျားထိုးပဲ မှောက်မှောက် .. တော်လက်ကလေးပဲလှုန်လှုန် အေးအေးဆေးဆေး နားထောင်ကြပေါ့..၊ အခုတော့ အလုပ်မရှိ အလုပ်ရှာပြီး လမ်းထွက် ကားရပ်ပြီး သီချင်းအားထောင်ရတယ်လို့ဗျာ ..၊ လုပ်ပုံတွေကိုက ကြည့် .. အချိုးမပြေ..။

"ဟော့ .. ဟော့ .."

ဒီတစ်ခါတော့ ပထမမိန်းကလေးလို မခေါ်လိုက်ရပါ။ မျက်လုံးသား ပွင့်လာပါတယ်။ လက်ကလေးက ကားထဲက CD ခလုတ်ကို ဖော်လိုက်ပါသည်။ ပြီးတော့ ကျွန်တော့်ကို မျက်မှောင်ကြုတ်ပြီး ...

"ဘာကိစ္စလဲ .."

www.burmeseclassic.com



ကျွန်တော်လဲ ကမန်းကတန်းနဲ့ ...

"ငှက်ပျောသီး .."

သူမက ဘေးဘီကိုကြည့်ပြီး ရွှေငှက်ပျောသီးတစ်လုံးကို ကျွန်တော့်ကို လှမ်းပေးသည်။

"ဟော့ .. မင်း ဘာလုပ်တာလဲ .."

အံ့မယ် သူမက ကျွန်တော့်ကို မျက်စောင်းတစ်စင်းကို ပီပီပြင်ပြင် စိုက်စိုက်မြိုက်မြိုက် ပစ်လွှတ်ပြီး ...

"ငှက်ပျောသီးပဲ စားမှာပေါ့ရှင် .."

"ဟာ .. စားတာက စားပေါ့ .. မင်း အခွံကို ဘာလုပ်ပစ်လဲ -

သူမက အခုမှ သတိရဟန်နဲ့ ...

"ဟင် .. ရှင်က စည်ပင်လား .."

"မဟုတ်ဘူး .. ငှက်ပျောပင် .. ဟာ .. မင်း ခုန စည်းမဲ့ကမ်းမဲ့ လွှင့်ပစ်လို့ .. ငါ ချော်ကျပြီးပြီ .."

သူမက အားနာဟန်နဲ့ ...

"ဆောရီး .. နော် .. ဒါပဲ မဟုတ်လား .."

ပြောပြီး ကားမှန်ကို ပြန်တင်လိုက်ပါသည်။

"တောက် .. ဘယ်လိုဟာလေးတွေမှန်းကို မသိဘူး .."





ကျွန်တော် မကျေမနပ်နဲ့ ဘုတ်စကိတ်ကို ကောက်ကိုင်ကာ ထော့နဲ့ ထော့နဲ့ နဲ့ လှည့်အထွက် ...

"ဒီမှာ ရှင့် .."

ကျွန်တော် ဝမ်းသာသွားပါသည်။ ဒီတစ်ခါတော့ ဒီကောင်မလေး တောင်းပန်မယ်ပေါ့ ..၊ လှည့်ကြည့်တော့ ကောင်မလေးက လေလုတ်ပလောင်းနဲ့ ...

"ဒီငှက်ပျောခွံလေး လမ်းဘေးမှာ ပစ်ပေးပါလား ရှင် .."

ပြောလဲပြော .. ငှက်ပျောခွံကို ကျွန်တော့်လက်ထဲ ထိုးထည့်သည်။ ကျွန်တော်လဲ ကြောင်တောင်တောင်နဲ့ ယူပြီးမှ ...

"ဟာကွာ .."

ဒီနေ့တော့ ပြဿနာနေ့ .. ပြဿဒါးဒေးပဲဗျ ..၊

ရင်ထဲမှာ မာတုဂါမတွေနဲ့ ပတ်သက်တဲ့ အစိုင်အခဲက ဖုတ်လှိုက် ဖုတ်လှိုက် ထော့နင်း ထော့နင်းပေါ့ဗျာ ..။



www.burmeseclassic.com

www.burmeseclassic.com



အမိုင်အခဲတွေနဲ့

ယိုင်နဲ့နဲ့ ပုံရုပ်တိုင်

မသေချာ ဒီတစ်ရှုဉ်းကိုဖြင့်

ဖွတ်ချစ်ခွင့်ပေး ..။







ဝေဝေ့နဲ့ထော့နဲ့နဲ့ ဘုတ်စက်ိတ်ကိုကိုင်ကာ ဆိုင်ထဲဝင်လာတဲ့ ဇော်သူရ ကို မြင်တော့ ဓဝလွှင်စိုး အခုလို ဝမ်းသားအားရ ပြောပါသည်။

"ဟာ .. ဇော်သူရ .. သူငယ်ချင်း .. မင်းပုံစံက မြောက်ကြွမြောက်ကြွနဲ့ ..၊ ကေနှ မင်း ပွပေါက်တိုးလာပုံ ရတယ် .."

ဇော်သူရ မျက်နှာရှုံ့မဲ့ရင်း မင်းထွဋ် ဘေးမှာ ဝင်ထိုင်ကာ ...

"ဟာကွာ .. နာရတဲ့ ကြားထဲကွာ .."

"ဘယ်လို .. ဘယ်ကြားထဲမှာ နာတာလဲ .. မသေကောင်း မပျောက်ကောင်းကွာ .."

အထိတ်တလန့်နဲ့ မင်းထွဋ် ပြောတော့ ဇော်သူရ စိတ်ညစ်ညစ်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒွေးရော .. နမူးရော .. ရင်ဘတ်ရော .. ဟော့ကောင်တွေရေ .."

ဖော်သူရ စကားကြောင့် ဝေလွှင် နဲ့ မင်းထွဋ် တစ်ဦးကိုတစ်ဦး ကြည့်ကာ ...

"မင်းကွာ .. အဲဒီလောက်ကြီး နာရအောင် မင်း ဒိုက်ထိုး လေ့ကျင့်နေလို့လား .."

"ဒိုက်ထိုးတာကဖြင့် သက်သာဦးမယ် ..၊ ဒီလိုကွာ .."

လမ်းမှာဖြစ်ပျက်ခဲ့တဲ့ ကားနှစ်စီး မိန်းမလှနှစ်ယောက်နဲ့ ပြဿနာ နှစ်ခုအကြောင်းကို အပြည့်အစုံ ကျွန်တော် အစီရင်ခံတော့ ...

"ဟာကွာ .. မင်းအဖြစ်က ထိပေါက်ပြီး မြွေကိုက်ခံရသလို ပဲ.."

"မဟုတ်ဘူးကွ .. ဒီကောင်ကို နတ်သမီးနှစ်ယောက်က တစ်ဖက် တစ်ချက်နမ်းပြီး ဓားနဲ့ထိုးသွားတဲ့ ဇာတ်လမ်းကွ .."

ဒီကောင်တွေရဲ့ ဝေဖန်ချက်တွေက ရရှိထားတဲ့ ဒဏ်ရာတွေကို ပိုနာကျင်စေပါသည်။ ဝေလွှင်စိုး က ကျွန်တော့်ကို အခုလို မေးပါ သည်။

"ဘယ်ကဟာလေးတွေလဲ .."

"ဘယ်သိမလဲကွာ .."





"သူတို့က အဲဒီနားမှာ ဘာလုပ်တာလဲ .."

"ယောက်ျား လာခိုးတာ နေမှာပေါ့ .."

မင်းထွဋ် က ကျွန်တော့်စကားကြောင့် အူကြောင်ကြောင်နဲ့ ...

"ဘယ်သူ့ လာခိုးတာလဲ .."

ကျွန်တော်ကလဲ အမြင်ကတ်ကတ်နဲ့ ...

"မင်းကို နေမှာပေါ့ .."

"ဟ .. ငါလဲ ဘာမှမပြောဘူး .."

"မင်းအဖေ သိမှာစိုးလို့ နေမှာပေါ့ကွာ .."

ဝေလွှင် က ပြုံတီတီအပြုံးနဲ့ ...

"မင်းထွဋ် ကို အဲဒီကောင်မလေးတွေ ခိုးလို့ မဖြစ်ဘူးကွ .."

ကျွန်တော်က ရုပ်တည်တည်နဲ့ သဘောပေါက်စွာ အခုလို ဝင် ထောက်ပေးပါသည်။

"ဘာဖြစ်လို့လဲ .."

"ဒီကောင်က အခြောက်ကြီးဟာကို .."

"ဟာကွာ .. ခွီးမှပဲ .. ခွေးကောင် .."

မင်းထွဋ် မျက်စေ့မျက်နှာပျက်ပျက်နဲ့ ဆဲတော့ ကျွန်တော်နဲ့ ဝေလွှင်စိုး တဟားဟား ..။



www.burmeseclassic.com

www.burmeseclassic.com



မင်းထွဋ် က ကျွန်တော့်ကို အခုလို ပြောသည်။

"ဒီကောင်မလေးတွေ မင်းကို ဘာကြောင့် အခုလို ချောက်ထဲ တွန်းချရတာလဲ .."

"ချောက်ထဲ မဟုတ်ပါဘူးကွာ .. ငှက်ပျောခွံ နင်းမိပြီး ကားတံခါးနဲ့ ဆောင့်မိရုံပါ .. တော်ကြာ ဟိုကောင်မလေးတွေ အမှု ပိုကြီးနေပါဦးမယ် .."

ဝေလွှင့် စကားကြောင့် ...

"ဟာကွာ .. ငါက စကားအဖြစ် ပြောတာပါကွာ .."

ကျွန်တော် တွေးတွေးဆဆ ပြောမိပါသည်။

"ငါ့ကိုများ လာဖာတ်လမ်း လာထွင်နေတာလား မသိဘူး .."

ဟိုနှစ်ကောင်သား ကျွန်တော့် စကားကြောင့် တစ်ဦးကိုတစ်ဦး မျက်လုံးအပြူးသားနဲ့ ကြည့်မိကြကာ ..၊

နောက်တော့ တဟားဟား ...

"မင်းကို .. အဲလောက်လှတဲ့ ကောင်မလေးတွေက ဟား ဟား .. ဟား ..."

"မင်းကွာ .. ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးတဲ့ ကော ပဲ .."





ဒါလေး ပြောမိတာကိုများ ဒီကောင်တွေ အပေါင်းအသင်း မပီသစွာ အခုလို ဝိုင်းဟားကြပါသည်။

မသကာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဖြစ်နိုင်တယ် ဓော်သူရ.. ဘာညာနဲ့ အပေါင်းအသင်းကောင်းပီပီ မြှောက်ပေးသင့်တာပေါ့ ..။

"တောက် .. တွေ့ကြသေးတာပေါ့ကွာ .. ကံချော်ပြီးများ အဲဒီနှစ်ယောက်နဲ့ ဇာတ်လမ်းဖြစ်လို့ကတော့ ဒီကောင်တွေ ခေါ်ပြပြီး ပြန်ဟားပြလိုက်ဦးမှာ .. မှတ်ထား .. ဓော်သူရ တဲ့ကွ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အဲဒီလူတော့ ဓော်တော် အီစလ်ဝေသွားမှာပေါ့ဟယ်.. သနားပါတယ်ဟာ .."

ဆောင်းဝေဝေ ပြန်ပြောပြရင်း အဲဒီလူရဲ့ ပုံရိပ်ကို ပြန်မြင်ယောင်လာမိပြန်ပါသည်။

"သနားတော့ သနားတာပေါ့ဟာ .. ဒါပေမယ့် သဒ္ဒါ ရှိနေတော့ တောင်းပန်လို့က မဖြစ်ဖူးလေ .."

နွှေသဒ္ဒါ ဆိုတာက သူနဲ့ ညီမတစ်ဝမ်းကွဲ ..၊ ဒါပေမယ့် ငယ်ငယ်လေးကတည်းက ဘယ်တော့မှ မတည့် ..၊ ပြိုင်ဘက်ဆိုလဲ မမှားပါ။

နွှေသဒ္ဒါ က သူ့ထက် လပိုင်းသာငယ်သည့် ညီမ ..၊ နွှေသဒ္ဒါ ဖေဖေ အန်ကယ်သန်း က ဖေဖေ့ရဲ့ညီအရင်း ..။





ဒါပေမယ့် ဆောင်းဝေ နဲ့ သဒ္ဒါက မဟာပြိုင်ဘက်တွေ ..၊ ဒါဘီပြိုင်ဘက်တွေ ..၊ မန်ယူနဲ့ မန်စီးတီး .. အင်တာမီလန်နဲ့ အေစီမီလန် အဲဒီလိုမျိုး ..၊

ငယ်ငယ်ကတည်းက ဒီတစ်လ သူ အဆင့်တစ်ဆို နောက်တစ်လ ကိုယ် အဆင့်တစ် ဖြစ်ရမည်လေ ..။

"နေစမ်းပါဦး .. ငါ မသိလို့ မေးရဦးမယ် ..၊ နင်နဲ့ သဒ္ဒါ နဲ့က အဲဒီမှာ ဘာသွားလုပ်တာလဲ .."

ဖူးဖူး ရဲ့ အမေးစကားကြောင့် သူမ ပြုံးရင်း အခုလို ဖြစ်ကြောင်း ကုန်စင်ကို ရှင်းပြမိပါသည်။

"အခု နာမည်ကြီးနေတဲ့ မင်းသား မိုးသည်း ကို အော်တိုလက်မှတ် သွားထိုးခိုင်းတာ .."

"ဘယ်လို!... ဘယ်လို .."

ရွှေရှင်မိုး က မျက်လုံးအပြူးသားနဲ့ မေးတော့ ...

"ကျောင်းမှာဟာ စုစုထွေး က ငါ့ လာပြောတယ် .. သဒ္ဒါကို စုစုထွေး က ပြောလိုက်တယ်တဲ့ .. ငါနဲ့ မင်းသားမိုးသည်း နဲ့ အင်တာနက်ပေါ်မှာ တစ်ခါ စကားပြောဖူးတယ် တဲ့ .."

"နင် တကယ် ပြောဖူးလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝေ ရယ်ရင်း …

"မပြောဖူးပါဘူးဟယ် .. စုစုထွေး အကြောင်းလဲ နင် သိရဲ့သားနဲ့ …၊ ဟိုစကား ဒီပို့ .. ဒီစကား ဟိုပို့ဟာကို .."

ဆောင်းဝေ စကားကြောင့် ဖူးဖူး က ဟုတ်တယ် .. ဟုတ်တယ် နဲ့ ထောက်ခံစကား ပြောပါသည်။

"ပြောပါဦး .. စုစုထွေး ဘာမွှေလိုက်ပြန်ပြီလဲ .."

"အဲဒီမှာ ငါ့ရဲ့ပြိုင်ဘက် သဒ္ဒါ က ပေါက်ကွဲသွားပုံ ရတယ်ဟာ .. အဲဒီမှာ စုစုထွေး က အဲဒီလမ်း .. အဲဒီအိမ်အမှတ်မှာ မင်းသားမိုးသည်း ကားရိုက်မယ့်သတင်း ကြားတယ်လို့ ပြောလိုက်တော့ မိသဒ္ဒါ က စုစုထွေး ကို စုထွေး နင် ကြည့်နေတဲ့ .. ဆောင်းဝေ က အင်တာနက်မှာသာ မဖြစ်စလောက်လေး စကားပြောဖူးတာ .. ငါက .. သူ့ လက်မှတ်ထိုးထားတဲ့ လက်ကိုင်ပဝါကို နင့်ကို ပြမယ်လို့ စုထွေး က ငါ့ကို လာပြောတော့ .."

ဖူးဖူး က ပြုံးစေ့စေ့နဲ့ …

"သဘောပေါက်ပြီ မယ်မင်းကြီးမ .. အဲဒီမှာတင် နင်ကပါ ထုံးစံအတိုင်း မင်းသားမိုးသည်း ရဲ့လက်မှတ်ကို အရင်ဦးအောင် သွားယူတာပေါ့ …၊ ရခဲ့လား .."





ဖူးဖူး စကားကြောင့် ဆောင်းဝေဝေ တဟားဟား ရယ်ပါတော့သည်။

ရွှေဇင်မိုး က မှုန်ကုပ်ကုပ်နဲ့ …

"ဟဲ့ .. ဘာရယ်တာလဲ ဟဲ့ .."

သူမက ရယ်မောခြင်းကို မရပ်နိုင်သေး …၊

"ဒီလိုဟ .. အဲဒီနေ့မှာပဲ .. မင်းသားက လက်မှာ ဒဏ်ရာရလို့ ဘောပင်မကိုင်နိုင်ဘူး တဲ့ .."

ဆောင်းဝေဝေ စကားကြောင့် ဖူးဖူး နဲ့ ရွှေဇင်မိုး ခမျာ ရယ်ပါတော့သည်။

"နင်တို့နှစ်ယောက်ကတော့ တကယ်မှ တကယ်ဟယ် .."

"မင်းသား လက်မှတ်တော့ ရ မရ မသိဘူး .. ကြားထဲက တစ်ယောက်ကတော့ အချောင်ခံလိုက်ရပြီ ဆောင်းဝေဝေ ရေ .."

ကံခိုးသူ မောင်ရှင်ကို ပြန်မြင်ယောင်ရင်း စိတ်ကတော့ မကောင်းဖြစ်မိပါသည်။

"အေးဟယ် .. ငါ ငှက်ပျောသီးစားပြီး အမှတ်တမဲ့ လွှင့်ပစ်လိုက်တာ .. သူက ဘုတ်စကိတ်ကို အရှိန်မြင့်ဖို့ ခြေအချ ကွက်တိဟာ .."

ရွှေဇင် က တဟားဟား ရယ်ရင်း …

www.burmeseclassic.com



"မျက်လုံးထဲမှာ ပြန်မြင်ယောင်ရင်းတောင် မတွေးဝံ့စရာဟယ်.. အဲဒီတော့ .. နင့်ဆီ သူ လာတော့ .."

"ပထမတော့ ငါလဲ တောင်းပန်မလို့ပဲဟာ .. သူက .. သစ္စာကားတံခါးနဲ့ ထပ်ဆောင့်တော့ သဒ္ဒါ ကို အရင်ဆုံး ဒေါနဲ့မောနဲ့ပြောမယ်ပြင်တော့ မိသဒ္ဒါ က အရှုံးကွက်နင်းလိုက်တော့ .. ငါလဲ .. သူ့လိုပဲ အရှုံးကွက် ပြန်နင်းရတာပေါ့ဟဲ့ .. တော်ကြာ .. ငါက ခရေယာဘဘာမဟုတ်တဲ့ယောကျ်ားတစ်ယောက်ကို တောင်းပန်နေပါတယ်လို့ကျောင်းမှာ သဒ္ဒါ ပြန်ဖြန့်ရင် ဘယ်လိုလုပ်မလဲ .."

ဆောင်းဆေ စကားကြောင့် ဖူးဖူး က ဆောင်းဆေ ကို မကျေမနပ်နဲ့ ကြည့်ကာ ပြောပါသည်။

"ကျွတ် .. မဆိုင်ပါဘူး ဆောင်းဆေ ရယ် .. ကိုယ်လဲ အမှားလုပ်သေးတယ် .. တောင်းပန်သင့်ရင် တောင်းပန်ရမှာပေါ့ .. နင်တို့နှစ်ယောက်က မဟုတ်တဲ့ ကိစ္စမှာကျတော့ အပြိုင်အဆိုင် .. ဟုတ်တဲ့ဟာကျတော့ အပြိုင်အဆိုင် မရှိဘူး .."

"အေးလေဟယ် .. ဟုတ်သည်ရှိ .. မဟုတ်သည်ရှိ ကိုယ်က ဟုတ်ဟုတ် မဟုတ်ဟုတ် .."

"ဟာ .. ရှုပ်နေတာပဲ ရွှေစင် ရယ် .. နင် ဝင်မပြောပါနဲ့ .."





ဆောင်းဆေ ဘာမှ နားမလည်နိုင်တော့တဲ့ ပြောမိတော့ ရွှေစင်က ထုံးစံအတိုင်း မျက်နှာငယ်လေးနဲ့ ...

"မဟုတ်ပါဘူး ဟယ် .. ဟုတ်နိုးနိုး .."

"တော်ပါတော့ ဒေါ်ရွှေစင် .."

ဖူးဖူး ကမန်းကတန်း ဝင်ပြောတော့ သူမ ရွှေစင့် ကို ကြည့်ပြီး ရယ်မိပါသည်။

ရွှေစင် က အဲဒီလိုမျိုး ..၊ စကားပြောရင် သူ့စကားနဲ့သူ ချာလပတ်ကို လည်နေတော့တာပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



" ရခဲ့လား .. သဒ္ဒါ .."

သဒ္ဒါ ထိုင်ထိုင်ချင်း အေးစန္ဒာ က မေးတော့ သဒ္ဒါ ခေါင်းညိတ်ပြီးရင်း ...

"အေး .. ရခဲ့တယ် ..၊ နောင်တတွေ .."

"ဟဲ့ .. ဘာတွေ ဖြစ်လာလို့လဲ ဟဲ့ .."

သဒ္ဒါ ဆိုင်ကကောင်လေးကို ရှမ်းတစ်ပွဲလို့ လှမ်းမှာလိုက်ပြီး အေးစန္ဒာ တို့ကို ကြည့်ကာ ...

"မင်းသားက လက်မှာဒဏ်ရာရလို့ နောက်တော့မှ ကြုံရင် လက်မှတ်ထိုးပေးမယ် တဲ့ .."

"ဟောတော် .. ဖြစ်ရမယ်"

"ဟဲ .. နင့်ရဲ့အစ်မတော် .. မဟာရန်သူ .. အချစ်တော်ကြီးလာလား .."





သဒ္ဒါ ရယ်ချင်စိတ်နဲ့ တဟားဟားရယ်တော့ အေးစန္ဒာ က မျက်မှောင်ကြုတ်ပြီး ...

"ဘာဖြစ်တာလဲ .. အမမှီလာတာလား .."

"မဟုတ်ဘူးဟေ့ .. ကားတိုက်မှု ဖြစ်လို့ .."

"ဘုရား ... ရေ !..."

အေးစန္ဒာ နဲ့ အိသက် မျက်လုံးအပြူးသားနဲ့ ရင်ဘတ်ဖိပြီး ပြောကြတော့ ...

"နင် ဘာတွေ ဖြစ်သွားသေးလဲ .. အဲဒီလူရော သေပြီလား .."

အိသက် တို့ .. အေးစန္ဒာ တို့ရဲ့ ပြူးတူးပျာတာ ဟန်ပန်အမူအရာတွေကြောင့် ...

"ဩော် .. ငါ့စကားဆုံးအောင် ပြောပါရစေဦး .. နင်တို့ဟာက နင်တို့ဘာသာ တွေးပြီး နင်တို့ဘာသာ စိုးရိမ်နေတာ ..၊ အခုဟာက ကားနဲ့လူ တိုက်တာ မဟုတ်ဘူး .. ငါ့ကားတံခါးကို စက်ဘီးစီးတဲ့ လူတစ်ယောက်က ဝင်တိုက်တာ .. ရှင်းပြီလား .."

"ဟင့်အင်း .."

နှစ်ယောက်စလုံး ပြိုင်တူ ခေါင်းခါတော့ ဖြစ်ကြောင်းကုန်စင်ကို ပြန်ရှင်းပြရပါသည်။ ဇာတ်လမ်းလည်းဆုံးရော အေးစန္ဒာက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတော့ နင်တို့နှစ်ယောက်နဲ့ တွေ့တာ အတော် ကံဆိုးရှာတာပဲ .."

သဒ္ဓါ က ထိုလူပုံစံကို ပြန်မြင်ယောင်ရင်း ပြုံးမိပါသည်။

"ရယ်လဲ ရယ်ချင် .. ငါ အမှုပတ်မှာစိုးလို့ အကြောင်ကြွက်ရိုက်လိုက်တာ ဒီလူ အူလည်လည် ဖြစ်သွားတာတော့ အမှန်ပဲဟ .."

"ဆောင်းဝေဝေ နဲ့ကျတော့ ဒီလူက ဘာဖြစ်တာလဲ .."

သဒ္ဓါ အိသက် စကားကြောင့် မျက်မှောင်ကြုတ်မိကာ ...

"ဘာဖြစ်လဲတော့ ငါ မသိဘူးဟ .. တစ်ခုခု ငါ့ထက်အရင်ဖြစ်တာတော့ သေချာတယ် .. ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ ဆောင်းဝေနဲ့ အချီအချပြောနေတာ ငါ ကားထဲက မြင်နေရတယ် .."

"အဲဒီလူက ချောလား .."

အိသက် ပြောမှ ထိုလူ၏ ပုံရိပ်ကို ပြန်စဉ်းစား မြင်ယောင်မိတော့ ပထမဦးဆုံး သတိရမိတာ မျက်ခုံးထူထူ ..။

"အင်း .. မဆိုးပါဘူး .. မျက်ခုံးထူထူနဲ့ .."

"ဒါဆိုရင် အဲဒီလူက တရုတ်သိုင်းကားထဲက အဘိုးကြီး ဖြစ်ရမယ် .."

"ဟဲ့ .. ဘာဆိုင်လို့လဲ အေးစန္ဒာ ရယ် .."





အေးစန္ဒာ က ခပ်တည်တည်နဲ့ သဒ္ဓါ လက်ဖျံကို လှမ်းရိုက်ပြီးမှ ...

"ဒါလေးတောင် မသိဘူးလား .. တရုတ်သိုင်းကားထဲမှာလေ.. တရုတ်သိုင်းဆရာကြီးတွေ မျက်ခုံးမွေးတွေ တွဲလောင်းကျနေတာ.."

"ဒါဆို ဟိုလူလဲ တွဲလောင်းလေးပဲပေါ့ .."

"ဟဲ့ .. ဘာကို ပြောတာလဲ .."

"မျက်ခုံးမွေး .."

သူမတို့သုံးယောက် တဟားဟားနဲ့ ပွဲကျနေစဉ် တစ်ဖက်ဝိုင်းမှာ ဝင်ထိုင်လိုက်တဲ့သူတွေကြောင့် အေးစန္ဒာ က သဒ္ဓါ ကို မျက်ရိပ်ပြပါသည်။

"သဒ္ဓါ .. မင်းသားရဲ့လက်မှတ် ရလိုက်လား .."

ဆောင်းဝေဝေ က ထိုင်ထိုင်ချင်း သဒ္ဓါ ကို လှမ်းပြောတော့ သဒ္ဓါ က ပခုံးတွန့်ပြကာ ...

"မင်းလိုပါပဲ ဆောင်းဝေ ရယ် .. မင်းသားက လျှာနာခွာနာဖြစ်နေတယ်ဆိုတော့လဲ ဘယ်တတ်နိုင်ပါ့မလဲ .."

သဒ္ဓါ ဘာကိုဆိုလိုမှန်း ဆောင်းဝေ သိပါသည်။ မင်းလိုပဲ မရဘူးဆိုတဲ့ အဓိပ္ပာယ် ..။



www.burmeseclassic.com

www.burmeseclassic.com



သရေ ဆိုတဲ့ရလဒ်ကို အလိမ္မာနည်းနဲ့ ဖြေရှင်းသွားတဲ့စကား..၊

"ဒါနဲ့ .. ဆောင်းဝေ မနေ့က ဟိုလူနဲ့ ဘာဖြစ်ကြတာလဲ .."

သဒ္ဒါ ဘာမှ အရေးမပါဟန်နဲ့ မေးတော့ ဆောင်းဝေ က အခုလို လှမ်းပြောပါသည်။

"ဘာမှမဟုတ်ပါဘူးကွာ .. ငှက်ပျောသီး စားပြီး ပစ်မိခဲ့တဲ့ အမှုလောက်ပါဟယ် .. ဒါနဲ့ မင်းနဲ့ကရော .."

သဒ္ဒါ အခုမှ သဘောပေါက်ကာ ...

"ဩော် .. ငှက်ပျောခွံနင်းမိပြီး ဟန်ချက်ပျက်ပြီး အရှိန်နဲ့အထွက် သဒ္ဒါ က ကားတံခါးဖွင့်မိတော့ တိုက်မိတဲ့ ပြဿနာကိုး .."

နှစ်ဦးနှစ်ဖက်အဖွဲ့တွေ အဲဒီအဖြစ်အပျက်ကို တွေးမိကာ ရယ်မိ ကြပါသည်။

သူမတို့အုပ်စုရဲ့ ရယ်သံဟာ ဇော်သူရ တစ်ယောက် ကြားမိရင် ဖြင့် ဘယ်လောက် ပေါက်ကွဲလိုက်မလဲဆိုတာ သူတို့ မသိ ..။





ဇော်သူရ ဝေလွင်စိုး နဲ့ မင်းထွဋ် တို့ သင်္ချာမေဂျာက ကျော်ကြီး ဆီ ထွက်လာခဲ့ကြပါသည်။

သုံးယောက်သား ပိုက်ဆံ ပြတ်လပ်နေချိန်ဆိုတော့ ပထမဦးဆုံး သတိရမိလိုက်တာက တစ်ရပ်ကွက်တည်းသား ကျော်ကြီး ..၊

ကျော်ကြီး မတွေ့ရင်တော့ ဒုတိယပစ်မှတ်အဖြစ် မြန်မာစာက မြဦး ..၊

အိုကေ .. ဒီလောက်ဆို အဆင်ပြေပြီပေါ့ ..။

သုံးယောက်သား သင်္ချာဆောင်တွေဘက်ကို အနောက်ဘက်က ဖြတ်လျှောက်လာခဲ့ရင်း စကားတပြောပြော ..။

အဲဒီအချိန်မှာ ...

"ဗိုး .."



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် .."

"အား!..."

အဖြစ်အပျက်က အရမ်းမြန်ဆန်လှပါတယ်။ ဇော်သူရ ခွေကျသွားတော့ ဝေလွင် နဲ့ မင်းထွဋ် ဗျာဗျာသလဲနဲ့ ...

"ဟေ့ကောင် .. မင်းကို ဘယ်သူ ခဲနဲ့ထုသွားတာလဲ .."

ဇော်သူရ သူ့ချိုစောင်းကို စမ်းကြည့်တော့ ချိုစောင်းမှာ နည်းနည်းဖုသွားပါသည်။ မင်းထွဋ် က ဘေးဘီကို ကြည့်ပြီး ...

"ဟေ့ကောင် .. အုတ်ခဲ .. မဟုတ်ဘူးကွ .."

"အုတ်ခဲ မဟုတ်ရင် လက်ပစ်ဗုံးလား .. ဒါဆို ဝပ်နေ မင်းထွဋ်.."

ဝေလွင့် စကားကြောင့် မင်းထွဋ် က ဝေလွင့် ဇက်ပိုးကို အုပ်ကာ ...

"မင်းကြီးဇော် လက်ပစ်ဗုံး ဖြစ်ရမှာလား .. သစ်တော်သီးကွ.."

သစ်တော်သီးကို ကောက်ပြီး မင်းထွဋ် က ဇော်သူရ ကို ပြတော့ ဇော်သူရ သစ်တော်သီးကို ကြည့်လိုက်သည်။

သစ်တော်သီးက တစ်ကိုက်ပဲ ကိုက်ရပါသေးသည်။ အသီးက ကြီးမှ ကြီး .. ဒါပေမယ့် အထဲမှာ ပိုးတွယ်နေသောကြောင့် စည်းမဲ့ကမ်းမဲ့ ပစ်လိုက်ဟန်တူသည်။





သူတို့ လှမ်းကြည့်တော့ ဝရန်တာတစ်ဖက်မှ ခေါင်းဖျားပိုင်းလေး သုံးခုသာ တွေ့ရသည်။

ဇော်သူရ .. ဒေါသတွေ ဖြစ်သွားကာ ....

"တောက် .. စည်းမဲ့ကမ်းမဲ့ဟာတွေကွာ .."

"ဒါ မိန်းကလေးစားတဲ့ သစ်တော်သီးကွ .."

မင်းထွဋ် က သစ်တော်သီးကိုကြည့်ပြီး ပြောတော့ ဝေလွင် က...

"လာမဖြီးနဲ့ မင်းထွဋ် .."

မင်းထွဋ် က ဝေလွင့် စကားကြောင့် ဆားပုလင်းနှင်းမောင် အိုက်တင်နဲ့ တဟင်းဟင်း ဟန်လုပ်ရယ်ပြီး ...

"ဒါက ဒီလိုရှိတယ် ချာတိတ် .. ကိုက်ထားတဲ့အရာရဲ့ ဘေးမှာ နှုတ်ခမ်းနီ နည်းနည်းစွန်းနေတယ် .. မယုံရင် နမ်းကြည့် .."

ဝေလွင် သစ်တော်သီးကို ကပ်ပြီး အနံ့ခံကြည့်တော့ ဟုတ်ပါ့.. နှုတ်ခမ်းနီရနံ့ ..၊ ဇော်သူရ ကတော့ မိန်းကလေးတွေ ဘာတွေ နားမလည် .. လတ်တလော သူ့ခေါင်း ဘုထွက်သွားတဲ့ကိစ္စကို ရှင်းမှ ဖြစ်မည်လေ ..။

"မိန်းကလေးတွေ ဘာတွေ နားမလည်ဘူးကွာ .. ရှင်းကို ရှင်းရမှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဇော်သူရ ဒေါနဲ့မောနဲ့ ရှေ့က ဦးဆောင်ထွက်သွားတော့ ဟိုနှစ်ကောင်က ...

"ဟော့ကောင် နေဦးလေ .."

"လိုက်မှဖြစ်မယ်လေ .. တော်ကြာ ထဘီမနိုင် လုံချည်မနိုင်တဲ့ ကိစ္စတွေ ဖြစ်ကုန်ရင် ဒုက္ခ .."

"ထဘီရော လုံချည်ရော ပေါ့ပေါ့လေးပါကွာ .. နိုင်လောက်ပါတယ် မင်းထွဋ် ရာ .."

ဇော်သူရ ပေါက်ကွဲမှုအရှိန်အဟုန်တွေနဲ့ လေ့ကားထစ်တွေအတိုင်း တက်ပြီး ကော်ရစ်ဒါဘက်ကို အကွေ့ .. ဘယ်လိုက ဘယ်လိုဖြစ်သွားသည် မသိ ..၊

ဖိနပ်အောက်မှာ ဘာစေ့တွေမှန်း မသိ ..။

"လုပ် .. လုပ်ပါဦးဟ .."

"ဖုန်း .."

ခြေပစ်လက်ပစ်ပြုတ်ကျတော့ ဟိုနှစ်ကောင်က ကမန်းကတန်းပြေးလာပြီး ထူဖို့အလုပ် ..၊

"ဟ!... ကျ .. ကျပြီ .."

နှစ်ယောက်လုံး သူ့လိုပဲ ခြေပစ်လက်ပစ် ကားယားကြီး ပြုတ်ကျ





ပါတော့သည်။

သုံးယောက်သား ရှုံ့မဲ့ပြီး ကြည့်တော့ ကော်စေ့ရောင်စုံ ..။

သိလိုက်ပါပြီ .. ဒါ အမျိုးသမီးသုံး ပိုက်ဆံအိတ်တို့ .. ဘာတို့မှာ ကြိုးနဲ့သီပြီး အလှဆင်တဲ့ ပုတီးလုံးတွေလို ကော်စေ့တွေ ..။

ဒေါသက ယမ်းပုံပေါ် မီးကျသလိုပေါ့ ..၊

ဇော်သူရ နာတမှုတ်မှုတ်နဲ့ အနီးအနားကိုကြည့်တော့ မိန်းကလေးသုံးဦး မျက်လုံးအဝိုင်းသားနဲ့ ..၊ အလယ်က တစ်ယောက်က ပလတ်စတစ်အိတ်လေးကို ကိုင်လျက်သား ..၊

ဩော် .. သက်သေခံနှင့်တကွ တွေ့ရပါပြီ ..၊ သူမကိုင်ထားတဲ့အိတ်က အခု ကျွန်တော်တို့ကို လဲကျစေတဲ့ ကော်စေ့အိတ် ..။

"ဟင်!... ငှက်ပျောသီး .."

ကျွန်တော့်ရဲ့ အံ့သြတကြီးအသံကြောင့် သူမက မှတ်မိပုံနဲ့ ...

"ဟင်!... ရှင် .. ရှင် .."

"ဩော် .. မင်းကိုး ..၊ မင်း ဘာအငြိုးတွေနဲ့ ငါ့ကို ဒုက္ခပေးနေတာလဲ ငှက်ပျောသီး .."

ကျွန်တော် ဝေလွင်စိုး နဲ့ မင်းထွဋ် တို့ အားကိုးနဲ့ တွဲထရင်းမကျေမနပ်နဲ့ပြောတော့ ..၊ သူမက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ငှက်ပျောသီးလဲ .."

"ဖီးကြမ်း .."

"ရှင် နော် .. ရှင် .."

သူမက သူမ အလှည့်ကျတော့ မကျေမချမ်းလေး လုပ်ပြပါတယ်။

"ဟုတ်တယ်လေ .. မင်းရဲ့ ဖီးကြမ်းငှက်ပျောသီး လက်ချက်ကြောင့် ငါ ခံရပြီးပြီ .. ဟုတ်တယ် နော် ငှက်ပျောသီး .."

"တောက်!... ကျွန်မနာမည် ငှက်ပျောသီး မဟုတ်ဘူး ရှင့် .."

"ဒါဖြင့် သီးမွှေးလား .."

"မဟုတ်ဘူး .. ဆောင်းဝေဝေ .."

သူမနာမည် ကြားရတော့ ကျွန်တော် ပြုံးချင်ချင် ..။

"လူနဲ့နာမည်နဲ့က တခြားစီဗျာ .. ခင်ဗျားကိုတွေ့ရတာ တကယ်မအေးချမ်းလိုက်တာ ဗျာ .. အမြဲတမ်း ရှုပ်ပျာရှုပ်ပျာနဲ့ .. ဒါနဲ့ ခုနသစ်တော်သီးနဲ့ အပြင်ကို ပစ်တာ ဘယ်သူလဲ .."

ဇော်သူရ စကားကြောင့် ဆောင်းဝေဝေ တို့ သုံးယောက် မလှမ်းမကမ်းမှာ သစ်တော်သီး စားနေတဲ့ နွေသဒ္ဒါ တို့အုပ်စုကို ကြည့်မိတော့ ဇော်သူရ သဘောပေါက်ကာ အဲဒီအုပ်စုဆီ လျှောက်သွားပါသည်။





နွေသဒ္ဒါ တို့ကလဲ ဆောင်းဝေဝေ တို့နဲ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် အစအဆုံးကို မြင်မိတာမို့ မျက်နှာတွေက ပြုံးစေ့စေ့ ..၊

အခုလဲ ကိုယ်တော်ချောတွေက သူမတို့ဆီ တည့်တည့်ကြီးကို လျှောက်လာပါသည်။

အနားရောက်တော့ ရှေ့ဆုံးကလူက သူမကို စူးစူးရဲရဲကြီးကို စိုက်ကြည့်နေတာကြောင့် သူမလဲ ပြန်ပြီး မကျေမနပ်နဲ့ ထိုလူကို ကြည့်ရင်း ...

"ဟာ!... ရှင် .."

"မင်း!... မင်း .."

ဇော်သူရ လဲ မှတ်မိပါသည်။

တောက် .. သူ့ကုသိုလ်ကံကိုက ဒီဟာမလေးတွေနဲ့ ဆုံတိုင်း စက်ကွင်းမလွတ်နိုင်ရှာတဲ့ ဒုက္ခတွေက မွေးကတည်းက ဘယ်သူများ ထည့်ပေးလိုက်ကြသည် မသိ ..။

"တောက် .. ခုန သစ်တော်သီးပိုးထိုးနဲ့ အပြင်ကိုပစ်တာ မင်းလား .."

"မင်းလား မဟုတ်ဘူး .. ကျွန်မနာမည် နွေသဒ္ဒါ .."

"ဒါဆို မင်းအဖေက တစ်စာကုံးပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် နော် .."

"ရှင်နော် မဟုတ်ဘူး .. ငါ့နာမည်က ဇော်သူရ .. ပြောစမ်းပါဦး.. ခုန အပြင်ကို သစ်တော်သီးနဲ့ ပစ်တာ မင်းလား .."

ဇော်သူရ .. မကျေမနပ်နဲ့ပြောတော့ .. အဲဒီ နွေသဇ္ဇါ ဆိုတဲ့ ဒုက္ခအိုးပုတ်လေးက ..

"ဟုတ်တယ် .. ဘာလုပ်မလို့လဲ .."

"ဟောကောင် .. လက်လွန်မယ် နော် .."

"ဟုတ်တယ် ဇော်သူရ .. ကိုယ်ထိလက်ရောက်ဆိုတဲ့ အသုံးအနှုန်းကိုက ဥပဒေနဲ့ မလွတ်ဘူး .."

ဟိုနှစ်ကောင်က တိုးတိုး ..၊ ဒါကို နွေသဇ္ဇါ ကြားပုံရပါတယ်။ ဆောင်းဝေဝေ ကို့လဲ ကြားလဲ ကြား .. မြင်လဲ မြင်နေရတာမို့ ပြုံးစေ့စေ့ ..။

အဲဒီအကြည့် .. အဲဒီအပြုံးတွေကို ဇော်သူရ မကျေမနပ် ဖြစ်မိသည်။ သူ့ပုံစံက သူမတို့အတွက် သူတို့ ဆော့စရာ အရုပ်တစ်ရုပ်လို ထင်နေလား မသိ ..။

"မင်း မရမ်းပတာပစ်တဲ့ သစ်တော်သီးက ငါ့ခေါင်းကို တည့်တည့် ထိတယ်ကွ .. မင်းတို့ကွာ စည်းမဲ့ကမ်းမဲ့ ပစ်ရသလားဟ .."





ဇော်သူရ ပြောစကားကြောင့် နွေသဇ္ဇါ တို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ကြည့်မိကာ ရယ်မိကြပါသည်။

အဲဒီရယ်သံတွေကြောင့် ဇော်သူရ တင်းတင်းနဲ့ ...

"ဟေ့ မင်းတို့ ဘာရယ်တာလဲ .. မင်းတို့ကလဲ လုပ်သေးတယ်.. မင်းတို့ ဘယ်လို မိန်းကလေးတွလဲ .."

"ဇော်သူရ .. စိတ်ထိန်း .."

မင်းထွဋ် စကားကြောင့် ဇော်သူရ မင်းထွဋ် ဘက်လှည့်ကာ ...

"ဟောကောင် စိတ်ထိန်းရအောင် ငါက ရှူးနေတဲ့ကောင် မဟုတ်ဘူးကွ .."

ဇော်သူရ စကားကြောင့် နွေသဇ္ဇါ တို့ ပိုလို့ ရယ်ချင်မိပေမယ့် လေပြည်လေးနဲ့ ပြန်တောင်းပန်ပါသည်။

"ဟိုလေ .. တကယ် မတော်တဆ ဖြစ်ရပ်ပါရှင့် .. တကယ် တောင်းပန်ပါတယ် နော် ..၊ စိတ်လျှော့ နော် .. ရှင်က စိတ်ဆိုးရင် ရုပ်သိပ်ဆိုးတာရှင့် .."

"ဘာကွ .. မင်းတို့တွေ တောက် .. ဟောကောင်တွေ သွားမယ်.."

ဆက်ပြောနေလဲ သူပဲ ခံရမှာမို့ ဇော်သူရ ဟိုကောင်တွေကို သွားဖို့လှည့်ပြောကာ လှည့်အထွက် ရှေ့ကလာတဲ့ လူနဲ့ တိုက်မိတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြင့်ဖြင့်နဲ့ တိုက်မိတဲ့ လူကို လှည့်မဲမိပါသည်။

"ဘယ်လို လူလဲကွ လူတစ် .. ဟာ!... ဆရာ ကန်တော့ .. ကန်တော့ .."

ဆရာက နားလည်ကျေအေးပေးတဲ့ အပြုံးနဲ့ ...

"ရပါတယ်ကွာ .. သွားကြ ..သွားကြ .."

ဟိုဟာမလေးတွေ အားလုံးက ပါးစပ်ကို လက်ဝါးနဲ့အုပ်ကာ တခွီးခွီး ရယ်ကြပါသည်။

ကျွန်တော်လဲ မကျေမနပ်နဲ့ လှည့်ထွက်ခဲ့ပါသည်။

ကျော်ကြီး ဆီရောက်တော့ ကျော်ကြီး နဲ့အတူ ကန်တင်းထိုင်ရင်း ဒီအကြောင်းတွေကို ပြောပြတော့ ကျော်ကြီး က တခွီးခွီး ..။

"မင်းကွာ .. ဖြစ်မယ့်ဖြစ်တော့လဲ ငါတို့မေဂျာက ပူးတွဲကွင်းနဲ့မှ ဖြစ်ရတယ်လို့ .."

"ဘာ!... ပူးတွဲကင်း .."

"စပိတ်ကင်းနဲ့ ဒိုင်းမွန်းကင်းလား .."

"အရေးထဲ ဖဲသမားက တမျောင့် .. ဒါက ဒီလိုရှိတယ် ..၊ သူတို့နှစ်ယောက်က ညီအစ်မဝမ်းကွဲတွေ .. တည့်ချင်ယောင်ဆောင်ပြီး မတည့်ကြဘူး .."





"ကျော်ကြီး .. မင်း စကားကြီးကလဲ .."

မင်းထွဋ် က နားရှုပ်ဟန်နဲ့ပြောတော့ .. ကျော်ကြီး က ရယ်ပြီး ခေါင်းညိတ်ကာ ...

"ဟုတ်တယ်ဟ .. ငါ လိမ်မပြောဖူး ..၊ သူတို့က ပါးစပ်ကသာ ဖွင့်မပြောကြတာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်နေကြတာကွ .."

ကျော်ကြီး စကားကြောင့် ဇော်သူရ မျက်လုံးပြူးမိကာ ...

"ဗုဒ္ဓေါ!... ဒါဆို .. ငါ့ကို ဒုက္ခပေးဖို့ သူတို့နှစ်ယောက်ပြိုင်နေကြတာပေါ့ .. ဘုရားရေ .. သားတော်ကို ကယ်ပါ .."

သူ အလန့်တကြားနဲ့ ပြောမိတော့ ဟိုကောင်တွေ (၄)ယောက်က တဟားဟားနဲ့ ပွဲကျနေပါသည်။ ကျော်ကြီး သူ့ကို ရယ်စရာသတ္တဝါလို ကြည့်ပြီး ...

"အဲဒါတော့ မဖြစ်နိုင်ဖူး ထင်ပါတယ်ကွာ .. တိုက်ဆိုင်သွားလို့ဖြစ်မှာပါ ဇော်သူရ ရာ .."

"အကြောင်းကလဲ တိုက်ဆိုင်လွန်းပါတယ်ကွာ .. တစ်ခါဆိုလဲ တော်သေး .. ဖြစ်လိုက်ရင်လဲ .. အဲဒီ ညီအစ်မနှစ်ယောက်နဲ့ ရှေ့ဆင့်နောက်ဆင့် .. ပြီးသွားရင်ကြည့် ငါပဲ ခံရတာ .."

ကျွန်တော်စကားကြောင့် ကျော်ကြီး ပြုံးတုံ့တုံ့နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သူရ .. တချို့ဆို အဲဒီလိုကို ပတ်သက်ချင်လွန်းလို့ ဓာတ်လမ်းဖန်တာတောင် မရကြဖူးဟ ..၊ မင်း ကုသိုလ်ကံကိုက လောက်စာလုံး တစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ကို ကာတင်နဲ့ပစ်တာ ဟ .. နည်းတဲ့ ကုသိုလ်ကံ မဟုတ်ဘူး .."

"အေးလေ .. သူကပဲ နာရတယ် ရှိသေး .."

"ဘာကွ!... အဲဒီလောက် ပိုးစိုးပက်စက်ဖြစ်တာ .. မသေရုံ တမယ်ပါကွာ .. မနာဖူးလို့ ရွံ့မဲ့မဲ့နဲ့ ပြောရမှာလား .."

"သူငယ်ချင်းကလဲ မင်း ကောင်းစားဖို့အတွက် ပြောတဲ့ဟာကို .."

"အေးလေ .."

"နေပါကွာ .."

ကျွန်တော် မကျေမနပ်နဲ့ပြောတော့ ဟိုကောင်တွေက ဘာမှန်းကို မသိ ပြုံးစေ့စေ့နဲ့ ကျွန်တော်ကို ကြည့်ကာ ခေါင်းတညိတ်ညိတ်..။





ခဆောင်းဝေဝေ တို့အုပ်စုနဲ့ နွေသဒ္ဒါ တို့အုပ်စု ကန်တင်းထဲမှာ ဟိုဘက်ဝိုင်း .. ဒီဘက်ဝိုင်း ထိုင်ရင်း နွေသဒ္ဒါ တို့အုပ်စုထဲက အေးစန္ဒာ က လှမ်းပြောပါသည်။

"ဆောင်းဝေ .. နင်နဲ့ သဒ္ဒါ နဲ့ အဲဒီလူကို တမင်ပဲ ဒုက္ခလိုက်ပေးနေတာလား .."

အေးစန္ဒာ စကားကြောင့် ဆောင်းဝေဝေ က ရယ်သည်။

ဆောင်းဝေဝေ ဘေးမှာ ထိုင်နေတဲ့ ဖူးဖူး က မျက်မှောင်ကုတ်စဉ်းစားရင်း ...

"အေး .. ငါလဲ မေးမလို့ .. နင်တို့နှစ်ယောက်က တမင်ရည်ရွယ်ချက်ရှိရှိနဲ့ အဲဒီလူကို ဒုက္ခလိုက်ပေးနေသလိုပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းဝေဝေ ရေ .. နင်နဲ့ ငါနဲ့တော့ အပြောခံနေရပြီ ဟေ့.."

"အေးပေါ့လေ .. သူတို့ပြောမယ်ဆိုလဲ ပြောစရာပဲ ..၊ ဒီလူကလဲ ငါတို့နဲ့တွေ့ရင် အမြဲတမ်း ခံနေရတာကိုဟ .."

သဒ္ဒါ စကားကို ဆောင်းဝေဝေ ကလဲ လက်ခံပါသည်။

အဲဒီလူကိုက သူမတို့အတွက် ဝဋ်ကြွေးများ ပါလာသလား မသိပါ ..။

"တကယ်ပါပါဟယ် .. မသိရင် တို့နှစ်ယောက်က ဒီလူ ဒုက္ခ ရောက်ဖို့ အကွက်ကျကျ စီစဉ်ထားသလို ဖြစ်နေတော့ ထင်ချင်စရာ ကို ဖြစ်နေတာပေါ့ .."

"လူနာမည်ကသာ ဇော်သူရ တကယ့်ဒုက္ခသုက္ခ ပုဂ္ဂိုလ် ..၊ ဒုက္ခ သုက္ခလို့ ပေးရမှာ .."

အိသက် စကားကြောင့် ဆောင်းဝေဝေ တို့ ရယ်ပါတော့သည်။ ဖွားဖွား က ပြုံးစေ့စေ့နဲ့ ...

"နှစ်ကြိမ်နှစ်ခါ ဒုက္ခပေးမိ ပြဿနာပေးမိတာတော့ ထားပါ တော့ .. သုံးကြိမ် သုံးခါဆိုရင်တော့ ဒုက္ခပေးရာကနေ အဟမ်း .. စေတနာ တွေ .. ဝေဒနာတွေ .."

"ဝေးပါသေးတယ် ဖွားဖွား ရယ် .. ငါ ရွေးချယ်မယ့် ပုဂ္ဂိုလ်မျိုး





[...]မှာ ဒီလိုပုံစံမျိုး စာရင်းထည့်မထားဘူး ..၊ နင်တို့ ဆောင်းဝေ [...]သောထားကတော့ မသိဘူး .."

"တော်ပါပါဟယ် .. ဒီလို ဒုက္ခ သုက္ခကို နင်ပဲ ယူလိုက် .."

ဆောင်းဝေ ရှုရှုဆောင့်ဆောင့်နဲ့ ငြင်းတော့ ..၊

အေးစန္ဒာက ...

"အေးနော် .. ဒီလူကို နင်တို့နှစ်ယောက် ငြင်းထား ပြီးပြီနော်.. [...]င်တို့ မလိုချင်တဲ့အတွက် ငါ ယူလိုက်မယ် .."

"ဟဲ့ .. အဲဒီလို မောင်ပိုင်စီးလို့ ရမလား .. ငါလဲ ပါမှာပေါ့.."

ရွှေဇင်မိုး စကားကြောင့် အိသက် ...

"အောင်မယ် .. ဒုက္ခ သုက္ခကို ထိရဲရင် ထိကြည့် .. မီးပွင့်သွား[...]ယ် .. ဘာမှတ်လဲ အိသက် တဲ့ .."

"အိသက်တွေး မီးပျက်တာတွေ မသိဖူး .. ငါလဲ ဝင်တန်းစီး [...]တဲ .."

တစ်ယောက်နဲ့တစ်ယောက် ရှုတ်နောက်နောက်နဲ့ ပေါက်တတ် [...]ရ ပြောနေကြတော့ ဆောင်းဝေဝေ က ...

"ဟဲ့ .. မိန်းမဈေး ကျလိုက်တာဟယ် .. ကိုယ့်ကိုယ်ကိုယ်လဲ [...]န်ဖိုးထားကြပါဦးဟဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဈေးကျလို့ ယောကျ်ားဈေးထဲ ဝင်ကြည့်တာပေါ့ဟဲ့ .. ဟိုစကားတောင် ရှိသေးတယ် .. ယောကျ်ားတစ်ကောင် ဘယ်လောက်ပေးရလဲ .. ငါးမူး တစ်ကျပ် ပေးရတယ် ..၊ ငါ့ကို ပြန်ရောင်းမလား.. မရောင်းဘူး .. မေမေ ဆူလိမ့်မယ် .."

အေးစန္ဒာ စကားကြောင့် အားလုံး တဟားဟား ..၊

အေးစန္ဒာ က တကယ့်လူပြောင် .. အဲ .. မိန်းမပြောင် ..၊





ဝိုးအတွက် .. ဝေပါ ...

ဝိုးအတွက် ပွင့်ပါ ...

ဝိုးအတွက် ကြွေပါ ...

အချစ်တွေ ထုံမွှမ်းနေတဲ့ ဥယျာဉ်ထဲ

မေတ္တာတရား ပြုစုပျိုးထောင်သူသာ လာပါ ..

အမုန်းမည်းမည်းနဲ့ အရှုံး တိုးဝေဝေးတာ တိမ်တွေ ဝေးဝေး

ဝိုးရင်ခွင် ဝိုးရင်ပြင်တစ်ခုလုံး

ထုံမွှမ်းနေအောင် ဝေပါ ...

ပွင့်ပါ ...

ကြွေလွင့်ပြီပါ ...။





www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ် ပျက်ကျလို့ .."

"ကားတိုက်တာ .."

"ဟာ .. ဘာတွေလဲ ဗျာ .."

ဆရာဝန်လေးက ဝေလွှင်ဖိုး နဲ့ မင်းထွဋ် စကားကြောင့် နားမရှင်းနိုင်ပဲ ဖြစ်နေပါသည် ..။ ဖြစ်လာပုံလဲ ကြည့်လေ ဇော်သူရ သူ့နားထင်စောင်း အုပ်ကိုင်ထားပါပြီ .. ခြေထောက်က ထော့နင်းထော့နင်း ..။ ပြီးတော့ သူ့ကို ထိန်းပြီး တွဲလာသူက အဲဒီဆရာဝန်လေး ဖွင့်ထားတဲ့ ဆေးခန်းရဲ့ မလှမ်းမကမ်း မြို့နှစ်မြို့က နတ်သမီးလေးနှစ်ယောက် ..။ ဆရာဝန်လေးတောင် မယောင်မလည်နဲ့ ကျိတ်ပိုး .. ပိုးနေခဲ့တဲ့ ဒီလမ်းရဲ့ အလှနတ်သမီးတွေလေ ..။

"ဒီလိုပါ ဆရာ .. လေယာဉ်ပျက်ကျတုန်းမှာ ကားက ဝင်တိုက်တော့ ဆရာပဲ စဉ်းစားကြည့်လေ .."





ဆရာဝန်လေး ခေါင်းတဖျင်းဖျင်းကုပ်တော့ ဝေလွှင်ဖိုး က ...

"မင်းထွဋ် .. မင်း ပြောတာ ဆရာလေး နားမလည်ဘူးကွ ..၊ ငါ ရှင်းပြလိုက်မယ် ..၊ ဒီလိုပါ ဆရာ .. ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ဒီလမ်းထဲကနေ အမှတ်မထင် ဖြတ်လျှောက်မိစဉ်မှာ 747-လေယာဉ်တစ်စီးဟာ .. ပေပေါင်း .."

"ခင်ဗျားတို့ ဘာတွေ လာပြောနေတာလဲ .."

ဆရာဝန်လေး စိတ်ရှုပ်ရှုပ်နဲ့ပြောတော့ ဇော်သူရ ကို ညာဘက်က တွဲထားတဲ့ ဆောင်းဝေဝေ က ဇော်သူရ ခေါင်းကို အုပ်ထားတဲ့ လက်ကို ဖယ်ကာ ...

"ဒီခေါင်း ပေါက်သွားတာလား... ကျွန်မ ရှိမှ ကွန်ထရိုးနဲ့ မောင်းနေတဲ့ ကစားစရာ လေယာဉ်ပျက်ကျလို့ ခေါင်းပေါက်သွားတာပါ .."

"သြော် ..."

ဆရာလေး အခုမှ သက်ပြင်းနဲ့ သဘောကို ရောချမိပါသည်။ ဘယ်ဘက်က နွေသဒ္ဒါ က ဇော်သူရ နဲ့ ဘယ်ခြေမကို ပြကာ ...

"ကျွန်မရဲ့ ကွန်ထရိုးကားနဲ့ တိုက်မိလို့ ခြေသန်း လန်သွားတာပါ ဆရာ .."



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လေး ရယ်မိတော့ .. ဇော်သူရ က ...

"ဆရာမို့လို့ ရယ်နိုင်တယ် .. ဒီမှာက ဒဏ်ရာတွေနဲ့ ရယ် မရယ်နိုင်ဘူး .."

"ကဲပါ ဗျာ .. နည်းနည်းပါးပါးလေးပါဗျာ .. ဆေးထည့်ပေး မယ် ..၊ မသိဖူးလေ ဗျာ .. လေယာဉ်ပျက်ကျတာရော ကားတိုက်တ ရော ဆိုတော့ .. လူဘယ်နှစ်ယောက်လောက် သေလဲ .. ဘာဖြစ် ခေါင်းရှုပ်နေအောင် ဖြစ်သွားတာပေါ့ဗျ .."

ဆရာဝန်လေးက ခေါင်းက ဒဏ်ရာကို ဆေးထည့် ပေး ပလတ်စတာနဲ့ ကပ်ပေးနေတာကို ကြည့်နေတဲ့ နွေသဒ္ဒါ က ...

"ဒါနဲ့ ရှင်တို့က ဘာလို့ ဒီလမ်းထဲ ရောက်လာတာလဲ .."

"ဆရာမ အိမ် လာတာ .."

"ဘယ် ဆရာမလဲ .."

နွေသဒ္ဒါ အမေးကြောင့် ဇော်သူရ က ဒဏ်ရာ ဆေးထည့်နေ ကြားက ...

"ဆရာမ ဒေါ်မိုးမိုးချစ် .."

ဇော်သူရ စကားကြောင့် .. သဒ္ဒါ နဲ့ ဆောင်းဝေ မျက်မှုံးမြင့်တ သွားကြပါသည်။





ဆရာမ ဒေါ်မိုးမိုးချစ် ဆိုတာ .. သူမတို့ရဲ့ အဒေါ်လေ ..၊ ဒေါ်လေးမိုး က အထက်တန်းပြ ဆရာမ ..။

"ရှင်က .."

ဆောင်းဝေ ရဲ့အမေးစကားကြောင့် မင်းထွဋ် က အခုလို ဝင်ပြော ပါသည်။

"ဆရာမက .. ကျွန်တော်တို့ ဆယ်တန်းတုန်းက ကျွန်တော်တို့ အတန်းပိုင်လေ .."

"သြော် ဒီလိုလား .. ရှင်တို့ဆရာမက ကျွန်မတို့ရဲ့ အဒေါ် ရှင့် .."

"ဗျာ!..."

မင်းထွဋ် တို့ အံ့သြသွားပုံကြောင့် .. ဆောင်းဝေ တို့က ရယ် သည်။ ဆေးထည့်တဲ့ကိစ္စ ပြီးစီးသွားတော့ ဆရာဝန်လေးက အခု လို ဆိုသည်။

"ခင်ဗျား ဒဏ်ရာပျောက်သွားရင် လေကြောင်းရန် ကာကွယ်ရေး သင်တန်းတို့ ..၊ ယာဉ်စည်းကမ်း ..၊ ကားစည်းကမ်းသင်တန်းတို့ တက်ထား ဗျ .."

ဆရာဝန်လေး စကားကြောင့် ဆောင်းဝေ နဲ့ သဒ္ဒါ ရုက်ရှော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပါသည်။ ဇော်သူရ ကတော့ ဆောင်းဝေ တို့ဘက် ကြည့်ကာ ပန်းတွန့်ပြီး ...

"သင်တန်းတက်စရာ မလိုပါဘူး ဆရာရယ် .. သူတို့နှစ်ယောက်နဲ့သာ မတွေ့မိစေနဲ့ ...၊ ကျွန်တော် အန္တရာယ်ကင်းပြီ .. စိတ်ချ .."

"ဗျာ!..."

ဆရာဝန်လေးက ဇော်သူရ စကားကြောင့် အံ့သြနေမိသည်။ ကျန်တဲ့သူတွေကတော့ အကြောင်းသိတွေမို့ မအံ့သြ ..။

"ရှင်ကလဲ မတော်တဆ ဖြစ်တဲ့ဟာလေးကို အကဲပိုနေတယ်.."

"အေးလေ.. အခန့်မသင့်လို့ ဖြစ်တဲ့ဟာကို .. ဘယ်သူက တမင် လုပ်လို့လဲ .."

ဆောင်းဝေ နဲ့ သဒ္ဒါ မကျေမနပ်နဲ့ ပြောတော့ ဇော်သူရ မျက်လုံး အပြူးသားနဲ့ ..။

"ဗျာ!... မတော်တဆ .. အခန့်မသင့် ..၊ ဟုတ်ပါတယ်.. ကျွန်တော်ကိုက ခင်ဗျားတို့နှစ်ယောက်နဲ့ ဆုံမိတာကိုက .. မတော်တဆနဲ့ အခန့်မသင့်တာပါ ဗျာ .."

ဇော်သူရ အမြင်ကပ်ကပ်နဲ့ ပြောတော့လဲ သဒ္ဒါ တို့က သဘောကျစွာ ရယ်ပါသည်။





"ကဲ .. သွားလိုက်ဦးမယ် .."

ဇော်သူရ သွားဖို့ ပြင်ဆင်တော့ ...

"ဆရာ ဆေးဖိုး ဘယ်လောက်ကျလဲ ဟင် .."

သဒ္ဒါ က ဆေးဖိုးကျန်ငွေကို ရှင်းဖို့ပြောတော့ .. ဆရာလေးက ခေါင်းခါကာ ...

"ဘာမှ မဟုတ်တဲ့ ဒဏ်ရာလေးမို့ .. ကျွန်တော် ဆေးဖိုးမယူ တော့ပါဘူး ..၊ နောက်တစ်ခါမှပဲ ပေးတော့ ..."

ဇော်သူရ ဆရာဝန်လေး စကားကြောင့် မျက်လုံးအပြူးသားနဲ့ ...

"ဟာဗျာ .. ဆရာကလဲ နောက်တစ်ခါလဲ မလာရပါစေနဲ့တော့ ဗျာ .. သွားပြီ .."

ဇော်သူရ ပြောပြီး တစ်ချိုးတည်း လစ်တော့ ဆရာဝန်လေးနဲ့ ဟိုနှစ်ယောက် တဟားဟား ရယ်ကျရင်း ကျန်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသူရ .."

ဇော်သူရ လို့ ခေါ်မလို့ပါပဲ .. ပါးစပ်က လွှတ်ခနဲ ကိုသူရ လို့ ခေါ်မိပါသည်။

ဇော်သူရ လှည့်ကြည့်တော့ .. သဒ္ဒါ နဲ့ သူမအဖွဲ့ဝင် နှစ်ယောက် ကန်တင်းထဲမှာ ..။

ကျွန်တော် ဆိုင်ထဲဝင်ရင်း လွှတ်နေတဲ့ ခုံမှာဝင်ထိုင်တော့ ...

"နေ .. နေဦး .."

"အောင်မလေးဗျ!..."

ထိုင်လိုက်တော့ ခုံက ခပ်နဲ့နဲ့မို့ ဟန်ချက်ပျက်သွားကာ လန့်ဖျပ်ပြီး ပြန်ထလိုက်ရပါသည်။





သဒ္ဒါ တို့က တခွီးခွီး ..၊

"ကဲကောင်းလို့ပေါ့ .. ကိုသူရ ရယ် .. ဒီက လှမ်းတားမလို့ဟာ .. ရှင်ကိုက ဖြစ်ကို ဖြစ်ရမယ် .. တကယ်ပဲ ရှင် .."

ကျွန်တော်လဲ အရှက်ပြေရယ်ကာ .. ဘေးနားက ဝိုင်းက ခုံလွှတ်တစ်ခုကို သေသေချာချာ စစ်ဆေးပြီးမှ ထိုင်လိုက်ပါသည်။

"အေးပေါ့ဗျာ .. ခင်ဗျားတစ်ယောက်ထဲနဲ့ တွေ့လို့ ထင်တယ်.. ဒုက္ခ အားနဲ့ပါးနဲ့ မရောက်လိုက်ဘူး ..၊ နှစ်ယောက်ပေါင်းမှ ဒုက္ခက အားကောင်းတာ ထင်တယ်ဗျ .."

သဒ္ဒါ ကိုသူရ စကားကြောင့် သဘောကျစွာ ပြုံးပြီး ...

"ကဲ .. ကိုဒုက္ခ သုက္ခ .."

"ဗျာ!..."

ကျွန်တော် သဒ္ဒါ စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားတော့ အိသက် က ...

"ရှင့်ကို ကျွန်မတို့ရော ဆောင်းဝေ တို့ကပါ ရှင့်ကွယ်ရာမှ ရှင့်နာမည်ကို ဒုက္ခ သုက္ခလို့ နာမည်ပေးထားတာ .."

"ကွယ်ရာဆိုတော့ အတင်းပေါ့ .."

"ဟင့်အင်း .. အေးအေးဆေးဆေး ပြောကြတာပါ.."



www.burmeseclassic.com

www.burmeseclassic.com



အေးစေ့ွာ ကလဲ နောက်ရှုတ်ရှုတ် ဝင်ပြောတော့ သဒ္ဒါ က ...

"ကဲပါ .. ရှင် ဘာသောက်မလဲ .."

"ဗျာ .. အရက်လား မလုပ်နဲ့ဗျာ .. ကျောင်းထဲမှာဟာကို လူမြင်လို့ မသင့်တော်ပါဘူး ..."

"ရှင်လဲ .. လူပျော်ပဲ .."

"အစတုန်းကတော့ အခဲဗျ .. ဆောင်းတွင်းမို့လို့နဲ့တူတယ် .."

"ရှင်!..."

"ဟို .. နွေရာသီရောက်မှ ပျော်ကျသွားတော့ .. လူပျော်ပေါ့ဗျာ .."

ဇော်သူရ ရဲ့ ပေါက်တတ်ကရ စကားကြောင့် သဒ္ဒါ က မျက်စောင်းထိုးပါသည် ..။

"လက်ဖက်ရည် ကျစိမ့် တစ်ခွက် .. ရှိုးရှိုးနော် .."

ဇော်သူရ က အနီးနားက ချာတိတ်ကို လက်ခုပ်တီးကာ လှမ်းပြောတော့ အဲဒီချာတိတ်က ဇော်သူရ နားကို လျှောက်လာရင်း ...

"ဘာပြောတာလဲ .."

ဇော်သူရ က စိတ်မရှည်ဟန်နဲ့ ...

"မင်းကွာ .. စားပွဲထိုးဖြစ်ပြီး .. အရိပ်သုံးပါး နားမလည်ပါလား





မင်းလို စားပွဲထိုးတွေကြောင့် ဆိုင်ရှင် စိတ်မရှည်တာ .."

"ဘာကွ .. မင်း ငါ့ကို ဘာကောင်ထင်လဲ .. ငါက ကျောင်းသားကွ .."

"သောတနီ က ဘီတနော် . အဲလေ တတိယနှစ်က ..သက်ရှည် ဆိုတာ ငါပဲ ကွ .."

"ဗျာ!... ဗုဒ္ဓေါ ဘုရားရေ .."

ဇော်သူရ မျက်လုံးပြူးသွားပြီး အသေအချာကြည့်တော့မှ .. ဟုတ်ပါ့ အသက်ကြီးပုလေး ..၊ ဝတ်ထားတာ ခပ်မှိုင်းမှိုင်းဝတ်စုံဆိုတော့ အထင်အမြင် မှားမိတာပေါ့ ..။

"ကိုကို .. ဘာဖြစ်နေတာလဲ .."

အဲဒီအခိုက်အတန့်မှာ ဒီငပုထက် အရပ်မြင့်မြင့် ကောင်မလေးတစ်ယောက်က အနားရောက်လာပြီး သက်ရှည် ဆိုတဲ့ လူပုကို မေးတော့ သက်ရှည် ဆိုတဲ့ ငပုလေးက ...

"ကိုကို့ကို ဒီကောင်ကွာ စားပွဲထိုးနဲ့ မှားရတယ်လို့ .."

"ဘာ!... ကိုကို့ကို စားပွဲခင်းနဲ့မှားတယ် ဟုတ်လား .."

အဲဒီ လန်းဘားမမ စကားကြောင့် ငပုလေး ဝတ်ထားတဲ့အကျီကို ကြည့်ပြီး တခွီးခွီးနဲ့ ရယ်မိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုငပုလေးခမျာ မျက်နှာ အပျက်ပျက်နဲ့ ...

"ဟာကွာ .. အချစ်ကလဲ စားပွဲထိုးပါ .. စားပွဲခင်း မဟုတ်ပါဘူး ..."

"အို .. စားပွဲထိုးဖြစ်ဖြစ် စားပွဲခင်းဖြစ်ဖြစ် နှစ်ခုစလုံးက မတိမ်းမယိမ်းပါပဲ .."

ကိုငပုလေးရဲ့ မလန်ဘားက သူ့အသည်း ပုပုလေးအတွက် ဒေါသတွေ စွတ်ထွက်နေတော့ သဒ္ဒါ က ဝင်တောင်းပန်ရပါသည်။

"မဟုတ်ပါဘူးရှင် .. အဲဒီအစ်ကို ငပုလေး က .."

"ဘာ!..."

စကားက မှားသွားတော့ .. ကိုငပုလေးက ပိုဒေါသထွက်လာပါသည်။ သဒ္ဒါ လဲ ကမန်းကတမ်း ထပ်တောင်းပန်ရပါသည် ...။

"ဟို .. ဟို .. ကိုသက်ရှည် ကို မတော်တဆ မှားယွင်းခေါ်မိတာပါ .. စိတ်မရှိပါနဲ့ .. ကိုစိတ်ရှည် .. အဲ .. ဟို .. ကိုသက်ရှည် .."

"မင်းတို့ကွာ ..ပြောရင်း ပြောရင်း ဝါ့ဒေါသ ပုလာ .. ဟာ!.. ဒေါသထွက်လာပြီ ..၊ လာ အချစ် .."

ကိုသက်ရှည် ဆိုတဲ့ ပုဂ္ဂိုလ် မမှီမကမ်းနဲ့ သူ့ကောင်မလေးလက်ကို တုံးခုလှမ်းတာ လက်ဆွဲပြီး ထွက်သွားပါသည်။





"တော်သေးတာပေါ့ဗျာ .. ခင်ဗျား အချိန်မှီ ဝင်ရှုပ်လိုက်လို့.."

"အောင်မယ် .. ဒီက ဝင်လဲ ကူပြောပေးရသေးတဲ့ဟာကို .."

"ခင်ဗျား ပြောမှ ဟိုငပုက စိတ်ပု .. အဲ .. စိတ်တိုသွားတာကို.."

ကျွန်တော့် စကားကြောင့် အေးစန္ဒာ က ...

"ကိုဒုက္ခသုက္ခ တို့ကတော့ ဖြစ်လိုက်ရင် အဆန်းကြီးပဲ ..၊ တာကယ်ပဲရှင် .."

"တော်ပြီ .. တော်ပြီ အမြန်သောက်ပြီး .. ခင်ဗျားဘေးက အမြန်သစ်တာ ကောင်းမယ် ..သွားပြီဗျို့ .. လက်ဖက်ရည်ဖိုးတော့ ရှင်းပေးနေတော့ဘူး .."

ဇော်သူရ လက်ကျန် လက်ဖက်ရည်ကို မော့သောက်ပြီး လစ်ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံမကောင်းရင် ကံဆိုးမှုတွေဟာ အပေါင်းအဖော်နဲ့ ယှဉ်တွဲမနဲ့ ဆွေမျိုးတစ်သိုက် အလည်လာသလို ကြုံတော့တာပဲလို့ ရှေ့တုန်းက ရှေးလူကြီးတွေ ပြောသွားတာ သိပ်ကို မှန်တာပေါ့။

လူက အပူငုပ်နေလို့လား .. ခန္ဓာကိုယ်ထဲက ပလပ်တစ်ခု လွှတ်နေလို့လား မသိ ...၊ လည်ချောင်းတွေ နာပြီး အသံက မထွက် ...၊ ဖျားတာနာတာတော့ မရှိ .. လူက အကောင်းကြီး .. ထားပါ ...၊

ကိစ္စတစ်ခုနဲ့ လူသူပြတ်တဲ့ ဤနေရာကို တစ်ယောက်တည်း လျှောက်လာရင်း ကားတစ်စီးနဲ့ လူနှစ်ယောက်နားကို ရောက်သွားပါတယ် ..။ ကားက ပျက်နေဟန်ရှိပြီး လူကတော့ မပျက်ပါ ..။

လူကြီးလူကောင်းဟန်အပြည့် တိုက်ပုံနဲ့ အကောင်းစား ပုဆိုးကို ဝတ်ဆင်ထားတဲ့ ထိုလူကြီးနှစ်ယောက် အထူးသည့်ခံပွဲ တစ်ခုခုက





ပြန်လာတာ ဟုတ်ချင် ဟုတ် ...၊ မဟုတ်ရင်လဲ သူတို့သဘောနဲ့ သူတို့ ဝတ်လာတာပဲ ဖြစ်မည် ထင်သည်။

ထိုလူကြီးက အဝေးကတည်းက ကျွန်တော့်ကို ကြည့်ပြီး တိုးတိုး .. တိုးတိုးနဲ့ ပြောနေကြပါတယ် ..။

ကျွန်တော့်ကို သူတို့ရဲ့ သမက်လောင်းအဖြစ် ရွေးချယ်ချင်လို့လား .. ဘာလားလဲ ပြောချင် ပြောနေမှာပေါ့ ...၊

အနားရောက်တော့မှ တကယ်တကယ်စင်အောင် လွဲမှန်း သိလိုက်ရပါသည်။

"ငါတူကြီး .. ခဏ .."

အဲ့သံကတော့ ချိုအိနေတာပဲ ...၊

"မင်း .. အချိန်ရလား .."

"အစ်ကိုကြီးကလဲ လိုရင်း ပြောလေဗျာ .."

ညီဖြစ်သူ ထင်သူက ဘေးက ခပ်တိုးတိုး ဝင်ပြောတော့ .. အစ်ကိုဖြစ်သူ လူကြီးက ...

"နေပါဦးကွာ .. ချက်ချင်းကြီးဟော့ ဘယ်ကောင်းပါမလဲ .. ဒါနဲ့ ငါတူ နာမည်က .."

ကျွန်တော် အားတင်းပြီး ပြောမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဓော် .. ဥ .. အ .."

"ဘယ်လို!... ဓော်ဥအ .. ဟာ!... မင်းနာမည်ကလဲ အဆန်းပါ လားကွ .."

ကျွန်တော် ကိုယ့်နာမည်အတွက် ကိုယ် အယူစံ့ဝင်လို့လဲ မလွယ် တော့ပါ ..၊ ထားလိုက်ပါတော့လေ ..။

"ဒီလို မောင်ဓော်ဥအ ရယ် .. အန်ကယ်တို့ကို တစ်ခုလောက် ကူညီပါလား .."

ကျွန်တော် မေးလေးသာ ဆတ်ပြမိပါသည်။

"အန်ကယ်တို့ ဘီးပေါက်နေလို့ကွ .. အန်ကယ်တို့က အရှေ့ က ပြန်လာတော့ ဒီဝတ်စုံကြီးနဲ့လဲ မဖြစ်ဘူးလေ ..၊ အဲဒါ ငါ့တူကြီး များ ကူညီပေးနိုင်မလားလို့ .. ခိုင်းရမှာတော့ အားတော့နာပါတယ် ကွယ် .."

ခိုင်းရမှာတော့ အားတော့နာတယ် ပြောပေမယ့် .. မလုပ်ပေးလို့ ထွက်သွားရင် အတင်းဆွဲထားမယ်ပုံ ..၊

ကျွန်တော် စဉ်းစားနေတော့ ..၊

"နော် ..ကူညီပါ မောင်ဓော်ဥအ ရယ် .."

ကျွန်တော် တွန့်ခနဲ ဖြစ်သွားကာ .. ကားဘီးလဲဖို့ ဂျိုက်ထို





ဖို့ လက်ကိုကို လှည့်ပြတော့ အန်ကယ်ကြီးသားက အန်ကယ်လေးက အလန့်တကြားနဲ့ ...

"ဘယ်လို ကားကို ပက်လက်လှန်ရမယ် ဟာကွာ .. မဖြစ်နိုင် ဘာကွာ .."

ကျွန်တော် စိတ်ညစ်ညစ်နဲ့ ခေါင်းခါကာ ပေါက်နေတဲ့ ရှေ့ဘီး ကို လက်ညှိုးထိုးပြကာ ကားဘီးကို မ,တင်ဖို့ သရုပ်ဆောင်လုပ်ပြမှ အန်ကယ်ငယ်ငယ်က သဘောပေါက်ကာ ရယ်ရင်း ...

"ကားဂျိုက်လား .. မသိဖူးလေကွာ .. ဒါနဲ့ မောင်ဓော်ဥအ က ..နေတာကိုး .."

စိတ်ညစ်ညစ် ဘာမှမပြောရင်းတော့ပဲ နေလိုက်ပါသည်။ ကားက ..နိမ့်နိမ့် အကောင်သေးသေး ပိုးတုံးတုံးလို ကားမျိုးပေါ့ ..။

အန်ကယ်ငယ်ငယ် ယူလာပေးတဲ့ ကားဂျိုက်ကို ယူကာ ကား အောက်ကို ကုန်းဝင်ကာ ဂျိုက်ကို နေရာ ..ကာ တဖြည်းဖြည်း လှည့် သည်။ လူကြီးနှစ်ယောက်က ငုံ့ပြီး ..ကြည့်နေကြပါသည်။

ဂျိုက်က ဝက်အူရစ်တွေ သိပ်မကောင်းဘူး ထင်ပါတယ် ..။ ..နော်လဲ ကားဘီး မလွတ်တလွတ် ဖြစ်နေတော့ ပိုပြီး အထဲတိုးဝင် ..ဝက်အူရစ်ကို တဖြည်းဖြည်းနဲ့ ကားဘီးလွတ်အောင် လှည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လဲ မရ .. ဂျိုက်ရဲ့ ဝက်အူရစ်တွေက အရစ်ပြုန်းနေတော့ ...

"အ .. ဥ .."

ဂျိုက်က အရစ်ချော်ပြီး တဖြည်းဖြည်းပြန်ကျကာ ကျွန်တော်
လှုပ်လို့ရမအောင် ညှပ်နေပါသည်။

ပြန်လည်း ထွက်လို့ မရ ..၊ ကျွန်တော် ထွက်လို့ မရတာ
သိတဲ့ အန်ကယ်ကြီးက ...

"စိုးဝေ .. ရှေ့ခပ်လှမ်းလှမ်းမှာ ကိုအုန်းဖေ တို့ အိမ် ရှိတယ်
သူ့အိမ်မှာ ကားရှိတော့ ဂျိုက်တော့ ရှိမှာပဲ .. မင်း သွားယူလိုက်
ကွာ.."

"ဟုတ်ကဲ့ အစ်ကိုကြီး .. မောင်ဖော်ဥအ .. အန်ကယ် ပြန်လာ
မယ် .. ဒီအတိုင်းပဲ ခဏနေလိုက် .."

ကျွန်တော်ပုံစံက ခေါင်းလဲ ညိတ်လို့ မရ ..၊ စကားလဲ ပြော
မရတော့ ဒီအတိုင်းပဲ ငြိမ်နေလိုက်ပါသည်။

အန်ကယ်ကြီးကတော့ ကျွန်တော် မပျင်းအောင် ဟိုအကြောင်း
ဒီအကြောင်းတွေ ပြောပေါ့ ..၊ အချိန်က တော်တော် ကြာသွား
တယ်..။ အန်ကယ်ငယ်ငယ်က ပြန်ရောက်မလာ ..၊ ကျွန်တော်လဲ
အတိုင်းကြီးနေရတာ ညောင်းနေပါပြီ ..။





အန်ကယ်ကြီး စိတ်တိုလာတာပေါ့ ..။

"ဒီကောင် စိုးဝေ ကွာ .. ခိုင်းလိုက်ရင် အလုပ်ကို မဖြစ်ဘူး ..
ထူးပါဘူးကွာ .. ငါ လိုက်သွားမှ ဖြစ်မယ် ဖော်ဥအ .. ခဏစောင့်
နေ .. အန်ကယ် အမြန် ပြန်လာခဲ့မယ် .."

မြန်မြန် ပြန်လာခဲ့လို့လဲ လှမ်းပြောလို့လဲ မရသည့် အခြေအနေ
ဖြစ်ကြပေါ့ဗျာ ..၊ ဒီလိုနဲ့ပဲ အန်ကယ်ကြီးလဲထွက်သွားပါတယ်။

အချိန်တော်တော်ကြာတဲ့အထိ သွားခေါ်တဲ့သူလဲ ပေါ်မလာ ..၊
ခပြင်ကို အကူအညီတောင်းရအောင်လဲ အခြေအနေက မပေး ..၊
အသံများ ထွက်လို့တော့ ကျုံးကျုံးပြီး အော်ငိုလိုက်ချင်ပါသည်။

နောက်တော့ ကားနားကို လျှောက်လာတဲ့ ခြေသံတွေကို
ကြားရပါသည်။

"ဟဲ့ .. သဒ္ဒါ .. နင်တို့အိမ်က ကား မဟုတ်လား .."

ကျွန်တော် ဆောင်းဝေဝေ အသံကြောင့် အားတက်သွားသလို
သဒ္ဒါ အသံလဲ ကြားလိုက်ပါသည်။

"ဟုတ်တယ်လေ .. မနက်ပိုင်းလောက်ကတည်းက နင့်ဖေဖေ
အန်ကယ်စိုး နဲ့ အလှူတစ်ခု သွားကြတာ .."

"ဟဲ့ .. ကားအောက်မှာ လူတစ်ယောက် .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝေ အသံနဲ့အတူ ကားအောက်ကို ငုံ့ကြည့်ကြတဲ့ မျက်နှာနှစ်စုကို ကျွန်တော် အားတက်သရော မြင်လိုက်ပါသည်။

ဆောင်းဝေ နဲ့ သဒ္ဒါ က အံ့ဩနေတဲ့ မျက်ဝန်းတွေနဲ့ ...

"ဟင်!... ကိုသူရ .."

ကျွန်တော်လဲ နောက်ဆုံးအားလေး သုံးပြီး ...

"ဥ .. အ .. အစ် .."

ကျွန်တော့်ဆီက ထွက်ကျလာတဲ့ အသံတွေကြောင့် ဆောင်းဝေ နဲ့ သဒ္ဒါ တို့ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ...။





ကျွန်တော် ပြောပြတဲ့ အဖြစ်အပျက် ဇာတ်လမ်းစုံကြောင့် ဖူးဖူး တို့ အေးစန္ဒာ တို့ရော ဝေလွင်စိုး တို့ပါ တဟားဟား ..။

မင်းထွဋ် က မျက်ရည်စို့မတတ် ရယ်နေရင်း ...

"နင်တို့အဖေတွေက ကားကျိုင့်သွားယူကြတာ ဘာလို့ ပြန်မလာတာလဲ .. ရှင်းပြစမ်းပါဦးဟာ .."

မင်းထွဋ် မေးတော့ ပိုဆိုးတော့သည်။

ဆောင်းဝေဝေ နဲ့ နွေသဒ္ဒါ တစ်ဦးကိုတစ်ဦး ကြည့်ကာ ရယ်ကြပါတော့သည်။

"ဟဲ့ ရယ်တာ နောက်မှ ရယ်ပါဟယ် .. ပြောမယ့်အရေးကို အကယ်တည်း .."



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူး က သိချင်လွန်းအားကြီးတာမို့ အမြင်ကပ်ကပ်နဲ့ ပြောတော့ သဒ္ဒါ က ...

"ပြောပါမယ်ဟဲ့ ဒီလိုဟ .. ဆောင်းဝေ တို့ဖေဖေ ဘဘက တို့ဖေဖေကို ကားပျက်တဲ့နေ့ရာနဲ့ သိပ်မဝေးတဲ့ အသိအိမ်တစ်အိမ်မှာ ကားကျိုင့် သွားယူနိုင်းတယ် .."

"အေးလေ .. အဲဒါ ဘာဖြစ်လဲ .."

ဖော်သူရ က မနေ့ကတည်းက သိပြီးသားမို့ ပြုံးမိသည်။

"အဲဒီအိမ်က ဦးအုန်းဖေ က သူ့အိမ်နဲ့ ဘောချင်းကပ် ဘီယာဆိုင်မှာ ဖေဖေတို့နဲ့ အရမ်းခင်တဲ့ ကျောင်းတုန်းက သူငယ်ချင်း ဦးကျော်ဝင်းနဲ့ ဘီယာသောက်နေတယ် တဲ့ .."

"အဲဒါဆို ငါတို့ သဘောပေါက်ပြီ .."

ဝေလွင်စိုး က ပြုံးစေ့စေ့နဲ့ အကင်းပါးစွာပြောတော့ သဒ္ဒါ က ရယ်ရင်း ...

"ဦးအုန်းဖေ က လှမ်းခေါ်တော့ တို့ဖေဖေလဲ ဘယ်ပြောကောင်းမလဲ လာရင်းကိစ္စလဲ မေ့ ..၊ သောက်လိုက် စကားပြောလိုက်နဲ့ ဟန်ကိုကျနေတာပေါ့ ..၊ အဲဒီမှာတင် ဘဘ က စိတ်မရှည်လို့ ထပ်လိုက်သွား .. ဘဘပါ ဟိုရောက်တော့ ကားရော .. ဖော်ဥအ ရော .."





'ဖော်ဥအ"ဆိုတဲ့ အသံကြောင့် ဝါခနဲ ရယ်ကြတော့ ဖော်သူရ မျက်နှာကြီး အရဲသားနဲ့ ...

"ဝေဘက် .. အဖြစ်ကကျွာ အသံက ဝင် ..၊ လည်ချောင်းကနာ .. ကားက ပိနဲ့ .. အော်မရ ပြုမရ ..၊ ဩော် .. ကံများဆိုးချက်က သမီးတွေတင် အားမရလို့ အဖေတွေပါ တကိုညီလက်ညီ ဒုက္ခပေးကြပါလား .."

ဖူးဖူး တို့က ဖော်သူရ စကားကြောင့် တဟားဟား မင်းထွန်းက ဝင်ညှောင့်ပါသည်။

"အဲဒါပဲကွ .. ကံများဆိုးပြီဆိုရင် အုံလိုက် ကျင်းလိုက်နဲ့ လာတာဆိုတာ .."

"အေး .. ဖြစ်နိုင်တယ် .."

"ဟုတ်ပါတယ်ဟာယ် .. ဖေဖေတို့ ဘဘတို့လဲ မနေ့ကတည်းက နင့်ကို အထပ်ထပ် တောင်းပန်နေတာပဲဟာ .. ဘာလဲ နင်က စိတ်ဆိုးလို့လား .."

သဒ္ဒါ က မျက်စောင်းထိုးပြီး အမြင်ကပ်ကပ်နဲ့ ပြောတော့ ဖော်သူရ ညှောင်နာနာအသံနဲ့ ...

"နင်တို့ရော .. နင့်အဖေရော .. စိတ်မဆိုးပါဖူးဟာ .. စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတာ တစ်ယောက်ပဲ ရှိတယ် ..."

ဆောင်းဝေဝေ က အားတက်သရော မေးမိသည်။

"ဘယ်သူ့ကိုလဲ .."

"ငါ့ကိုယ်ငါ .."

သဒ္ဒါ နဲ့ ဆောင်းဝေ ဇော်သူရ စကားကြောင့် ပထမဦးဆုံး အမ်နေဖြင့် သနားမိတာ အမှန်ပါ ...။

"နင်ကလဲဟယ် .. ရည်ရွယ်ချက်ရှိရှိ ဖြစ်တဲ့ကိစ္စမှ မဟုတ်တာ မတော်တဆပဲဟာ .."

"အေးကွာ .. ဒီကောင် ကံကလဲ နင်တို့နှစ်မိသားစုနဲ့တွေ့မှ ကံက ဆိုးရတယ်လို့ .. ကြား မကြားဖူးပါဘူးကွာ .."

"အေးလေ .. အပြင်လူတွေနဲ့ကျတော့ ဘာမှမဖြစ်ဘူး .."

"ဒီလို လုပ်ပါလား .."

တစ်ယောက် တစ်ပေါက် ဝိုင်းဝေဖန်နေကြရင်း .. ဝေလွှင်နိုး ရဲ့စကားကြောင့် အားလုံး စိတ်ဝင်တစား ဖြစ်သွားပါသည်။

"ပြောပါဦး ပေါက်ကရ .."

ရွှေခင်မိုး က ဝေလွှင်စိုး အကြောင်း သိနေသူမို့ ခပ်ရွှံ့ရွံ့ ပြော တော့ ဝေလွှင်စိုး က ရယ်ကျဲကျဲနဲ့ ...





"မင်း သူတို့နှစ်ယောက်နဲ့ဖြစ်ဖြစ် .. သူ့အဖေနှစ်ယောက်နဲ့ဖြစ် ဖြစ်.. နောက်ဆုံးကွာ .. သူ့အမေနှစ်ယောက် ..၊ သူတို့အိမ်က အိမ်ဖော် နှစ်ယောက် ဆုံမိရင် အန္တရာယ်ကြုံသိနိုင်တဲ့ ရေဒါ ခေါင်းမှာ ကပ် ထား .. အဲဒါဆို စိတ်ချရပြီ .."

"ငါ ထင်သားပဲ .."

"ဘာလဲ နင့်ကို ရည်းစားစကား ပြောမှာကိုလား .."

"သေနာ နော် .."

"ဘာ .. ကြင်နာမယ် နော် .."

ရွှေခင်မိုး ဝေလွှင်စိုး စကားကြောင့် ရှက်ရှက်နဲ့ ရေနွေးတွေ ကောက်သောက်တော့ ...

"ဖူး .. အား!..."

ရွှေခင်မိုး ရဲ့ ဖြစ်ပုံတွေကြောင့် ကန်တင်းမှာ သူတို့ရယ်သံတွေ ဆူညံသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်း .. သူတို့နှစ်ယောက်ကို စိတ်မဝင်စားဖူးလား ..”

“ဟမ် ..”

ရုတ်တရက်မို့ ဇော်သူရ အငိုက်မိသွားတာ အမှန်ပင် ..၊

ဒီနေ့ ကျောင်းပိတ်ရက်မို့ သုံးယောက်သား အိမ်ရှေ့ခြံဝန်းလေးထဲက ကွပ်ပျစ်မှာ အေးအေးဆေးဆေး ထိုင်စကားပြောရင်း မင်းထွဋ် ရဲ့ မဆီမဆိုင်စကားကြောင့် ဇော်သူရ ဘာဖြေရမှန်း မသိကြောင်တောင်တောင် ဖြစ်သွားပါသည်။

ဝေလွှင်စိုး ကလဲ ဘေးက ဘေးတီးပေးပါသည်။

“ဟုတ်တယ် .. ငါလဲ ဒီကောင် ပြောတဲ့အတိုင်း မေးမယ် .. မေးမယ်နဲ့ မမေးဖြစ်ဖူး .. ဘယ်လိုလဲ ဟေ့ကောင် ..”





“ငါ့အထင်တော့ ဆောင်းဝေဝေ က နှင်းကလေးလို လှတယ်ကွ .. မင်းနဲ့ဆို ပိုအဆင်ပြေတယ် .. သူရ ..”

“ဟာကွာ .. တကယ်တမ်းကြည့် နွေသဒ္ဒါ ကမှ နွေလေပြည်ရဲ့ လေညင်းလေးလို လှတာကွ ..”

“ဟာကွာ .. ဆောင်းဝေဝေ က လှတာ ..”

“ဟေ့ကောင် .. သဒ္ဒါ က ပိုလှတာ ..”

“မင်းနဲ့ ငါ ဘာကြေး လောင်းမလဲ ..”

“လောင်းမယ်ကွာ .. နှမပေးကြေး ..”

ဝေလွှင်စိုး စကားကြောင့် မင်းထွဋ် နှာတင်းသွားပါသည်။

ဟုတ်တယ်လေ ..၊ ဝေလွှင်စိုး မှာ ညီတစ်ယောက် အစ်ကိုတစ်ယောက် ရှိပြီး မင်းထွဋ် မှာက ညီမတစ်ယောက်နဲ့ အစ်မနှစ်ယောက် ရှိသည်။

ဝေလွှင်စိုး က စပ်ဖြီးဖြီးနဲ့ ...

“မင်းကွာ .. နာရတယ် ရှိသေး ..၊ ငါ နိုင်ရင် မင်းအစ်မကို ငါယူမယ် .. ငါရှုံးရင် ငါ့ညီကို မင်းညီမနဲ့ ပေးစားလိုက် .. အိုကေ ..”

“ချွေး အကောင်းစား ..”

မင်းထွဋ် မကျေမနပ်နဲ့ဆဲတော့ ဝေလွှင် နဲ့ ကျွန်တော်တို့ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ..။

"ဟေ့ကောင် .. ရယ်မနေနဲ့ .."

"ရယ်မနေလို့ ငါက ငိုရမှာလား .. မလုပ်ကြပါနဲ့ကွာ .. အဲဒီဟာမလေး နှစ်ယောက်နဲ့ ငါက ကံစပ်တာ မဟုတ်ဘူး .. ငိုရမှာ .."

"ကံစပ်ရအောင် မင်းကို အဲဒီဟာမလေးတွေနဲ့ ထီစပ်ထိုးခိုင်းတာ မဟုတ်ဘူးကွ .."

"ထီစပ်ထိုးတဲ့ကိစ္စ မဟုတ်လို့ ပြောနေရတာပေါ့ကွ .. ထီ စပ်ထိုးတာက ကံကောင်းရင် ထီပေါက်ဦးမယ် ..၊ အခုဟာက ကံကောင်းမယ့်အကြောင်း မဟုတ်ဘူး ..၊ နှစ်ယောက်ဆုံမိရင် ငါ့ကို ဘယ်က စနေဂြိုဟ် အမြွှာ်လိုက် အမြီးလိုက် မြုတ်ကျလာမလဲ ကြည့်နေရတာ .."

"မင်းကိုက စိုးရိမ်နေတာပါကွာ .. ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တယ်ဆိုတာ အဲဒါပဲကွာ .. သိပ် အစွဲအလမ်း မထားစမ်းပါနဲ့ .."

"အေး .. အဲဒါကြောင့် ငါ သူတို့နှစ်ယောက်ကို မစွဲလမ်းတာပေါ့ကွာ .."

မင်းထွဋ် ကျွန်တော် စကားကြောင့် ပျာပျာသလဲလဲနဲ့ ...

"ဟာကွာ .. ငါက အေးဥပဒ် အစွဲအလမ်း ပြောတာပါကွာ ..





ဟေ့ကောင် အတွေးမမှားနဲ့ .. အရွေးမမှားနဲ့နော် .."

"အေးလေကွာ .. မင်းကလဲ .."

ဒီကောင်တွေ နှစ်ကောင် အတင်းတိုက်တွန်းနေတော့ .. ကျွန်တော် တဟားဟား ရယ်ရင်း ...

"မင်းတို့ကွာ .. မုန့်လက်ကောက်က ဘယ်နားမှာ မသိဘူး .. နှုတ်ခမ်းနာတာနဲ့ တည့်ပါ့မလား မသိဘူးဆိုတာ အဲဒါကွ .."

"မုန်ဆီကြော်ပါကွာ .."

"ဟေ့ကောင် မုန့်လက်ကောက်လဲ ကြော်ရတာပဲ ..၊ နေဦး .. ငါ ပြောမယ် သူတို့နှစ်ယောက်ကလဲ ငါ့ကိုကြိုက်ဦးမှ .. သူတို့ နှစ်ယောက်က လှပချောပ .. ပိုက်ဆံကလဲ ရှိပါ့ ..၊ ကြိုက်တဲ့သူတွေက ဝိုင်းဝိုင်းလည် .. ငါ့လို သာမန် ဘာမဟုတ်တဲ့ကောင်ကို ကြိုက်ပါစေဦးကွာ .."

" မင်းက သမ္မန်မို့လို့ ပြောတာပေါ့ကွာ ..၊ စက်လှေဆိုရင် ပြောဖူး .. ဟာ!... ရှုပ်ကုန်ပြီ .."

ပြောရင်းနဲ့ စကားက ရှုပ်လာပါသည်။ ဘယ်တော့မှ စကားက အကောင်းပြောလို့ မရတဲ့ ကျွန်တော်တို့ အုပ်စုပါ ..။

"ဟုတ်တယ်လေ မင်းထွဋ် ပြောတာမှန်တယ် .. မင်းအနေ



www.burmeseclassic.com

www.burmeseclassic.com



အထားက မင်း ဒုက္ခရောက်လေလေ .. မင်းကို သူတို့က သနားချစ်စိတ်တွေ ဝင်လေလေ အခြေအနေကွ ..၊ ဟောကောင် အဆုံးထိ ကံဆိုးပြစ်လိုက်စမ်း .. ဟုတ်တယ် နော် ဝေလွင် .."

"ဒါပေါ့ကွာ .. မင်းနဲ့ ငါနဲ့ လောင်းထားတာလဲ ရှိသေးတယ်.."

"ဟာကွာ .. ဒီကောင် .."

မင်းထွဋ် ရှက်ရှက်နဲ့ လိုက်ထိုးတော့ ဟိုကောင် ခြံထဲမှာ ပတ်ပြေးနေပါသည်။

"သဒ္ဒါ တို့အိမ်က ငါ့ကို ထမင်းစားဖိတ်ထားတယ်ကွ .."

"ဟော!..."

"ဟမ်!..."

နှစ်ယောက်စလုံး ပြေးလိုက်လွှားလိုက်ဖြစ်နေရာက ချက်ချင်းရပ်တန့်သွားကာ သူ့ အနား ရောက်လာကြပါသည်။

"ငါ့အထင် နှစ်အိမ်လုံးက ပေါင်းပြီး ထမင်းစားဖိတ်တာ ထင်တယ် .."

ကျွန်တော် စကားကြောင့် ဝေလွင် က သားမှာ ဝင်ထိုင်ရင်း —

"ကပ်စေးက နည်းပါ့ကွာ .. တစ်အိမ်စီဖိတ်ရင် နှစ်ခါစားရတာပေါ့ .."





"နှစ်အိမ်ဖိတ်ရင် အဝေမတည့်မှာ စိုးလို့ ထင်လို့ ပေါင်းလုပ်တာနေမှာပေါ့ကွ .. ဘာကြောင့် ဖိတ်တာလဲ .."

"နမော်နမဲ့စားလို့ ဖိတ်တာ နေမှာပေါ့ကွ .."

"ဟာ .. ငါ ပြောတဲ့ ဖိတ်တာ အဲဒါ မဟုတ်ဘူးကွာ ... ဘာကြောင့် ဖိတ်ကြားတာလဲ ပြောတာ .. ငတုံးရဲ့ .."

မင်းထွဋ် စကားကြောင့် ဝေလွင့် မျက်နှာ ရှုံ့မဲ့သွားသည်။

မင်းထွဋ် က ဆရာကြီးစတိုင်နဲ့ မရှိမဲ့ရှိမဲ့ မုတ်ဆိတ်ကို ပွတ်ရင်း—

"ငါ့အထင်တော့ .. ဒီကောင်က ကျောင်းထိုင်ဘုန်းကြီးလဲ မဟုတ်ဘူး ..၊ လူကောင်းလူကြီးကလဲ မဟုတ်ဘူး .."

"လူကြီး လူကောင်းပါကွာ .."

"ဟာကွာ .. အတူတူပါပဲ .."

ဆက်ပြောရင် အရစ်ရှည်နေမှာမို့ လွှတ်ထားလိုက်ပါသည်။

"အင်း .. သူတို့လုပ်ခဲ့သမျှ .. အပြစ်တွေကျေအောင်လို့ တောင်းပန်တဲ့ပွဲပဲ ဖြစ်ရမယ် .."

"ရိုက် .. မင်း မှန်တယ် .. ယောက်ဖ .."

"အရေးထဲကွာ .. နေရာဝင်လုတဲ့သူက ရှိသေးတယ် ..၊ ဘယ်လဲ မင်း သွားမှာလား .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပါ လိုက်ခဲ့လေကွာ .. သဒ္ဒါ တို့က မင်းတို့နှစ်ကော
ပါ ခေါ်ခဲ့တဲ့ .."

"တကယ် .."

"ဟာ .. လေးလေးစားစား ဖိတ်တော့လဲ သွားရတော့ပေါ့..
ဘယ်နေ့လဲ .."

"မနက်ဖြန် နေ့လယ် .."

ဟိုကောင်တွေ သူတို့ပါ ထမင်းစားဖိတ်တယ်ဆိုတော့ တက်ကြ
နေပါသည်။





* အခြေအနေ မကောင်းဘူး ..
ရင်ဘတ်ဟောင်းထဲမှာ
နှလုံးခုန်နှုန်းဟောင်းတွေ ရှိပေမယ့်

* ထင်သလောက် မဟုတ်ပါဘူးလို့
ဘယ်လို လိမ်လိမ်
အကြိမ်ရေနဲ့ ခုန်နှုန်းက မြင့်မား ..
အချစ်ရဲ့ ပင်နယ်တေးသွားတွေ စတင် အလုပ်လုပ် ...
စိတ်ကို ရှုပ်စေခဲ့ပြီး

* ဂစ်တာအိုး တစ်အိုးလို
စေတနာ ပီးစက စတင်ပုံနွေး
စေရာပေါ်တဲ့ "တဏှာ" နှလုံးသားကြီး
စွတ်စွတ်ပုလာတော့ ဒုက္ခဖြစ်ပြီး
အဲဒီပီးလောက် ပုတာ မရှိ
လူကို လာထိပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟော .. လာကြပြီ .."

ငှားလာတဲ့ တက္ကစီက သဒ္ဒါ တို့အိမ်ရှေ့ ဆင်ဝင်အောက်

ထိုးရပ်တော့ သဒ္ဒါ ရဲ့အသံကို စတင် ကြားရပါသည်။

သဒ္ဒါ က ခပ်သွက်သွက်နဲ့ ထွက်လာသလို သူမနောက်

ဆောင်းဝေဝေ ကလဲ ထက်ကြပ်မကွာ ..။

"လာကြဟာ .. နင်တို့က နောက်ကျလိုက်တာ .."

ဆောင်းဝေဝေ စကားကြောင့် မင်းထွဋ် က ...

"ဟဲ့ .. ယောကျ်ားလေးဟဲ့ .. သွားခါနီးလာခါနီး ပြင်ရဆင်

သေးတယ် ဟဲ့ .."

"ဟုတ်တယ်ဟ .. ဒီကောင် သူရ အိုင်ရှိုးဆွဲနေတာ မပြီး

ဘူးလေ အဲဒါကြောင့် ကြာနေတာ .."





ဒီကောင်တွေ အနောက်အပြောင်ကြောင့် သဒ္ဒါ နဲ့ဆောင်းဝေ

ရယ်သည်။

ကျွန်တော်ကတော့ ဟိုကြည့် ဒီကြည့် ခြေလှမ်းတစ်လှမ်း လှမ်း

ဆောင် မိုင်းကွင်းထဲ ဖြတ်လျှောက်ရတဲ့ စစ်သားတစ်ယောက်လို

သတိကြီးစွာ ထားပြီး လျှောက်နေရပါသည်။

ဆောင်းဝေ က ကျွန်တော့်ပုံကို သတိပြုမိပုံ ရသည်။

"ဟဲ့ .. ဘာဖြစ်နေတာလဲ .."

ကျွန်တော်က စိုးရိမ်မကင်းတဲ့ အပြုံးနဲ့ ...

"လူစုံတက်စုံ တွေ့ရတော့မယ်ဆိုတော့ .. သတိနဲ့အသိကို အမြဲ

ဆောင်ထားရတယ်လေ .."

ကျွန်တော့် စကားကြောင့် သူမတို့နှစ်ယောက်က ရယ်သည်။

ကျွန်တော်က မရယ်နိုင်ပါ ..။

ဟုတ်တယ်လေ ..၊ ကျွန်တော့်ကံကိုက ရယ်စရာမှ မကောင်းတာ

..။

ကျွန်တော်တို့ ညှို့ခန်းထဲ ရောက်တော့ ...

"လာဟော့ .. မောင်ဇော်ဥအ .."

အန်ကယ်ကြီးက တရင်းတနှီးဖြစ်အောင် နောက်တော့ ရယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သဒ္ဒါ အိမ်မှာက လူစုံတက်စုံ …၊

သဒ္ဒါ … ဆောင်းဝေဝေ … သဒ္ဒါ အဖေ အန်ကယ် ဦးသန်း
ထွန်းအောင် နဲ့ အန်တီ ဒေါ်ယဥ်ယဥ်မိုး … ဆောင်းဝေဝေ အဖေ
အန်ကယ် ဦးစိုးဝေ နဲ့ အန်တီ ဒေါ်သူဇာသန်း တို့ပေါ့ …။

"လာကြ … လွတ်လွတ်လပ်လပ် ထိုင်ကြ … သားတို့ …"

အန်ကယ် ဦးသန်းထွန်းအောင် ရဲ့ ဇနီး အန်တီဒေါ်ယဥ်ယဥ်မိုး
က အနေမခက်အောင် ဧည့်ဝတ်စကား ဆိုပါသည်။

ကျွန်တော်တို့ ဝင်ထိုင်တော့ အန်ကယ်ဦးစိုးဝေ က တောင်း
ရှာပါတယ် …။

"မင်းကို အခုမှပဲ သေသေချာချာ တောင်းပန်ရတော့မယ် မော
သူရ ရေ … အန်ကယ်တို့ ညီအစ်ကိုနှစ်ယောက်ကလဲ မိတ်ဟောင်း
ဆွေဟောင်းတွေနဲ့ တွေ့တော့ မင်းကိုလဲ မေ့ … လာရင်းအကြော
လဲ မေ့ … ဖြစ်ပုံ …"

နွေသဒ္ဒါ ဖေဖေ့စကားကြောင့် အန်တီဒေါ်ယဥ်ယဥ်မိုး
အန်ကယ့်ကို မျက်စောင်းထိုးကာ …

"ရှင်တို့ ညီအစ်ကိုနှစ်ယောက်ကိုက လွန်လွန်းပါတယ် … ပုထ





ခြင်တာနဲ့ အရာရာကို မေ့ကုန်ရော …"

"ဟုတ်ပါ့ ယဥ် ရေ … တကယ့် စိတ်တူကိုယ်တူ ညီအစ်ကို
တွေ …"

ဆောင်းဝေ မေမေကလဲ အားတက်သရော … သဒ္ဒါ မေမေ
အားကို ထောက်ခံပါသည်။

"ဒါကတော့ကွာ … အသက်ကြီးတော့ မှတ်ဉာဏ်တွေ သိပ်
ကောင်းတော့တာလဲ ပါတာပေါ့ကွာ …"

"တော်ပါ … ပြောလိုက်ရင် အကြောင်းပြချက်တွေချည်းပဲ …
ဲ … ကဲ … လုပ်ကြ … ကလေးတွေလဲ ဗိုက်ဆာနေမှာပေါ့ … ကဲ …"

အန်တီ ဒေါ်ယဥ်ယဥ်မိုး ရဲ့ "ကဲ" ဆိုတဲ့ အချက်ပေးစကားနဲ့
တူ သူတို့ ထရပ်ကာ အန်တီကပဲ ဦးဆောင်ပြီး ထမင်းစားခန်းဘက်
ကြက်လာခဲ့ကြပါသည်။

ကျွန်တော် ထိုင်မယ့်ခုံကို သေသေချာချာ စစ်ဆေးပြီး ဝင်ထိုင်
တော့ အန်ကယ်စိုးဝေ က မျက်မှောင်ကြုတ်ပြီး …

"ဘာဖြစ်လို့လဲ မောင်သူရ …"

ကျွန်တော်က ခေါင်းခါပြကာ …

"ဘာမှမဖြစ်ပါဘူး … အန်ကယ် …"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဖေဖေရေ .. သမီးတို့ .. သဒ္ဒါ တို့နဲ့ လူစုံတက်စုံဆို သူ တစ်ခုခု အမြဲခံရလို့ စိုးရိမ်နေတာ ဖေဖေ .."

"ဟော!..."

"မဟုတ်ပါဘူးဟာ .. နင်ကလဲ .."

ကျွန်တော်က အားနာစိတ်နဲ့ ငြင်းတော့ ဆောင်းဝေဝဲ က –

"ဘာ နင်ကလည်းလဲ .. ဒီလို ဖေဖေရဲ့ .."

ဆောင်းဝေဝေ က ကျွန်တော် သူတို့နဲ့ တွေ့ရင် ဒုက္ခရောက်ပုံကို အစအဆုံး တစ်လုံးမကျန် ရှင်းပြတော့ အားလုံး တအံ့တသြဖြစ်ကုန်ကြ ပါသည်။

"ဟာ!... မောင်သူရ အဖြစ်က ဆန်းပါ့ကွာ ..၊ မယုံနိုင်စရာပဲ ကွာ .."

"အေးကွ .. ထူးတော့ ထူးဆန်းသား .. ဒါကြောင့်မို့ တို့သမီးတွေ ရဲ့ခာတ် ငါတို့ကို ကူးပြီး မင်း ခံရတာ ဖြစ်မယ် .."

အန်ကယ် ဦးသန်းထွန်းအောင် ကလဲ မျက်မှောင်တကြုတ်ကြုတ် နဲ့ ခေါင်းတညိတ်ညိတ်နဲ့ ပြောပါသည်။

"ကဲ .. အပြောလေး ရပ်ပြီး .. စားကြပါဦး မောင်သူရ .. ဟင်း ထည့် ..၊ ဟိုကလေးတွေလဲ ထည့်စားကြ .. အားမနာနဲ့ .."





"ဟုတ်ကဲ့ အန်တီ .. အစားအသောက်ဆို ကျွန်တော်တို့က ငယ်ငယ်လေးကတည်းက အရှက်အကြောက် မရှိတာ .."

မင်းထွဋ် စကားကြောင့် အန်တီက ရယ်သည်။

ကျွန်တော် ငါးကြော်တစ်ကောင် ခပ်ယူလိုက်ပါတယ် ..၊

အားရပါးရ စားမယ်ပြင်ပြီးမှ သတိရကာ .. ဖြည်းဖြည်းချင်း ဖွဲ့တော့ ...

"ဟာ!..."

"ဘာလဲ ..သူရ .."

ဆောင်းက ဝေလွှင် က ကျွန်တော် ခပ်တိုးတိုး အထိတ်တလန့်ပုံစံ ကြောင့် မေးတော့ ကျွန်တော် ငါးကြော်ထဲက အရာတစ်ခုကို မသိမသာ ထုတ်ပြလိုက်တော့ ...

"ဟာ .. ငါးမျှားချိတ် .."

"ရှူး .. တိုးတိုး .. ပြောမနေပါနဲ့ကွာ .. အားလုံး ထမင်းစား ပျက်ကုန်ပါမယ် .."

ကျွန်တော် ငါးမျှားချိတ်ကို မသိမသာ ယူကာ အသာလေး ဘောင်းဘီအိတ်မှာ ချိတ်လိုက်ပါသည်။ ထမင်းသာ ဆက်စား နေရပါတယ် ရင်က တထိတ်ထိတ် ..။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစား ပြီးစီးလို့ အချို့ပွဲစား စကားတွေ ဘာတွေပြောကြ ပြန်ခါနီးကျတော့ အန်ကယ်စိုး က ...

"တွေ့လား .. ဘာမှမဖြစ်ပါဘူး .. မောင်သူရ ရာ .. ဥပါဒါန် ကြောင့် ဥပဒ်ဖြစ်တယ်ဆိုတာ အဲဒါပဲ .. အစွဲအလမ်း မထားနဲ့ .."

ဝေလွင် က ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်ကြည့်ပါသည်။ ဒီနေ့တော့ ငါးမျှားချိတ်တစ်ခုနဲ့တင် ယကြာကျေလောက်ပါပြီ ..။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦးနော် .. အားလုံး .."

"အေး.. အေး .. နောက်လဲ ဝင်ပါ ထွက်ပါကွယ် .."

"ဟုတ်ကဲ့ ခင်ဗျ .."

"သမီးနဲ့ ဆောင်းဝေ ခြံထိပ်ထိ လိုက်ပို့လိုက်ဦးမယ် ဖေဖေ.."

သဒ္ဓါ စကားကြောင့် အန်ကယ်သန်း က အပြုံးနဲ့ခေါင်းညိတ် ပါသည်။

ကျွန်တော်က ရှေ့ဆုံးက ထွက်လာပါသည်။ ဖိနပ်ချွတ်ရောက် တော့ ဖိနပ်စီးမယ် ပြင်ပြီးမှ မင်းထွဋ် က ...

"ဟေ့ကောင် .. မင်း ဖုန်းရော .."

"ဟင် .. စားပွဲမှာ ကျန်ခဲ့ပြီ ထင်တယ် .. ငါ သွားယူလိုက်ဦး မယ် .."





"နေ .. နေ .. ငါပဲ သွားယူလိုက်မယ် .."

ကျွန်တော်နဲ့ မင်းထွဋ် ရပ်ပြောမိတော့ ဝေလွင် က ကျွန်တော် ကို ကျော်ပြီး အပြင်ကို အထွက် ...

"ဟာ!..."

"ဗုန်း .."

ဝေလွင် ခမျာမှာ မသက်သာ ..၊ မိုးရွာထားတော့ သမံတလင်းမှာ ရေညှိတွေနဲ့ ချော်ကာ ခြေပြစ်လက်ပြစ် ကျရှာပါတော့သည်။

ကျွန်တော် ကမန်းကတမ်း ထူပေးတော့ .. ဝေလွင် ရှုံ့မဲ့မဲ့နဲ့ ...

"ရတယ် သူရ .. ဘတော်ကို အီသွားတာပဲကွာ .."

ဆောင်းဝေ နဲ့ သဒ္ဓါက စိုးရိမ်ဟန်နဲ့ ...

"အေးဟယ် .. မာလီ ကိုအေး ကို မနေ့ကတည်းက ရေညှိတွေ ကို သံဘရက်နဲ့ တိုက်ခိုင်းထားတာ ..၊ နင် ရလား .."

"ရပါတယ်ဟာ .. နည်းနည်းပါးပါး ဖြစ်တဲ့ဟာလောက်ပါ .."

"ကဲပါ .. လုပ်မနေနဲ့ .. အိမ်က ကားနဲ့ပဲ ငါ လိုက်ပို့တော့မယ်.. ဆောင်းဝေ .. နင်ပါ လိုက်ခဲ့လေ .."

"အေး .. နင် ဖေဖေတို့ကို သွားပြောလိုက်ပေါ့ .."

"အေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါ အိမ်ထဲ ပြန်ဝင်သွားပြီး .. ခဏနေတော့ ပြန်ရောက်လာပါသည်။ မင်းထွဋ် က ထော့နင်းထော့နင်းနဲ့ ဝေလွင် ကို တွဲလျှောက်ရင်း ... •

"အဲဒါ .. မင်း ဒီကောင့်အစား ခံလိုက်ရတာ .. ဝေလွင် .."

ကျွန်တော်လဲ သိပါသည်။

"ဟုတ်တယ် .. ငါ အရင်ထွက်မလို့ပဲ ဖုန်း ကျန်နေခဲ့တာနဲ့ မင်းနဲ့ လှည့်ပြောတုန်း .. ဒီကောင် ငါ့ကို ကျော်ပြီး ထွက်ဖို့ လုပ်တာ .."

ကျွန်တော့် စကားကြောင့် ဆောင်းဝေ နဲ့ သဒ္ဒါ လဲ စဉ်းစားမိကာ ...

"ဟုတ်တယ် နော် .. တကယ် ထူးဆန်းပါ့ဟာ .."

ဝေလွင် ကို ကားပေါ် တွဲပို့ပြီး ကျွန်တော်တို့ သုံးယောက်က နောက်က ထိုင်ပါသည်။

သဒ္ဒါ က ကားကိုမောင်းပြီး ဆောင်းဝေ က သဒ္ဒါ ဘေးမှာ ဝင်ထိုင်သည်။





"ဘော်ကြီး ရေ .. ရေ တစ်ခွက်လောက် တိုက်ပါဦး ဟ .."

"ဟာ .. ကပ္ပိယကြီး ဘယ်က လှည့်လာတာလဲ .."

ကျွန်တော် ရေခဲသေတ္တာထဲက ရေအေးအေးလေးတစ်ဘူးနဲ့ ဖန်ခွက်ကို ယူကာ ငှဲ့ပေးပါသည်။

"ရော့ .."

ကပ္ပိယကြီးက အငမ်းမရ သောက်ပြီး ...

"လုပ်ပါဦးကွာ .. နောက် တစ်ခွက်လောက် .."

ကျွန်တော် ထပ်ငှဲ့ပေးတော့ ကပ္ပိကြီးက သောက်ပြီး ...

"ဟူး .. ခုမှပဲ အမောပြေတော့တယ် .."

ကပ္ပိယကြီးနဲ့အတူ အိမ်ရှေ့ကွပ်ပျစ်မှာ အတူထိုင်ရင်း ...

"ဒီလောက် ပူတဲ့ကြားထဲ ကပ္ပိယကြီးက ဘယ်တွေ လျှောက်သွားနေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးက ကျွန်တော် ပေးတဲ့ ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ပြီး ...

"ဆရာတော်က သူ ဖော်ပြီးတဲ့ဆေးကို ဦးပန်းအောင် တို့ အိမ်သွားပို့ခိုင်းလို့ပါကွာ .."

ဆရာတော်ဆိုတာက ကျွန်တော်တို့ ရပ်ကွက်ထဲက တစ်ကျောင်းတည်းသော ကျောင်းတိုက်က ဆရာတော်ပေါ့ ..၊ ဆရာတော်က မြန်မာဆေးနည်းအမျိုးမျိုးကို ဖော်စပ်သည်။ ရပ်ကွက်ထဲက တော်ရုံတန်ရုံ ရောဂါဆိုလျှင် ဆရာတော်ဆီက ဆေးတောင်းပြီး သောက်လိုက်ပျောက်သွားတတ်တာ များသည်။

အဲ .. ဦးကပ္ပိယကြီးကတော့ တစ်မျိုး ..၊ သူကတော့ ဗေဒင်လက္ခဏာ နက္ခတ် ဆိုလား .. ဘာဆိုလား အစီအရင် အဆောင်အယောင်တွေဘက်မှာ ပိုအားသန်ပါသည်။

"အတော်ပဲဗျာ .. ကျွန်တော် ကပ္ပိယကြီးနဲ့ တွေ့တုန်း အကူအညီတောင်းစရာ ရှိလို့ .."

ကျွန်တော့် စကားကြောင့် ကပ္ပိယကြီး ပြုံးသည်။

"ပြော .. ဘာ ယတြာချေပေးရမလဲ .."

ကျွန်တော် အံ့ဩသွားပါသည်။





"ဟင် .. ကပ္ပိယကြီးက ကြိုသိနေပါလား .."

ကျွန်တော့် စကားကြောင့် ကပ္ပိယကြီးက တဟားဟားနဲ့ ...

"ဟေ့ကောင်လေးရ .. မင်း ငါ့ဆီ အကူအညီတောင်းစရာ ရှိတယ် ဆိုကတည်းက ငါ့မှာ ကူညီနိုင်တာဆိုလို့ ဒီတစ်နည်းပဲ ရှိတဲ့ဟာကွာ .."

"ဩော် .. ဒီလိုလား .. ဒီလိုဗျာ .. ကျွန်တော့်မှာ ထူးထူးဆန်းဆန်းအဖြစ်တွေ ဖြစ်နေတယ် ဗျ .."

"ဘယ်လို ထူးထူးဆန်းဆန်းတွေလဲကွ .. ပြောပါဦး .."

"ဒီလိုဗျာ .."

ကျွန်တော် ဆောင်းဆေ သဒ္ဒါ နဲ့ အဲဒီ မိသားစုနှစ်စုနဲ့ ပတ်သက်ပြီး ဒုက္ခရောက်ပုံတွေကို ရှင်းပြမိသည်။

"ဟာ .. မင်းဟာက နက္ခတ်တွေ ပူးနေတာပဲ .. ဒါ စနေဂြိုဟ်ဝင်တာ မဟုတ်ဘူးကွ .. အချစ်ဂြိုဟ် ဝင်တာ .."

"အရေးထဲဗျာ .. ကပ္ပိယကြီးကလဲ .. ဒီမှာ အဲဒီကိစ္စနဲ့ စိတ်ညစ်နေတာ .."

"စိတ်မညစ်နဲ့ကောင်လေး .. ဒီကိစ္စက မြေကြီးလက်ခတ် မလွဲဘူး .. ဗေဒင်မေးစရာ မလိုပါဘူးကွာ .. မင်းရဲ့အချစ်ရေးကိစ္စရဲ့ အကြိုင်း



www.burmeseclassic.com

www.burmeseclassic.com



အခတ်တွေပဲဟာ .. မကောင်းတဲ့အကိုင်းဆို ခုတ် ..၊ အသီးသီးမယ့်.. အပွင့် ပွင့်မယ့် အကိုင်းဆို .. သေသေချာ ဂရုစိုက် ..”

“ကျွန်တော် ဘာဆက်လုပ်ရမလဲ .. ဘယ်လို ယတြာချေရမလဲ..”

ဦးကပ္ပိယကြီး က လက်ထဲက မီးသေနေတဲ့ ဆေးပေါ့လိပ်ကို မီးပြန်ညှိပြီး ...

“ယတြာတွေ .. ဗေဒင်တွေ မလိုပါဘူးကွာ .. အခြေအနေနဲ့ အချိန်အခါက မင်းကို ဘာလဲဆိုတဲ့အဖြေကို ထုတ်ပေးလိုက်လိမ့်မယ်.. စောင့်သာ ကြည့်နေ ..”

“ဟုတ်ရဲ့လားဗျာ .. သူတို့က ကျွန်တော့်ကို စိတ်ဝင်စားမယ် မထင်ဘူး ..”

“ကြည့်နေပါကွာ .. အခု စိတ်မဝင်စားပေမယ့် ကြာရင် စိတ်ဝင်စားဖို့ကိစ္စ ဖြစ်လာလိမ့်မယ် ..”

ကျွန်တော် ကပ္ပိယကြီး စကားကို မယုံကြည်နိုင်သေး ..၊

“မင်းပဲ ပြောတယ်လေ .. သူတို့က သူတို့အချင်းချင်း ကြိတ်ပြိုင်နေတာ ဆို ..”

ကျွန်တော့် ခေါင်းညိတ်ပြတော့ ကပ္ပိယကြီးက တပြုံးပြုံးနဲ့ —





“တစ်ခါတလေကျတော့လဲ အံ့ဩသားကွ .. လောကမှာ ထူးခြားတဲ့ဇာတ်လမ်းတွေ တစ်ဦးနဲ့တစ်ဦး မတူအောင် ဖြစ်လာဖို့ ကံကြမ္မာက ဇာတ်လမ်းတွေ ဇာတ်ညွှန်းတွေ ရေးပြီးသားကွ ..၊ မင်းရဲ့ ...င်ကို သူ မကိုင်အားသေးလို့ နေမှာပါကွာ ..”

“အလို .. စကားလုံးတွေက ကောင်းလှချည်လားဗျ ..”

“ကောင်းဆို .. ငါက ကပ္ပိယလေကွာ .. ဦးနှောက်ထဲမှာ ကောင်း...ဆိုတဲ့ အတွေးတွေ ကပ်ကပ်ပြီး ပိဖိထားတဲ့အတွေးတွေ ရထားတာ ...ကွာ .. ကဲ .. ကဲ .. ငါ ပြန်ဦးမယ် .. ဆွမ်းစားအမှီ ပြန်ကြွ...ဲလေ .. ပြန်မှ ဖြစ်မှာ .. တော်ကြာ ဆရာတော် ပွမ်နေဦးမယ် ..”

“ဟုတ်ကဲ့ .. ကပ္ပိယကြီး ..”

ကပ္ပိယကြီး ပြန်သွားတော့ သူတစ်ယောက်တည်း မစဉ်းစားခဲ့ဖူး...ဲ့ အတွေးတွေနဲ့ လုံးလည်ချာလည် ..၊

သူ ဘယ်သူ့ကို စိတ်ဝင်စားလဲ ဖျတ်ခနဲ ပေါ်လာသည်က ...ောင်းဝေ ..၊ မဟုတ်သေးပါဘူး သဒ္ဒါ ..၊ ဟာ!... ဒါလဲ မဟုတ်ပြန် ...ူး ထင်ပါရဲ့ ...။

တော်ပြီကွာ .. စိတ်ရှုပ်တယ် ဟူး ..။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား နာမည်က ဇော်သူရ နော် .."

ကျွန်တော် နာမည်ခေါ်သံကြောင့် ကြည့်လိုက်တော့ ရှယ်ဈ

သက်တူ လူငယ်တစ်ယောက် ..၊ အောက်က ကာကီရောင် ဘောင်းဘီ

အပေါ်က ကာကီရောင်အင်္ကျီကို ခွပ်ကျယ်အဖြူပေါ် ကြယ်သီး မထော

ဘဲ ကောက်စွပ်ရုံ ဝတ်ထားသည် ..။

ပြီးတော့ အကောင်းစား မျက်မှန်တစ်လက်မို့ ဒီလူရဲ့ မျက်ဝန်း

တွေကို အကဲခတ်ခွင့်မရ ..၊

ထိုလူ လက်ထဲမှာ အနက်ရောင် သားရေဖုံးစာအုပ်တစ်အု

ထိုလူက စာရွက်တွေပေါ် လက်ညှိုးနဲ့ထောက်ပြီး ...

"ခင်ဗျား အဖေ့နာမည်က ဦးဇော်ထွန်း .."





"ဟုတ်ပါတယ် .."

ကျွန်တော် နကြောင်တောင်တောင်နဲ့ ခေါင်းညိတ်ပြမိပါသည်။

လူ ဒီကျောင်းကတော့ မဖြစ်နိုင် ..၊

သူလဲ ဟိုဟိုဒီဒီ လှုပ်ရှားမှုတွေ လုပ်တဲ့သူ မဟုတ် ..၊ ဒါဆို

ာကြောင့်လဲပေါ့ ..။

"အမေ ဒေါ်အေးသီ .. နေတာက သယ်န်းကျွန်း ..၊ အိမ်အမှတ်

၁၂) .. ဟုတ်တယ် နော် .."

ဩော် ဒါလောက်ဆို ရိပ်မိပြီ ..၊ ကျွန်တော် သွားအဖြဲသားလေး

..

"ဆရာရယ် .. ကျွန်တော့်စာအုပ်က သက်တမ်းကုန်တာ သိပါ

ယ် ..၊ ဟို .. အလုပ်လေးရှုပ်နေလို့ .. အင်းပေါ့လေ အပြောင်း

ဲတွေက မြန်ပါ့ .."

"ဘာ!... ဆရာ .. ဟုတ်လား .."

ထိုလူကလဲ အံ့ဩပုံ ရပါသည်။ ကျွန်တော်ကလဲ အူကြောင်

ကြောင်နဲ့ ...

"ဟိုလေ .. လူဝင်မှုကြီးကြပ်ရေးက မဟုတ်ဘူးလား .. ကျွန်တော်

ငံ့ရဲ့စာအုပ်ကိစ္စအတွက် လာတာ မဟုတ်လား ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ခါးခါးသီးသီး ငြင်းပါသည်။

"ဟာ!... ဘယ်ကလာ ကွာ .."

ကျွန်တော် အဲဒီအခါကျမှ ...

"ဒါများ ဗျာ .. ဒါဆို ခင်ဗျားက ဘာလဲ .."

"ခုန .. ဆရာ ဆို .."

"ဒါကတော့ဗျာ .. အခြေအနေရ ဆရာ ခေါ်လိုက်တာပေါ့

ဗျာ.."

"နေပါဦး .. ခင်ဗျားက ဘာလဲ ..၊ ဘာလို့ ဒီကာကီရောင် ယူနီ

ဖောင်းကို ဝတ်ထားရတာလဲ ..၊ မျက်မှန်အနက်ကြီးနဲ့ ဆိုတော့ -

"ဟာကွာ .. ဒါကတော့ နေပူစပ်ခါးကြီးဆိုတော့ .."

အံမယ် ..၊ ဒီလူက စာသံပေသံနဲ့ .. အလာကြီးပါလား ..

"ဒါဆို .. ခင်ဗျားရဲ့ ယူနီဖောင်းကြီးကရော .."

ထိုလူက သူကိုယ်သူ ပြန်လှေလာပြီး ...

"မင်းကွာ .. ဒီလောက် သောင်းချီပေးထားတဲ့ဝတ်စုံကို ယူနီ

ဖောင်း ဖြစ်ရသေးတယ် စတိုင်ကွ .. စတိုင် .."

ကျွန်တော် သွားအဖြဲသားလေးနဲ့ ...

"ဟိ .. ဟိ .. သိဖူးလေ .. ခင်ဗျားက ကျွန်တော့်နာမည်





အမေ .. အမေ ..၊ အိမ်လိပ်စာတွေ ပြောနေတော့ .. ပြီးတော့ ခင်ဗျား

ခံကလဲ ကြည့်ဦး ..၊ မျက်မှန်နဲ့ ဝတ်စုံနဲ့ ဆိုတော့ လူဝင်မှုကြီးကြပ်

ရေးကပဲ ထင်တာပေါ့ ..၊ နေပါဦး .."

"နေပါတယ်ကွာ .. လာ ရှေ့က ဆိုင်မှာ သွားဖြဲ .. အဲ .. သွား

ပြောရအောင် .."

"လာဗျာ .. သွားဖြဲကြတာပေါ့ .."

"ဟာကွာ .."

ကျွန်တော် နောက်မှန်းသိတော့ ထိုလူက အောက်သက်သက်နဲ့

ပြောပါသည်။

ဆိုင်ထဲရောက်တော့ ကျွန်တော်က စားပွဲထိုးလေးကို ...

"လက်ဖက်ရည် .. တစ်ပြေ .."

"ဗျာ!..."

"ဟို .. လက်ဖက်ရည် တစ်ခွက်ပါ .."

ယူနီဖောင်းကိုယ်တော်က ကျွန်တော့်ကို နှုတ်ခမ်းထော်ပြီး ကြည့်

ပြီး

အဲဒီလူ နှုတ်ခမ်းစုပုံက ဝက်ဖင်လေးနဲ့ သိပ်ကို တူပါတယ် ..

"ကျုပ်ကိုလဲ .. တစ်ခွက် .."



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေး ထွက်သွားတော့ ကျွန်တော်က ...

"ကဲ .. ပြပါအောင် .."

"ဟာကွာ .. မင်းကလဲ မင်းနဲ့ စကားပြဖို့ .. ဟာ!... ယောင်ကျ ပြီ .."

"ဟုတ်တယ်ဗျ .. ယောင်ကုန်တင် မဟုတ်ဘူး .. ရင်းပါ ရင်းလ ပြီ ..၊ အညှော်မခံနဲ့ .."

"ဟမ် .. ဘာကို ပြောတာလဲ .."

"ခင်ဗျား နှာခေါင်း အဲလောက် ကြီးနေတာကို .."

ထိုပုဂ္ဂိုလ် အောင့်သက်သက်နဲ့ သူ့နှာခေါင်း သူကိုင်ကာ—

"ဒါ ရောင်တာ မဟုတ်ဘူးကွ .. ငါ့နှာခေါင်းက အော်ရိဂျင် ပွတာကွ .."

"ကဲ .. ပြပါဦးဗျာ .."

ကျွန်တော့် စကားကြောင့် ထိုလူ နှုတ်ခမ်းမစုတော့ .. သူ စကားအကြောင်း ပြောဖို့ စတင်ပါတော့သည်။

"ငါ့နှာမည်က ဂျိမ်းဆေဒါ .."

"ဗျာ .. နှာမည်ကြီးကလဲဗျာ .."

ကျွန်တော် အောင့်သက်သက်နဲ့ ပြောမိတော့ ...





"မင်းကွာ .. ဒီလောက် ဆန်းပြားလှပတဲ့ ငါ့နာမည်ကို .."

"လုပ်ပါဗျာ .. လိုရင်း ပြောစမ်းပါ .. ကိုဒိုက်ဗေဒါ ရယ် .."

"ဟော့ကောင် .. ဂျိမ်းဗေဒါ ပါကွာ .."

"လုပ်ပါ ပြပါတော့ဗျာ .. ကိုဗေဒါ ရယ် .."

"ကိုဂျိမ်း လို့ ခေါ်ရင် ခေါ်ကွာ .. မင်း ခေါ်တဲ့ နာမည်ကြီးက တောနာမည်ကြီးကွ .."

"မခေါ်နိုင်ဖူးဗျာ .. ကိုဗေဒါ ပဲ ခေါ်လို့ ကောင်းတယ်ဗျာ .. ဘယ်လောက် ကဗျာဆန်လဲ .. ဘယ်လောက် အားမာန်ပါလဲ..၊ ဆရာ ဇော်ဂျီ ရဲ့ ကဗျာထဲကလို .. ဗေဒါပျံ့ အံ့ကိုခဲ .."

"ငါ သွားကိုက်နေတယ်ကွ .."

"ဟာဗျာ .. အားမာန်တင်းတဲ့ အဓိပ္ပာယ်ကို ပြောတာဗျ .. ကဲ.. လိုရင်း ပြတော့ .."

"အေး .. ပြပြီ .. ဒီလိုကွ .."

ပြောမယ့်အရေးကို လက်ဖက်ရည် တစ်ငုံ့ သောက်လိုက်ပြီး အားလိပ်မီးညှိလိုက်သေးသည်။

သူကတော့ သူ့ကိုယ်သူ ချေးလိုလို လူမင်းလိုလို စတိုင်ထုတ်ပေ ယ့် ကျွန်တော့်အမြင်မှာတော့ လူကြမ်းမင်းသား နိုင်လူ လိုလိုမြင်မိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည် ..။

"မင်းနဲ့ ဆောင်းဝေဝေ က ဘယ်လိုလဲ .."

"ဘာဖြစ်လို့လဲ .. အားလုံး သိနေကြတာပဲဟာ .."

ကျွန်တော့် စကားကြောင့် ကိုဖေဒါ ရေမဆန်နိုင်တော့ ဘဲအုပ် တစ်ရာ နှစ်ရာရဲ့ အထိုးအဆိတ်ကို ခံနေရသလိုလို အီလည်လည်နဲ့ ဝဲလည်လည် ဖြစ်နေရှာတဲ့ မျက်နှာနဲ့ပေါ့ ..။

"ငါ ထင်တော့ .. ထင်တယ်ကွ .."

"ခင်ဗျားကလဲ တုံးပါဗျာ .. ဒီလောက် သိသာနေတဲ့ဟာကို .."

ဒီလူ ဒါလေးတောင် နားမလည်ဖူးလား မသိပါဘူး ..၊ ကျွန်တော် က ယောကျ်ား ..၊ သူက မိန်းမပဲဟာကို ..။

"အေးလေ .. လက်ဦးမှု ရယူနိုင်သူဟာ အမြဲတမ်း ပထမဆိုတဲ့ စကား သိပ်မှန်တယ် .."

ကျွန်တော် လန့်ဖျပ်သွားကာ ...

"ဟင်!... ခင်ဗျား .. ဘယ်သူ့ကို လုပ်တြဲမလို့လဲ .."

"ဟာကွာ .. မင်းက တစ်မှောင့် .. သွားပြီး .."

"ဟော့လူ .. ပိုက်ဆံ ရှင်းခဲ့ဦးလေ .."

လှည့်ထွက်ပြီးမှ ကျွန်တော် ကမန်းကတမ်းပြောတော့ ဖေဒါပုံ





ကြီး နောက်ပြန်လှည့်ကာ ကျွန်တော်ကို ဘုကြည့် ကြည့်ပြီး ပိုက်ဆံ ကို စားပွဲပေါ် တင်ထားခဲ့ပါသည်။

"ဘယ်လို လုပ်မှန်းကို မသိဘူး .. ကြောင်တောင်တောင်နဲ့ .."

ကျွန်တော် တစ်ယောက်တည်း ပြောမိကာ .. ကိုမ်းဖေဒါ တိုက်ခဲ့ တဲ့ လက်ဖက်ရည်တစ်ခွက်နဲ့ ဟိုကောင်တွေကို စောင့်နေခဲ့ပါသည်။

"ဟော ..."

လာပါပြီ ..၊ ဆောင်းဝေဝေ ကို သူတို့တစ်အုပ်စုလုံးက ပြော သိုက် ရယ်လိုက်နဲ့ ဆောင်းဝေဝေ မျက်နှာက မကျေမနပ်ဟန် ..။

"ဟဲ့ .. ဘာဖြစ်လာ ဘာလဲ .."

ကျွန်တော် အလိုက်ကမ်းဆိုးမသိ ပြောမိတော့ .. ထိုင်ထိုင်ချင်း ဆောင်းဝေဝေ က ကျွန်တော် ကျောကို အုန်းခနဲ ထုတော့ ...

"ဟ .. အသလွတ်ကြီးပါလား .."

"ပြောစမ်းပါဦး .. ရှင်က ကိုကိုမ်းဖေဒါ ကို ဘာပြောလိုက် သဲ.."

ဟိုကောင်တွေက မျက်နှာက ပြုံးစေ့စေ့ ..၊ ကျွန်တော်ကတော့ ဆေ့ပေါ့ပါးပါးပါပဲ ..။

"ဩော် .. လမ်းမှာ ကိုဖေဒါကြီး နဲ့ တွေ့ခဲ့ပြီ ထင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ရိုးရိုးသားသား ပြောတာတောင် ဆောင်းဝေ က ကျွန်တော်ကို မျက်စောင်းထိုးပါသေးသည်။

"ငါ့ကို မေးတယ်ဟ .. နင်နဲ့ ငါက ဘယ်လိုလဲ တဲ့ .."

"အဲတော့ .. နင်က ဘာပြောလိုက်လဲ .."

သဒ္ဓါ က ရယ်ချင်ဟန်ကို ထိန်းချုပ်ပြီး မေးတော့ ...

"ဟ .. ငါက ဘာပြောရမှာလဲ .. ဘာဖြစ်လို့လဲ .. အားလုံး သိနေကြတာပဲဟာလို့ ဖြေလိုက်တာပေါ့.."

ကျွန်တော်လဲ စကားဆုံးရော တခွီးခွီး တဟားဟားနဲ့ ရယ်ပါသည်။

ကျွန်တော်က ရိုးရိုးသားသား မျက်နှာလေးနဲ့ ဆောင်းဝေ ကို ကြည့်တော့ .. ဆောင်းဝေ က နှုတ်ခမ်းကိုက်ကာ မျက်စောင်းထိုးသည်။

ဟင် .. ဘာလဲဟပေါ့ ..။

"ငါ့စကား ဘာအမှားပါလို့လဲ .. အားလုံး သိနေတာပဲဟာ .. ငါက ယောကျ်ားလေ ..၊ သူက မိန်းကလေး ဆိုတာလေ .."

"ဟော!..."

အစဦးဆုံးတော့ ကျွန်တော့်စကားကြောင့် အားလုံး ကြော





သွားပါသည်။ နောက်တော့ ဘယ်သူက အရင် စရယ်ချလိုက်လဲ မသိဘူး ရယ်သံတွေ ဆူညံပွက်သွားပါသည်။

"သူရ တို့ကတော့ လုပ်လိုက်ရင် သောက်ရမ်းချည်းပဲဟေ့ .. ဆောင်းဝေ ငါ ပြောပါတယ် ..၊ နင် ထင်သလိုမျိုး မဟုတ်ပါဘူးဆိုတာ .."

မင်းထွဋ် စကားကြောင့် သူပါ ကြောင်တောင်တောင်နဲ့ ...

"ငါ့စကား ဘာမှားသွားလို့လဲ .."

ကျွန်တော့်စကားကြောင့် ဖူးဖူး က ကျွန်တော့်လက်မောင်းကို လှမ်းရိုက်ပြီး ...

"ဟဲ့ .. ငတုံး .. နင်က ဂျိမ်းဗွီဒ် ကို .."

"ဂျိမ်းဖေဒါ ပါဟယ် .."

"အေးပါဟယ် .. ထားလိုက်ပါတော့ ..၊ အဲဒီလူကို အားလုံး သိနေကြတာပဲဟာလို့ ပြောလိုက်တော့ .. ဟိုလူက နင်နဲ့ ဆောင်းဝေ တို့ ရည်းစားလို့ ထင်သွားတာပေါ့ ..၊ အဲဒါကြောင့် လမ်းမှာ အဲဒီလူက နင်နဲ့ ဆောင်းဝေ ချစ်နေကြတာ သူ ထင်တော့ ထင်သားပဲတဲ့ .."

ဖူးဖူး စကားကြောင့် ကျွန်တော့်ဆံပင်တွေ ထောင်သွားမတတ်..၊ ကျွန်တော် ဆောင်းဝေဝေ ကို ကမန်းကတမ်း တောင်းပန်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ငါပြောတဲ့ အဓိပ္ပာယ်က အဲလို မဟုတ်ပါဘူးဟာ ..၊ နော် .. ဆောင်းဝေ .."

ဆောင်းဝေ က နှုတ်ခမ်းတွန့်ရင်း ပြုံးချင်သလိုလို .. ရယ်ရမလိုလို..။

"နင်ဟာလေ ကိုယ်ပြောတဲ့စကား အထီးလား အမလားတောင် မခွဲခြားတတ်ဘူးလား .."

"ဪ စကားမှာတောင် အထီး အမ ရှိတယ်ဆိုတော့ .. မိန်းမလျာတို့ ယောကျ်ားလျာ တို့ရော ရှိလား .."

"နင်ဟာလေ .."

ကျွန်တော် အခုမှ တဟားဟား ရယ်မိပြီး ...

"ဪ ဒါကြောင့်ကိုး .. သူ ငါ့ကို အမော့ဆို့သံကြီးနဲ့ 'ငါ ထင်တော့ ထင်တယ်ကွ' လို့ ပြောတော့ .. ငါတောင် ပြန်ပြောလိုက်သေးတယ် .."

"နင် ဘယ်လို ပြောလိုက်လဲ .."

အဲသက် အမေးကြောင့် ကျွန်တော်စပ်ဖြဲဖြဲနဲ့ ဆောင်းဝေ ကို ကြည့်ကာ ...

"ခင်ဗျားကလဲ တုံးပါဗျာ .. ဒီလောက် သိသာနေတဲ့ဟာကိုလို့.."





ရယ်သံတွေ ဆူညံသွားပါသည်။

ဝေလွင်က ...

"သူက ဘာပြန်ပြောသေးလဲ .."

ကျွန်တော် ဆက်ပြောပြပါသေးတယ် ..၊

"သူက ပြောသေးတယ် ..၊ 'လက်ဦးမှ ရယူနိုင်သူဟာ .. အမြဲတမ်း ပထမ' ဆိုတဲ့ စကားဟာ သိပ်မှန်တယ် တဲ့ .."

ဟိုကောင်တွေ ရယ်ကြပြန်ပါသည် ။

ဆောင်းဝေ က အဓိပ္ပာယ် တစ်မျိုးပါတဲ့ ပြုံးစေ့စေ့မျက်နှာနဲ့ ကျွန်တော့်ကို ကြည့်နေပါသည်။

အကြည့်က ဘယ်လိုကြီးမှန်း မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက .. ကိုဗေဒါကြီး တစ်ယောက်တည်း မဟုတ် နက္ခတ်အများတွေက စုံတွဲရှိသည် ထင်ပါသည်။ ဒါမှမဟုတ်ရင် .. သူတို့နဲ့ ပတ်သက်တဲ့ ကျွန်တော် ဇာတာကိုက နှစ်ခါ များပါလား မသိ ..။

အလစ်ကို ချောင်းနေတဲ့လူတွေဟာ ကျွန်တော် စာကြည့်တိုက်အနေ အဆင်းမှာ ချောင်းနေကြပါသည်။ ဒါပေမယ့် တစ်ယောက်တည်း မဟုတ် .. နှစ်ယောက် ..။

"သူငယ်ချင်း .. မင်းနာမည်က ဇော်သူရ ဆိုတာ .."

ဒီတစ်ခါတော့ ကျွန်တော် ကောင်းကောင်းကြီး နားလည်သွားတာကြောင့် ...

"ဟုက်ပါတယ် .. ငါနဲ့ ဆောင်းဝေဝေ က ဘာမှ မဟုတ်ကြပါဘူး .."





သူတို့နှစ်ယောက်က ကျွန်တော့် စကားကြောင့် ရယ်ကြသည်။ ဘာရယ်စရာ ပါလို့လဲ ..။

"မဟုတ်ဘူးဗျ .. ကျွန်တော် ခင်ဖျားနဲ့ သဒ္ဒါ ဘယ်လိုလဲဆိုတာ သိချင်တာ .."

ဩော် .. သူက သဒ္ဒါ ကို ..။

"ပြောပြီးပြီလေဗျာ .. ကျွန်တော်နဲ့ ဆောင်းဝေ ဘာမှမဟုတ်ကြပါဘူးလို့ ပြောခဲ့တယ်လေ .. ဒါဆိုရင် .."

ကျွန်တော် စကားတောင် မဆုံးလိုက် နှစ်ယောက်ထဲက ကောင်လေးတစ်ယောက်က အရွှံအမှတ်အသားနဲ့ ခေါင်းငုံ့ရင်း ...

"အေးပေါ့လေ .. ဆောင်းဝေ နဲ့ ခင်ဖျား ဘာမှမဟုတ်ကြဘူးဆိုတော့ .. သဒ္ဒါ နဲ့ ခင်ဖျားက .. ကျွန်တော် သိလိုက်ပါပြီ .."

ကျွန်တော် ကြောင်တောင်တောင်နဲ့ ...

"ဘာကို သိလိုက်တာလဲ .."

ထို အရွှံအမှတ်အသားနဲ့ ပုဂ္ဂိုလ်က လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး ခေါင်းမော့ကာ ...

"ခင်ဖျားနဲ့ သဒ္ဒါ ချစ်သူတွေ ဆိုတာကိုလေ .."

"ဗျာ!... ကျွန်တော်ပြောတဲ့ အထဲမှာ အဲဒီအဓိပ္ပာယ် ပါလို့လား..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စကားကြောင့် သူက ကျွန်တော့် စကားကို ယူသုံးကာ ...

"သိသာနေတဲ့ဟာကို .."

ကျွန်တော် ခေါင်းတဖျင်းဖျင်း ကုပ်ကာ ...

"မဟုတ်ဘူး .. ကျွန်တော် ပြောချင်တာက .. ကျွန်တော့်ဆောင်းဝေ ဘာမှမဟုတ်ကြသလို .. အဲဒီလိုပဲ ကျွန်တော်နဲ့ သဒ္ဒါလဲ ဘာမှမဟုတ်ဘူးလို့ ပြောချင်တာ ဗျ .."

အဲဒီအခါကျမှ ရွှေကိုယ်တော်က မျက်နှာ ဝင်းထိန်သွားကာ—

"ဟာဗျာ – ရှင်းရှင်းလင်းလင်း ပြောလိုက်ရင် ပြီးတဲ့ဟာ.. ခင်ဗျားက ကွက်ရှင်တွေ လာထုတ်နေသလို ပြောတော့ .. ရှုပ်ကုန်တာပေါ့ဗျ .."

"အဲလို ပြောမိလို့လား .."

"ခင်ဗျား ဗျာ .. ခင်ဗျားကို အရမ်းခင်သွားပြီး .."

အဲဒီလူ စကားကြောင့် ကျွန်တော်က ရယ်ပြီး ...

"ဘာလဲ .. ခင်ဗျားခင်တာ ကျွန်တော်နဲ့သဒ္ဒါ ဘာမှမဟုတ်လို့ မဟုတ်လား .."

ထိုလူက ရှက်ရှက်နဲ့ ရယ်ပြီး ...





"ဟာဗျာ .. မဟုတ်ပါဘူး .. ဒါနဲ့ အခုမှ မိတ်ဆက်ရမယ် ..၊ ကျွန်တော့်နာမည်က ရွှေမျိုးဆက် .."

"ဟာဗျာ .. နာမည်ကြီးကလဲ ရွှေစင်မျိုးဆက် တဲ့ .."

"မဟုတ်ပါဘူး .. ရွှေမျိုးဆက် ပါဗျာ .."

"ဩော် .. အဲဒီလိုလား .."

"ဒါက ကျွန်တော်နဲ့ တစ်မေကျာတည်း ငြိမ်းကို တဲ့ .."

အရပ်ပုပုနဲ့ ငြိမ်းကို က လက်ကမ်းပြီး လက်ဆွဲနှုတ်ဆက်ကြသာ ...

"အဟဲ .. ကျွန်တော်တောင် ခင်ဗျားကို သဘောကျပြီး ရည်းစားရေးမလို့ဗျ .."

"ဘာဖြစ်လို့လဲ .."

"ခင်ဗျား က ဒီကျောင်းရဲ့ အလတ်ဆတ်ဆုံး ငါးရံ့နှစ်ကောင်နဲ့ တူလိုလို ဆိုတော့ .. ခင်ဗျားကို အဝ င်ကြီးကြတာပေါ့ဗျ .."

"ဟာ .. ဒုက္ခပဲ နေရင်းထိုင်ရင်း .. ပ'ုနှစ်ကောင်သာ ဒီအကြောင်း သိလို့ကတော့ဗျာ .. ကျွန်တော် ခေါင်းကျိန်းမှာ ..၊ ကဲ .. ကဲ.. သွားပြီးဗျာ .."

ကျွန်တော် ကမန်းကတမ်းပြောပြီး လစ်ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲ ရောက်တော့ .. အဲဒီကိစ္စကို ဝေလွင်စိုး နဲ့ မင်းထွဋ် ကို ပြောပြတော့ ဟိုကောင်တွေ တဟားဟား ..။

"မင်းကတော့ စံပဲ သူရ ရေ .. အင်း .. ကပ္ပိယကြီး ပြောတဲ့ နိမိတ်တွေတော့ ထွန်းတောက်လာပြီ ထင်တယ်ဟေ့ .."

"တော်ပါကွာ .. ကိုယ့်ထမင်း ကိုယ်စားပါရစေ ..၊ ငါလဲ ဓာ စောစီးစီးကတည်းက ရှင်းပြထားရတယ် .. ဟိုတစ်ခါ ဆောင်းဆ ကိစ္စလို ဖြစ်မှာစိုးလို့ .."

ကျွန်တော်ရဲ့ အကြောက်အကန်စကားကို ဟိုကောင်တွေ ရယ်ရရာလို့ ထင်ချင် ထင်နေမှာပေါ့ ..၊

ဒီလောက် ငြင်းဆန်ထားပေမယ့် ပြဿနာက ဖြစ်ချင်တော့ နေ့လယ်လောက်မှာ နွေသဒ္ဒါ ခေါ်နဲ့မောနဲ့ ရောက်လာပါသည်။

"နင် .. ဘယ်လိုလုပ်တာလဲ သူရ .."

"ဟဲ့ .. ဖြည်းဖြည်းပြောပါ ဟဲ့ .."

နွေသဒ္ဒါ က ကျွန်တော့်ကို အတန်းအပြင် ခေါ်ထုတ်တော့ ကောင်တွေပါ စိုးရိမ်တကြီး ထွက်လာပါသည်။

ကျွန်တော် ပတ်ဝန်းကျင်ကို ကမန်းကတမ်းကြည့်ပြီး ...

"ဟဲ့ .. တိုးတိုး .. နင် ပြောတဲ့ စကားကြီးက ငါ့ကို ဘာလို





ိုလိုလို ထင်ကြမှာပေါ့ဟ .."

"ထင်ထင်ဟာ .."

သဒ္ဒါ နှုတ်ခမ်းစူစူနဲ့ ပြောဟန်ကြောင့် ဖြတ်သွားဖြတ်လာ ကျောင်းသားတွေက သမီးရည်းစားစုံတွဲ စိတ်ကောက်နေကြတယ်လို့ င်ချင် ထင်မှာပါ ..။

"ဟဲ့ .. ပြောနေတယ် .. နင် ဘယ်လို လုပ်လိုက်တာလဲလို့ .."

"ငါ ဘာလုပ်လို့လဲ .."

"နင် နော် .."

"ဩော် .. နင် ပြောပြမှ ငါ သိမှာပေါ့ဟ .. ကဲ .. ဆိုပါဦး ..၊ ါနဲ့မောနဲ့ နင့်ရဲ့ ကိုယ်ရံတော် နှစ်ယောက် မပါဘဲ လာရတဲ့ကိစ္စ .."

ကျွန်တော့် စကားကြောင့် သဒ္ဒါ က ကျွန်တော်ကို ဆွဲဆိတ် ...

"ဟဲ့ .. နင့်ဆီ ရွှေမျိုးဆက် ဆိုတဲ့ကောင် လာသွားတယ် မှတ် င် .."

ဩော် ဒီလောက်ဆို သဘောပေါက်ပြီ ..၊

"အေး .. လာတယ်လေ ..၊ ဟဲ .. ဟဲ .. ဒီတစ်ခါတော့ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားပေါ့ပြီဟာ .. ဆောင်းဝေ ကိစ္စတုန်းကလို မရှင်းမရှင်း လုံး တို မလုပ်ဘူး ..၊ နင်နဲ့ ငါ ဘာညာမဟုတ်ကြောင်း အသေအချာ ရှင်းပြခဲ့တာ ..၊ ဒါတောင် ငါ့စကားကို တစ်မျိုးထင်နေလို့ မနည်း ရှင်းပြခဲ့ရသေးတယ် ..”

ကျွန်တော့် စကားကြောင့် သူမက ခါးကို ထပ်လိမ်ဆွဲကာ ..

“နင်ဟာလေ .. မဟုတ်တဲ့ကိစ္စမှာတော့ တော်ပါ့ ..၊ အဲဒီကော က ငါ့ကို အတင်းလိုက်ကပ်နေတာဟာ .. အဲဒါကြောင့်မို့ ဆောင်း တုန်းကလို နင်နဲ့ ငါနဲ့ ချစ်သူတွေလို ပြောလိုက်ပါလား .. သေ ရဲ့..”

တော်တော် အမြင်ကပ်လာပုံ ရပါတယ် ..၊ အဲဒီလို ဒေါ်နဲ့ ဆော ဆိုတော့ ...

“မသိဘူးလေဟာ .. နင်တို့ပဲ အမျိုးမျိုး ..၊ ကဲ .. ငါ တောင်း တယ် .. နောက်တစ်ခါ တွေ့ရင် ငါ ပြောလိုက်မယ် ..”

“ဟဲ့ .. အခုမှတော့ ဖြစ်မလားဟဲ့ .. ဟိုကောင်က သိသွား ပေါ့ဟဲ့ .. ကဲ .. ငါ့ကို ပြန်ချော့တဲ့အနေနဲ့ နင့်တို့ လက်ဖက်ရေ လိုက်တိုက် ..”

“အေး .. ငါက နင့်ကို လက်ဖက်ရည် တိုက်မယ် .. နင်





အစ်ခု ပြန်ကျည်း ..”

“ဘာလဲ ..”

“နင်က ပိုက်ဆံရှင်း ..”

“သူရ .. နင် လူလည်မကျနဲ့ ..”

ကျွန်တော်တို့ တဟားဟား ရယ်ကာ .. လေးယောက်သား ထွက် လာခဲ့ကြပါသည်။

ကျွန်တော်နဲ့ သဒ္ဒါ က ရှေ့မှာ လျှောက်ရင်း စကားတပြောပြော .. နှစ်ကောင်က နောက်မှာ .. သူတို့စကားနဲ့ သူတို့ ..။

“ဟဲ့!... ဘာလုပ်တာလဲ .. ဟဲ့ .. ခြော် ...”

ရုတ်တရက်ကြီး ဖြုန်းဆို သဒ္ဒါ က ကျွန်တော့်လက်မောင်းကို ကာ သူ့လက်ထဲက စားလက်စမုန့်ကို ခွံ့တော့ ကျွန်တော် အလန့် ကြား ပြောတော့ ...

“အို .. မောင်ကလဲကွာ .. ဘာတွေ စိတ်ဆိုးနေတာလဲ ..၊ ဒ္ဒါ ကို ချစ်ရင် စား ..”

ဘုရားရေ!.. ညှသံ .. ချွဲသံ .. အာခေါင်တွေတောင် ခြောက်သွေ့ မတတ် ..၊

“မဟုတ်ဘူးလေ .. ဟို .. ဟို ..”



www.burmeseclassic.com

www.burmeseclassic.com



"မောင် .."၊

တိုးတိုး ညင်ညင်သာသာနဲ့ ဆွဲဆောင်သံလေးက .. 'ဝမ်းဘဲ'လို ကြုံအော်ချင်လောက်အောင် ရှိုမြိန်လွန်းခဲ့သည်။

သူ့ရ ..၊

ဒါ မင်း သမာဓိကို စမ်းနေတာလား ..။

"အဟမ်း .."

အနီးကပ် ချောင်းဟန်သံကြောင့် .. ကြည့်လိုက်တော့ ...

"ဟာ .. ရွှေစင်မျိုးမဆက် .."

သွားပြီ ..၊

ဒီဟာမလေးက ဒီယုန်မြင်လို့ ဒီချုံထွင်လိုက်တာပေါ့..။ ကောင်က ကုလားမင်းသားတွေလို မျက်ရည်စ ဝဲစပြုပြီး...

"ခင်ဗျား .. ဗျာ .. အမှန်အတိုင်း ပြောသင့်တာပေါ့ .."

ဟာ!... သွားပါပြီ ..၊

ဟိုကဝေမက ပြုံးစေ့စေ့မျက်နှာနဲ့ ကျွန်တော့်ကို ကြည့်သည်

"ငါ .. ဘာပြောမိလို့လဲ .."

ကောင်က ဘာပြောရမှန်း မသိတော့ .. အစုလို လွတ်ခနဲ ထွက်သွားပါသည်။





အဲဒါမှ ပိုဆိုးတာပေါ့ ..၊

"ဘာ!... ပြောတယ် .."

"ခွပ် .."

ရွှေမျိုးဆက် ရဲ့လက်သီးက ကျွန်တော် မေးရိုးကို တည့်တည့်ကြီး ပါ ..။

"ဟဲ့ .. နင် ဘာလုပ်တာလဲ ..၊ နင် မောင့်ကို ထပ်လုပ်ရဲရင် ထပ်လုပ်ကြည့် ..၊ မောင် .. မောင် .. နာသွားလား .."

သဒ္ဒါ ရဲ့ အိုဗာအိုက်တင်မှုတွေက လုံသွားနဲ့ ဆောင့်ထိုး .. ဆောင့်ထိုးနေသလိုလို ..၊

ဟိုကောင်က ကျေနပ်သွားတဲ့ ပုံစံနဲ့ ...

"မှတ်ထား .. ရွှေမျိုးဆက် ဆိုတဲ့ကောင်က လိမ်တာ ကြိုက်တာ မဟုတ်ဘူး .. လိမ်တာဆိုလို့ ခြေထောက်ချင်းတောင် အားရင် မလိမ်ဘူး .. သွားပြီ .."

ကျွန်တော် ငိုသံကြီးနဲ့ အမြင်ကပ်ကပ်နဲ့ ...

"သွား .."

ကျွန်တော် မကျေမနပ်နဲ့ ပြောပြီး ဟိုကောင်တွေဘက် လှည့်တာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကွာ .. သူငယ်ချင်း အချင်းချင်း အဲလောက်ဖြစ်တာ တောင် ငါ့ဘက်က မပါဘူး .."

ကျွန်တော် စကားကြောင့် မင်းထွဋ် က သွားဖြဲလေးနဲ့ ...

"မဟုတ်ပါဘူးကွာ .. ကျောင်းဝင်းထဲမှာလဲ ဖြစ်နေ ..၊ နောက်ပြီး အခုအချိန်မှာ ဒီကောင် ကျေနပ်သွားအောင် တစ်ချက်လောက်ထိုးမှ ပြေလည်မှာလေ .. နော် ဟော့ကောင် .. ဝေလွင် .. မင်းလဲ ဝင်ပြော လေ.."

မင်းထွဋ် သတိပေးမှ ဝေလွင် သတိရကာ ပျာပျာသလဲလဲနဲ့ —

"ဟုတ်တာပေါ့ကွာ .. ဒါက ဒီလိုရှိတယ် နော် သဒ္ဒါ .."

"တော်ပါတော့ကွာ .. တော်ပြီ ဒီဟာမလေးတွေနဲ့ တွဲရတာ ကြာရင် ငါ သေနတ်ဆောင်မှ ဖြစ်မယ် .."

သဒ္ဒါ က ကျွန်တော့် စကားကြောင့် ထပ်စနေပြန်ပါသည်။

"မောင်ကလဲကွာ .. ဒီလောက်လေး ဖြစ်တာကို .."

"ဟာ .. တော်ပါတော့ မယ်မင်းကြီးမ .. ငါ ကြက်သီးတွေ တဖြန်းဖြန်း ထလာလို့ပါဟာ .."

ကျွန်တော်ရဲ့ အထိတ်အလန့် စကားကြောင့် သဒ္ဒါ နဲ့ဟိုနှစ်ကောင် တဟားဟား ..၊





"မင်းကိုတော့ ဟို ရွှေစင်မျိုးဆက် ဆိုတဲ့ကောင် .. တော်တော် ပေါက်ကွဲသွားတာကွ .."

သဒ္ဒါ က ကျွန်တော့်မျက်နှာကို ကြည့်ကာ နည်းနည်းညိုနေတဲ့ မေးရိုးကို သူမ လက်ဖျားလေးတွေနဲ့ ခပ်ဖွဖွ ကိုင်သည်။

သူမ လုပ်ပုံက ခေါင်းထဲက အငွေ့တွေ ထွက်လာသလိုလို ..၊ ရင်ထဲမှာ ကျဉ်တက်သွားသလိုလို ..၊

"ဆော်ရီး နော် .. သူရ ငါလဲ ပွဲကို အဲဒီလို အပြတ်မဖြတ်လို့ ဖြစ်လို့ပါဟာ .."

မင်းထွဋ် က သူမ လုပ်ပုံကိုကြည့်ပြီး ကျွန်တော့်ကို မျက်စိ တစ်ဖက် မှိတ်ပြပါသည်။ ကျွန်တော် မမြင်ချင်ယောင်ဆောင်နေ လိုက်ပါသည်။

ပွဲကတော့ စပြီဟေ့ .. ဘယ်သူနဲ့ ဘာဖြစ်မလဲ ..၊

ငါပဲ ယူမလား.. ဆက်စောင့်ရဦးမှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com





မယုံရှိတဲ့ ..

ငါ့ ဒိုးဒိုးရှိတယ် ...၊

အုံ့ပြာမှား .. ရိုက်ခတ်မကြွား

မျက်ရည်တွေကျခဲ့ဘူး ..

အဲဒီတုန်းက ပန်းပွင့်တွေရဲ့ နှင်းစိုတော့ ..

ပွင့်ဖတ်တွေက အုံ့ဆိုင်းတာ ..

ဒီအုး ဆီးစီးတက်တုန်းက

အရုပ် ငါ့ဝေးတော့တာပဲ ...။







"မင်း ဘယ်လိုမြင်လဲ .. ပြောစမ်းပါဦး .."

"ပါဝါတွေ တော်တော် တက်လာတာတော့ အမှန်ပဲ .. အစ်ကိုကြီး ..၊ မျက်စိ ပြန်စမ်းရမှာတော့ သေချာတယ် ဗျ .."

ညီဖြစ်သူ ဦးစိုးဝေ စကားကြောင့် အစ်ကိုဖြစ်သူ ဦးသန်းထွန်းအောင် တော်တော်ကြီးကို စိတ်ပျက်သွားပါသည်။

"ကျွတ် .. မင်းကွာ ငါပြောတာ မင်းမျက်လုံးက အမြင် မဟုတ်ဘူး ..၊ ဟိုကောင် .. ဘယ်သူ့ ဖော်ဥ .. မဟုတ်သေးပါဘူး .. ဖော်သူရ .. အေး .. ဟုတ်တယ် ..၊ ဖော်သူရ .. ဒီကောင်လေးနဲ့ မင်းသမီးငါ့သမီး .. ဘယ်သူနဲ့ ပတ်သက်လဲ ..၊ အဲဒီအမြင် .."

အစ်ကိုဖြစ်သူ စကားကြောင့် ဦးစိုးဝေ စဉ်းစားသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ပြောမှ သေချာ ပြန်စဉ်းစား သုံးသပ်ကြည့်တော့ .. သူ့သမီးနဲ့ သူ့တူမတို့ထဲက တစ်ယောက်ယောက်ဟာ ဒီ ဇော်သူရ ဆိုတဲ့ ရာဇဝင်နဲ့တော့ သက်ဆိုင်နေမှာ သေချာသလောက် ရှိနိုင်ပါတယ် ..။

"တစ်ယောက်ယောက်ကတော့ ပတ်သက်ကောင်း ပတ်သက်နိုင်တယ် ..အစ်ကိုကြီး .."

"အေး .. ငါ ထင်တော့ ထင်နေတာကွ .. အဲဒါကြောင့်မို့ မင်းနဲ့ တိုင်ပင်ကြည့်တာပေါ့ဟ .. မင်း ဘယ်သူလို့ ထင်လဲ .."

"အဲဒါတော့ ခန့်မှန်းတတ်ဘူး .. အစ်ကိုကြီး ..၊ အစ်ကိုကြီး သမီး သဒ္ဒါ နဲ့ ကျွန်တော်သမီး ဆောင်းဝေ တို့ကို မေးကြည့်မှပဲ သိမှာပေါ့ .."

ဇော်ဥအ လို့ သူတို့ခေါ်တဲ့ ဇော်သူရ အကြောင်းကို ဦးသန်းထွန်း အောင် နဲ့ ဦးစိုးဝေ တို့ လေ့လာ သုံးသပ်ကြည့်မိကြပါသည်။

"ကောင်ကလေးကတော့ .. အပြစ်ပြောစရာ မယ်မယ်ရရ မရှိပါဘူး .. မဆိုးဘူးလို့ ထင်သားပဲ .."

အစ်ကိုဖြစ်သူ စကားကြောင့် ဦးစိုးဝေ ပြုံးရင်း ...

"ဒါဆိုရင် အစ်ကိုကြီးက သဘောတူတယ်ဆိုတဲ့ သဘော





ပေါ့.."

"ဒါပေါ့ကွ .. သူတို့ကြိုက်နေတယ်ဆိုရင် ဝယ်ပေးရမှာပေါ့ .."

အစ်ကိုကြီးရဲ့ နောက်ရွှတ်ရွှတ် စကားကြောင့် ဦးစိုးဝေ က တဟားဟားနဲ့ ရယ်သည်။

"ကဲ .. ကျွန်တော်လဲ ပြန်လိုက်ဦးမယ် .."

ဦးစိုးဝေ သူ့အစ်ကို ကို နှုတ်ဆက်စကားဆိုပြီး ထရပ်တော့ ...

"ဟေ့ကောင် အခြေအနေ အကြောင်းကိစ္စ ထူးရင်လဲ .. ငါ့ကိုလဲ ပြောဦးဟ .."

ဦးစိုးဝေ မျက်မှောင်ကြုတ်ကာ ...

"ဘာကိုလဲ .. အစ်ကိုကြီးရဲ့ .."

"ဟာ .. ဒီကောင် ..၊ ဇော်ဥအ နဲ့ မင့်သမီး.. ငါ့သမီး .. ဘယ်သူလဲဆိုတာကိုပေါ့ ဟ .."

"စိတ်ချစမ်းပါ အစ်ကိုကြီးရာ ..၊ ကဲ .. သွားပြီ .."

"အေး .. အေး .."

ဦးစိုးဝေ သူ့ခြံဘက်ကို ကူးသွားတော့ ဦးသန်းထွန်းအောင် တစ်ယောက်တည်း ဆေးမှ ချထားတဲ့ ဂျာနယ်ကို ပြန်ကိုင်မယ် အထုပ် ခြံထဲကို ဝင်လာတဲ့ ကားကိုကြည့်တော့ .. သူ့သမီး နေသဒ္ဒါ ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားမှန်း သိတော့ ဂျာနယ် ကောက်မကိုင်ဖြစ်တော့ ..။

နွေသဒ္ဒါ က ကားကို ရပ်ကာ ဦးသန်းထွန်းအောင် ဆီ လျှောက်လာတော့ ...

"ဘယ်က ပြန်လာတာလဲ သမီး .."

"သူငယ်ချင်းဆီက ဖေဖေ .."

သဒ္ဒါ က ဖေဖေ့ မျက်နှာချင်းဆိုင်က ခုံမှာ ဝင်ထိုင်ပါသည်။

"အတော်ပဲ .. သမီးကို ဖေဖေ မေးစရာ ရှိတယ် .."

"ဘာကိစ္စလဲ .. ဖေဖေ .."

သဒ္ဒါ အမေးစကားကြောင့် ဦးသန်းထွန်းအောင် အခုလို ပြောပါသည်။

"ဒီလို သမီးရဲ့ .. ခုန ဖေဖေနဲ့ သမီး လေးလေးတို့ သမီးနဲ့ ဆောင်းဝေ တို့ အကြောင်းကို ဆွေးနွေးဖြစ်ကြတယ်လေ .."

"ဆောင်းဝေ နဲ့ သမီး ..၊ ဘာကိုလဲ ဖေဖေ .."

"ဒီကိစ္စက အမှန်က သမီးမေမေနဲ့ ဆွေးနွေးသင့်တဲ့ စကားပါ..၊ ဒါပေမယ့် အဖေတစ်ယောက်အနေနဲ့ ပြောခွင့်ရှိတယ် ထင်လို့ .."

စကားပလ္လင်ခံနေတဲ့ ဖေဖေ့ စကားတွေကြောင့် သဒ္ဒါ ရယ်မော





မိပြီး ...

"ဖေဖေ ရယ် .. ပြောမယ့်အရေး ပြောပါတော့ .."

"အေးပါ .. ရှင်းရှင်းပဲ ပြောတော့မယ် သမီး ..၊ မောင်ဇော်သူရနဲ့ သမီးတို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်နေလိမ့်မယ်လို့ ဖေဖေရော သမီး လေးလေးပါ ယုံကြည်နေတယ် ..တဲ .."

ရုတ်တရက် ကြားလိုက်ရတဲ့ စကားမို့ သဒ္ဒါ အံအားသင့်မိပေမယ့် ဆောင်းဝေ ဘက်က တုံ့ပြန်မှုကို သိချင်နေတာကြောင့် ...

"ဒါဆို .. သမီးကို ဖေဖေ မေးသလိုပဲ လေးလေး က ဆောင်းဝေကိုလဲ မေးမှာပေါ့ .."

"ဒါပေါ့ သမီးရဲ့ .."

အစကတော့ .. သဒ္ဒါ ငြင်းမလို့ပဲ ..၊

ဒါပေမယ့် ဖျတ်ခနဲ ဝင်လာတဲ့ သူရ ရဲ့ပုံရိပ် ..၊ ပြီးတော့ မထင်မှတ်ပဲ လွှတ်ခနဲ ပြောမိတဲ့ စကား ...

"ဟုတ်တယ် ဖေဖေ .. သမီးနဲ့ သူရ ကြိုက်နေကြပါတယ် ..၊ သမီးနဲ့ သူရ ကို ဖေဖေ သဘောမတူဘူးလား ဟင် .."

သဒ္ဒါ စကားကြောင့် ဦးသန်းထွန်းအောင် က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူစရာ မရှိပါဘူး သမီးရယ် ..၊ မောင်သူရ က လူကောင်းတစ်ယောက်ဆိုတဲ့ စကားနဲ့တင် လုံလောက်ပါပြီ ..၊ ပြီးတော့ သမီးအနာဂတ်မှာ သမီးနဲ့ သူနဲ့က အတူနေမှာလေ .. ဖေဖေ နေရမှာ မဟုတ်ဘူး .."

"ဟာ!... ဖေဖေ ကလဲ .."

သဒ္ဒါ ရှက်ရှက်နဲ့ ထပြေးသွားပါသည်။

ဦးသန်းထွန်းအောင် တဟားဟားနဲ့ ရယ်ပြီး ကျန်နေခဲ့ပါတယ်..။

အဲဒီအချိန်မှာ စားပွဲ ပေါ်က ဖုန်းက မြည်လာတာကြောင့် ဖုန်းကို ကြည့်မိတော့ .. ညီတော်မောင် စိုးဝေ ဆီက ဖုန်း ..၊

"ပြော .. စိုးဝေ ဘာထူးလို့လဲ .."

"ထူးတယ် .. အစ်ကိုကြီးရေ .. အစ်ကိုကြီး တူမ ဆောင်းဝေနဲ့ မောင်သူရ နဲ့က ကြိုက်နေတာ ဗျ .."

"ဟေ!..."

ရုတ်တရက် ကြားလိုက်ရတဲ့ စကားကြောင့် ဦးသန်းထွန်းအောင် မျက်လုံးဂတွ ဘာတွေ ပြူးသွားပါသည်။

"ဟ .. အခုလေးတင်ပဲ သဒ္ဒါ့က သူနဲ့ မောင်ဇော်သူရ နဲ့





ကြိုက်နေပါတယ်လို့ ဝန်ခံသွားတာ ..၊ ဘာတွေ ဖြစ်ကုန်တာလဲ ..."

"ဗျာ!..."

ဦးသန်းထွန်းအောင် စကားကြောင့် ဦးစိုးဝေ ကလဲ ကြောင်အောင်တောင် ဖြစ်သွားပါသည်။

ညီအစ်မနှစ်ယောက်ကိုတော့ ဒီကောင် တစ်ပြိုင်တည်း ညည်းစားထားတော့ မပြောနိုင်လောက်ဘူး ထင်ပါသည်။

တစ်ခုခုတော့ မှားနေလောက်ပြီလို့ ဦးစိုးဝေ တွေးမိပါသည်။

"ဘယ်လိုတွေလဲ .. အစ်ကိုကြီးရယ် .."

"အေးကွာ .. ဘာတွေ ဖြစ်ကုန်မှန်းတောင် မသိတော့ပါဘူး.."

"အေးကွ .. ဒီကိစ္စကို သူတို့နဲ့ မမေးတော့ဘဲ မောင်ဇော်သူရ ကို မေးကြည့်ရင်ရော ဟင် .. အစ်ကိုကြီး .."

ညီတော်မောင် ရဲ့ အကြံပေးချက်က အသင့်တော်ဆုံးမို့ ...

"အေး .. အဲဒါပဲ ကောင်းတယ် ..၊ ဟစ်ရက်ရက် မင်းနဲ့ ငါနဲ့ ကောင်လေးကို တစ်နေရာရာမှာ ချိန်းပြီး ဆွေးနွေးကြည့်ရင် ကောင်းမယ် .."

"ဟုတ်တယ် အစ်ကို .. အဲဒါ ကောင်းတဲ့ အကြံဉာဏ်ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အေး... အေး .. ဒါပဲ .. ဒါပဲ ..."

ဦးသန်းထွန်းအောင် ဖုန်းကို ပြန်ပိတ်ပြီး တစ်ယောက်ထဲ ဈေ တွေးရာ တွေးနေမိပါသည်။

မောင်ဇော်သူရ တစ်ယောက် တမင်ပဲ နှစ်ယောက်လုံးကို ရှ စားစကားပြောပြီး နှစ်ယောက်လုံးနဲ့ ချစ်သူဖြစ်နေကြတာလား —

ဒါတော့ မဖြစ်နိုင် ..၊

နှစ်ယောက်လုံးက တစ်နေရာစီက မဟုတ်..၊ ပြီးတော့ ညီအ တွေ .. ကျောင်းက တစ်ကျောင်းတည်း ..။

ဒါဆို .. ဘာလဲ ဦးသန်းထွန်းအောင် စိတ်ရှုပ်ရှုပ်နဲ့ သက်ပြ ကြီးကို အပြင်းအထန် ချပစ်မိပါသည်။





ဝေလွင် တို့အိမ်ကို သွားတော့ ဝေလွင့် မားသားကြီးက ...

"မရှိဘူး သားတို့ရေ.. သူ့အဖေ ခိုင်းလိုက်လို့ မြို့ထဲ သွားတယ် ဆော့ .."

အဲဒီစကားကြောင့် နှစ်ယောက်သား လမ်းထိပ် လက်ဖက်ရည် ဆိုင်ဘက် ပြန်ဦးလှည့်လာရင်း ....

"လက်ဖက်ရည် တိုက်ကွာ .. မင်းထွန်း .."

ကျွန်တော့် စကားကြောင့် ...

"ဟ .. ငါတောင် မင်းကို လက်ဖက်ရည်တိုက်ခိုင်းမလို့ပဲ သူ့ရေ ငါလဲ ဘိုင်ပြတ်နေတယ် .."

"ငါလဲ ပြတ်နေတယ်ကွ .. မင်း ဖြစ်ဖြစ် .. ဝေလွင် ဖြစ်ဖြစ် .. တိုက်ခိုင်းမလို့ဘဲ .. အရေးထဲ ဒီကောင်ကလဲ မရှိ .."



www.burmeseclassic.com

www.burmeseclassic.com



"ကြာတယ်ကွာ .. ထုံးစံအတိုင်း အကြွေးပေါ့ .."

"အေးပေါ့ကွာ .. ရှေ့မျက်နှာ နောက်ထားပြီး အကြွေးမှတ်ရ မှာပဲ .."

"ကောင်းတယ် .. သူရ .."

သူတို့ ခပ်တည်တည်နဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဘက် ရှိတက်လာကြရင် လမ်းမှာ ခင်မျိုးအေး နဲ့တွေ့ပါတယ် ..၊ ခင်မျိုးအေး က သူ့အစ်မအိမ်ရှေ့မှာ သူ့တူလေး ဘိုဘို ကို ချော့မြှူနေပါသည်၊

"ဟော့ကောင် .. ခင်မျိုးအေး .."

ကျွန်တော် ခပ်တိုးတိုး လှမ်းပြောတော့ .. မင်းထွဋ် က သွားဖြီး တဖြီးဖြီး ..၊ မင်းထွဋ် နဲ့ ခင်မျိုးအေး နဲ့က ဘယ်တော့မှ မတည့် ..

ဟိုကောင်က ခင်မျိုးအေး ကို တွေ့ရင် တွေ့တိုင်း အမြဲ စနောက် တတ်နေကျ ..၊ ခင်မျိုးအေး က သူတို့ကို မမြင်သေး ..။

"တီတီ .. သားကို မုန့်ဖိုးပေး .."

ဘိုဘို့ စကားကြောင့် ခင်မျိုးအေး က ဘိုဘို ကို အခုလို ပြော သည် ..၊

"မုန့်ဖိုး လိုချင်ရင် တီတီပါးကို နမ်း .. တစ်ခါနမ်းရင် နှစ်ရာ ပေးမယ် .."





"နမ်းဖူး .. မုန့်ဖိုး ပေး .."

"ဟင့်အင်း .. နမ်းမှ မုန့်ဖိုးပေးမယ် .."

"ဟဲ့ .. ငါ နမ်းမယ် .. ငါးခါ နမ်းမယ် .. တစ်ထောင်ပေး .."

ရုတ်တရက် သူမ နောက်ကနေ မင်းထွဋ် ပြောလိုက်တော့ ခင်မျိုးအေး မင်းထွဋ် ဘက် လှည့်ကာ ...

"ဘာ!... ပြောတယ် .. မင်းထွဋ် .. နင်!... နင် .."

မင်းထွဋ် က စပ်ဖြီးဖြီးနဲ့ ...

"ဟုတ်တယ်လေ .. နင်ပဲ တစ်ခါနမ်း နှစ်ရာဆို .. ကလေးမှ နမ်းချင်တာ ..၊ ငါ သူ့ကိုယ်စား ငါးခါ နမ်းမယ် .. လုပ်ပါဟာ .. ငါတို့နှစ်ယောက် လက်ဖက်ရည်ဖိုး မရှိလို့ .."

"နင် .. နင် .. သေနာကောင် .. မသာ .."

ခင်မျိုးအေး ဟိုကြည့်ဒီကြည့်နဲ့ အုတ်နီခဲ ရှာတော့ ကျွန်တော် နဲ့ မင်းထွဋ် တဟားဟားရယ်ကာ ထွက်ပြေးကြပါသည်။

ခင်မျိုးအေး မင်းထွဋ် ကို ဆဲရင်း ကျန်ရစ်ခဲ့ပါသည်။

"ခင်မျိုးအေး တော့ အတော်ကို ဒေါပွနေပြီ မင်းထွဋ် .."

"ဟိ .. ဟိ .. ငါလဲ စေတနာအရင်းခံနဲ့ သူ့ ကျေနပ်အောင် ပြောပေးတဲ့ ဟာကို .."



www.burmeseclassic.com

www.burmeseclassic.com



မင်းထွဋ် စကားကြောင့် ကျွန်တော် တဟားဟား ရယ်ရင်း လျှောက်လာခဲ့ကြပါသည်။ လက်ဖက်ရည်ဆိုင်နား ရောက်တော့ သူတို့ဘက် ဦးတည်လာတဲ့ ကားကြောင့် ...

"ဟောကောင် .. ရှေ့က ကားက ဆောင်းဝေ တို့အိမ်က ကား ထင်တယ် .."

မင်းထွဋ် စကားကြောင့် ကျွန်တော် သေသေချာချာ ကြည့်တော့ ဟုတ်တယ် ...၊ မောင်းလာတဲ့သူက အန်ကယ်စိုး .. သားမှာက အန်ကယ်သန်း ...။

"ဟုတ်တယ် .. မင်းထွဋ် ဘယ်ကလာတာလဲ မသိဘူး .."

ဦးစိုးဝေ တို့က သူတို့နှစ်ယောက်ကို မြင်သည်။

အနားရောက်တော့ ကားကို ရပ်ကာ ...၊ ကားမှန်ကို ချသည်။ ကျွန်တော်က တရိုတသေနဲ့ ...

"ဘယ်ကလာတာလဲ .. အန်ကယ် .."

အန်ကယ်စိုး က သူတို့ကို ပြုံးပြီး ...

"မင်းဆီပဲ မောင်သူရ .. ဒါနဲ့ မင်းတို့က .."

"ဒီလက်ဖက်ရည်ဆိုင် လက်ဖက်ရည်သောက်ဖို့ ထွက်လာတာ အန်ကယ် .. ဒါနဲ့ ဘာကိစ္စရှိလို့လဲ အန်ကယ် .."





အန်ကယ်စိုး က အန်ကယ်သန်း ကို ကြည့်တော့ ...

"နှစ်ယောက်လုံးသာ ခေါ်ခဲ့တော့ စိုးဝေ .."

အန်ကယ်သန်း စကားကြောင့် .. အန်ကယ်စိုး က ...

"ကဲ .. ကဲ .. နှစ်ယောက်လုံး ကားပေါ်တက် .. လက်ဖက်ရည် သောက်မနေနဲ့တော့ကွာ ..၊ ဪ .. ဒါနဲ့ မင်းတို့ ဘီယာ သောက် သား .."

အန်ကယ်စိုး စကားကြောင့် ရေတော်တုန်း ဘုံဘိုင်ခေါင်းနား စပ်ဟထားမိတဲ့ ကျွန်တော်တို့ အကြိုက် တွေ့တာပေါ့ ..။

"ဟဲ .. ဟဲ .. နည်းနည်းပါးပါး လေးငါးကျားပေါ့ .. အန်ကယ် ည် .."

အန်ကယ် က မင်းထွဋ် စကားကြောင့် ရယ်သည်။ ကျွန်တော် ဦ့နှစ်ယောက် နောက်ခန်းက ဝင်ထိုင်ပါသည်။

အန်ကယ်က ကားကို နောက်ပြန်ဆုတ်ပြီး လမ်းမပေါ်ရောက် တော့ ကားကို အရှိန်နဲ့ မောင်းထွက်သွားပါသည်။

"ဒီနားမှာ အေးအေးဆေးဆေး သောက်လို့ကောင်းမယ့်ဆိုင် ရှိရင် ပြန်ကွာ .. မောင်သူရ .."

ကျွန်တော် ခေါင်းညိတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တစ်မှတ်တိုင်လောက် ဆို .. 'ရွှေရောင်'ဆိုတဲ့ ဘီယာဆိုင် ရှိတယ် ..၊ ခြံဝန်းထဲမှာဆိုတော့ အေးအေးဆေးဆေးပဲ .."

ကျွန်တော်ပြောတဲ့ ဆိုင်ရှေ့ရောက်တော့ ခြံထဲကို ကားကိုမောင်း ဝင်ပြီး ကားကို ပါကင်ထိုးကာ အားလုံး ဆင်းလာကြပါသည်။ ဆိုင် ထဲရောက်တော့ အန်ကယ်စိုး ကပဲ အစားအသောက်တွေ မှာပြီး ..

"မင်းတို့ စားချင်တာ မှာနော် .. အားမနာနဲ့ .."

"ပြည့်စုံပါပြီ အန်ကယ် .."

အစားအသောက်တွေ ရောက်လာတော့ .. ကိစ္စအကြောင်းရင်း ကို မပြောသေး ..၊ တစ်ခွက် နှစ်ခွက်လောက် သောက်ပြီးတဲ့အချိန် လောက်ကျမှ အန်ကယ်သန်း က လျှာလေးအာလေး သွက်လာ ရပါတယ် ..။

"ဒီလိုကွာ .. မင်းကို တွေ့ချင်ရတဲ့ အကြောင်းရင်းက ရှင်းရှင်း မေးမယ် .. ဆောင်းဝေ နဲ့ သဒ္ဒါ နဲ့ နှစ်ယောက်ထဲက မင်းနဲ့ ကြိုက် နေတာ ဘယ်သူလဲ .."

"ခွီး .. ဖွီး .. ဖရူး .."

သောက်နေဆဲ ဘီယာတွေသီးကာ ပြန်အန်ထွက်လာပါသည်။ ကျွန်တော် ကမန်းကတမ်းနဲ့ တစ်ရှူးယူကာ စားပွဲပေါ် အနည်းငယ်





စွန်းပေသွားတဲ့ ဘီယာစက်တွေကို သုတ်သင် ရှင်းလင်းရင်း ...

"ကန်တော့ .. ကန်တော့ .. အန်ကယ် .."

"ရပါတယ်ကွာ .. မင်း ဘီယာသီးသွားရအောင် .. ငါ့စကား မှာ ဘာအမှား ပါသွားလို့လဲ .."

မင်းထွဋ် ကလဲ အန်ကယ်သန်း အမေးကြောင့် ရယ်ရအခက် ပြုံးရအခက် ဖြစ်နေရှာသည်။

"ကျွန်တော်နဲ့ ဆောင်းဝေ နဲ့ သဒ္ဒါ ..၊ ဟာ!... ကံကြီးစည်ရာ အန်ကယ်ရယ် .."

ကျွန်တော့် စကားကို အန်ကယ်စိုး ကလဲ ယုံကြည်ပုံ မပေါ် ...

"လုပ်မနေနဲ့ မောင်သူရ .. ငါရော မင်း အန်ကယ်သန်း ပါ ဆောင်းဝေ ရော .. သဒ္ဒါ ပါ မေးကြည့်ပြီးသွားပြီ .."

"ဟင် .. ဒါဆို သူတို့က ဘာပြောလဲ .."

ကျွန်တော် ကမန်းကတမ်း ပြောမိတော့ အန်ကယ်စိုး က အစ်ကို ဖြစ်သူကို တစ်ချက်ကြည့်ကာ .. သူ့ဆီကို ပြန်လှည့်ပြီး ...

"အေး .. နှစ်ယောက်စလုံးက မင်းနဲ့ ကြိုက်နေကြတယ် ပြောလို့ ပေ့ .."

"ဗျာ!..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ် .."

အန်ကယ်စိုး သက်ပြင်းချ ခေါင်းညိတ်ပြီး လက်ကျန် ဘီယာကို တစ်ကျိုက်တည်း မော့ချပါသည်။ ကျွန်တော်နဲ့ မင်းထွဋ် မျောမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပါးစပ်အဲဟောင်းသား မင်းထွဋ် က ကြောင်တောင်တောင်နဲ့ ...

"ဟာ!... သူရ .. မင်းက နှစ်ယောက်လုံးနဲ့ ဟို .. ဟို .."

ကျွန်တော် အကြောက်အကန် ငြင်းရပါသည်။

"ဟေ့ကောင် .. ဟာ .. မဟုတ်ပါဘူးကွာ .. ရည်းစားဆိုလို့ ဆီးပြားတောင် ဝယ်မစားဖူးဘူး .."

"မင်း တကယ် ပြောနေတာလား .. မောင်သူရ .."

"တကယ်ပါ အန်ကယ် .."

"ဟုတ်နေတယ်ဆိုရင်လဲ .. မတားပါဘူးကွာ .. အန်ကယ်တို့ သဘောတူပါတယ် .. မင်း ဘယ်သူနဲ့ဖြစ်နေလဲ .. ရဲရဲသာ ပြော .."

"ရဲရဲ ရော .. နီနီ ရော .. ပြောပြရရင် တကယ် ဘုရားစူး ...၊ သူတို့နဲ့ ကျွန်တော် မပတ်သတ်ခဲ့ပါဘူးဗျာ .. အန်ကယ်ရယ် .. နောက်စရာရှိရင် ဒီပြင်ဟာနဲ့ နောက်ပါ ..၊ သောက်ထားတာသဲ နှစ်ခွက်ပဲ ရှိသေးတယ် .. အန်ကယ်တို့ မမူးသေးပါဘူးနော် .."





"ဟာ .. မမူးပါဖူးကွာ .. ဒါဆိုရင် သူတို့ ဘာလို့ အခုလို ပြောရတာလဲ .."

"မသိဖူးလေ .."

ကျွန်တော် ညောင်နာနာနဲ့ပြောတော့ အန်ကယ်သန်း က အလေးအနက် စဉ်းစားပြီး ...

"အေးကွ .. စဉ်းစားစရာပဲ .. ဒီကလေးမတွေ ဒီကိစ္စကို နောက်စရာ ထင်နေတယ် ..၊ ကဲ .. ကဲ .. ဘာမှ စိတ်ထဲမထားနဲ့ သောက်စရာရှိတာ လွှတ်လွှတ်လပ်လပ် သောက် .."

သူရ စိတ်ထဲကာ္န အဲဒီနှစ်ကောင်ကို ပျစ်ပျစ်နှစ်နှစ် ပြောမိပါသည်။

တောက် .. လျှာနှစ်ခွနဲ့ အိကြာကွေးမတွေ တွေ့မယ် ..၊ မနက်ဖြန် ကျောင်းမှာဆုံလို့ကတော့ .. သေပြီသာ မှတ် ..။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟယ် .. ငါတို့က နင့်ကို လာမမေးဘူးထင်လို့ ဖေဖေ့ကို စလိုက်တာပါဟယ် .."

"ဟုတ်ပါတယ် ဟယ် .. နော် သူရ .. စိတ်မဆိုးနဲ့နော် .."

ကျောင်းမှာဆိုတော့ သူ အဲဒီနှစ်ကောင်ကို အစုလို အားလုံးရှေ့မှာဆုံပြီး ပြောတော့ ဆောင်းဝေ နဲ့ သဒ္ဒါ က ပြုံးစေ့စေ့ အစုလို တောင်းပန်သည် ..။

သူ မကျေမနပ်နဲ့ ...

"နင်တို့ဟာလေ ပြောလဲ ပြောတတ်တဲ့ဟာတွေ .. အပေါင်းအသင်းလုပ်လို့ မကောင်းဘူး .."

"ရည်စား လုပ်လိုက်ပေါ့ .."





ဆောင်းဝေ ပြုံးစေ့စေ့နဲ့ သူရ ကို စမိတော့ သဒ္ဒါ က ဆောင်းဝေ ကို ဖျတ်ခနဲ ကြည့်ပါသည်။

"တော်ပါ .. နင်တို့နှစ်ယောက်က တကယ့် လျှာနှစ်ခွနဲ့ အိကြာကွေးမ .."

"မြွေဟောက်ပါကွာ .."

ဝေလွင် က ဝင်ပြောတော့ သူ တင်းတင်းနဲ့ ...

"ဟော့ကောင် အိကြာကွေးမပဲ .. သူလဲ နှစ်ခွပဲဟာ .."

"တော်သေးတာပေါ့ကွာ .. လေးခွ မဖြစ်လို့ လေးခွဆို ပုကွကွကြီး ဖြစ်နေမှာ .."

မင်းထွဋ် က အရေးထဲ နောက်နေပါသေးသည်။

"ဟုတ်ပါ့ကွာ .. မနေ့က ငါနဲ့ သူရ ဘီယာတောင် အေးအေးဆေးဆေး မသောက်လိုက်ရဘူး .. ဒီကောင်ဆို ကြားကြားချင် ဘီယာတောင် သီးတယ် ...၊ နင်တို့နှစ်ယောက်ကလေ ကိုယ့်အဖေတောင် ချန်ဘူး .. ဒါနဲ့ နင်တို့ အဖေတွေ ဘာတွေ ထပ်မေးသေးလဲ .."

ဆောင်းဝေ က ရယ်ပြီး ...

"ဟင့်အင်း .. ဘာမှတော့ ထပ်မမေးဘူး ...၊ နင်ရော သဒ္ဒါ .."

သဒ္ဒါ ကလဲ ခေါင်းခါပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. လစ်မယ် အတန်းချိန် နီးပြီး .."

ဝေလွင် က နာရီကို ကြည့်ကာ ထရပ်သည်။

မင်းထွန်း နဲ့ သူရ ကလဲ ဝေလွင် နဲ့အတူ အားလုံးကို လက်ပြကာ ထွက်သွားပါသည်။

"ဟဲ့ .. ထလေ .."

အေးစန္ဒာ က သဒ္ဒါ ကို ပြောတော့ .. သဒ္ဒါ က ...

"ငါနဲ့ ဆောင်းဝေ ခဏနေခဲ့မယ် .. ပြောစရာ ရှိလို့ .."

သဒ္ဒါ စကားကြောင့် ဆောင်းဝေ က သဒ္ဒါ ကို ကြည့်သည်။

"ဒါဆိုလဲ ပြီးရော .. နင်တို့ရော လိုက်မှာလား .."

အေးစန္ဒာ စကားကြောင့် ဖူးဖူး နဲ့ရွှေစင် တို့က ခေါင်းညိတ်ကာ အေးစန္ဒာ တို့နဲ့အတူ ထွက်သွားပါသည်။ တစ်အောင့်ကြာတဲ့အထိ စကားမပြောဖြစ်ကြ..။

"နင် ဘာပြောစရာရှိလဲ သဒ္ဒါ ..၊ သူရ ကိစ္စလား .."

သဒ္ဒါ ဆောင်းဝေ စကားကြောင့် မျက်ခုံးမြှင့်တက်မိကာ ဆောင်းဝေ ကို ကြည့်တော့ ဆောင်းဝေ က ပြုံးပြီး ...

"နင် ဘာဖြစ်လို့ ဘာအကို သူရ နဲ့ချစ်နေပါတယ်လို့ ပြော တာလဲ ဆောင်းဝေ .."





"နင် အရင်ဖြေ .."

"ငါက အရင်မေးတာလေ .."

မေးဖို့ ကြံစည်ထားတဲ့ သဒ္ဒါ ကိုယ်တိုင် ပြန်အမေးခံနေရပါသည်။

သဒ္ဒါ စိတ်ဆုံးဖြတ်လိုက်ပြီး ...

"ငါ အမှန်အတိုင်းပြောမယ် ဆောင်းဝေ .. ငါ သူရ နဲ့ ချစ်နေပါတယ်လို့ ပြောလိုက်တာဟာ .. ထုံးစံအတိုင်း နင်နဲ့ ပြိုင်ချင်လို့ မဟုတ်ဘူး ဆောင်းဝေ .. ငါ ကိုယ်တိုင်က သူရ ကို ချစ်နေလို့ပဲ .. ကဲ .. နင့်အလှည့် .."

သဒ္ဒါ ရဲ့ ပြတ်ပြတ်သားသား စကားက ဆောင်းဝေ အတွက် မအံ့ဩပါ ..၊ သူမ တွေးထားတဲ့အတိုင်းပါပဲ ..။

"ဟုတ်တယ် .. ငါလဲ နင့်လိုပဲ သဒ္ဒါ ..၊ ငါ သူရ ကို ချစ်တယ်..၊ အဲဒါကြောင့် ဖေဖေကို နင့်လိုပဲ ပြောလိုက်မိတာ .. ကဲ .."

သဒ္ဒါ ဆောင်းဝေ ဆီက အခုလို ပြတ်ပြတ်သားသား စကားကြောင့် ကျေနပ်သွားပါသည်။ အဲဒါကြောင့် ...

"ဒါဆိုရင် ဒီပြဿနာရဲ့ အဖြေက သူရ ဆီမှာပဲ ရှိတော့တာပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် .. ခက်တာက ငါတို့ကို သူရ စိတ်ဝင်စား မဝင်စားဆိုတာ သိအောင် လုပ်ရမယ် .."

ဆောင်းဝေ စကားကြောင့် သဒ္ဒါ က အခုလို ပြောပါသည်။

"သူ ငါတို့နှစ်ယောက်ထဲက တစ်ယောက်ကို ကျိန်းသေ စိတ်ဝင်စားမှာပါ ..၊ ခက်တာက သူ့ရင်ထဲက စကားကို အပြင်ထွက်လာအောင် လုပ်ဖို့ .."

"ကန်စွန်းရွက်နဲ့ မျှားကြည့်ပါလား .."

"ဟဲ့ .. လိပ်ခေါင်း ဟဲ့ .."

သဒ္ဒါ သူ့ဘာသာသူ ပြောပြီး တဟားဟား ရယ်ပါသည်။ ဆောင်းဝေ က သေသေချာချာ စဉ်းစားနေပုံကြောင့် သဒ္ဒါ က ...

"နင့်မှာ ဘာအကြံအစည်ရှိလို့လဲ .. ဆောင်းဝေ .."

"ရှိတယ်ဟ .. ခဏနေဦး .. ငါ စဉ်းစားနေတာ .."

"ဘာလဲ .. ဒီကောင့်ကို နင် ကားတင်ပြေးမလို့လား ဟဲ့ .. အဲဒီလို လုပ်လို့ မရဘူး နော် .. တရားသဖြင့်ပဲ ဖြစ်စေရမယ် .."

"ဟာ .. နင်က တစ်မျောင့် .. ဒီလိုဟ .."

ဆောင်းဝေ က သူ့စိတ်ကူးထဲက အစီအစဉ်ကို ပြောပြတော့...

"ဟဲ့ .. ဟုတ်ပါ့မလား .."





"ဟုတ်ပါတယ်ဟာ .. ဘာလို့ မဖြစ်ရမှာလဲ .."

"မဟုတ်ဘူးလေဟယ် .. ငါတို့က မိန်းကလေးဆိုတော့ .."

"သြော် .. ဒီလောက်တော့ ရင်းရမှာပေါ့ ..၊ ပြီးတော့ ဘာမှ ဖြစ်လောက်တဲ့ကိစ္စမှ မဟုတ်တာ ..၊ တစ်ခုတော့ ရှိတယ်နော် .. သူ့ဆီက ဘယ်သူကို ချစ်ပါတယ်လို့ မပြောမချင်း သူ့ကို ဘာမှမပြောကြနဲ့ .."

"အိုကေ .. ဒါဆိုရင် ဒီစီမံကိန်းကို ပဥ္စပါဝီ စီမံကိန်းလို့ နာမည်ပေးရမယ် .."

"အိုကေ .. ရိုက် .."

ညီအစ်မ နှစ်ယောက် အကြံအစည်ကြီးကြီးနဲ့ လက်ဝါးချင်းရိုက်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တို့ သတ်ကွင်းထဲမှာ ကျွန်တော် သက်ဆင်းရမယ်လို့ ကျွ
တော် ဘယ်သိပါ့မလဲ ..၊

ချစ်ခြင်းမေတ္တာတရားအတွက် ရာပုံတော်ခရီးမှာ ကျွန်တော်
ခရီးသည်ပါ။ သံလိုက်အိမ်မြှောင် မပါ .. မြေပုံမပါပဲ ဒီခရီးကို ကျွ
တော် ဖွတ်ထွက်ရတော့မယ့်အချိန်ပါ ..။

အိပ်မက်လေပြည်တွေ တသုန်သုန် စီးမျောနေတဲ့အရပ်
ကျွန်တော် မျက်နှာမူပြီး ခရီးဆက်နေရပါတယ် ..။

တစ်ည .. ကျွန်တော် အချစ်ဆိုတဲ့တစ္ဆေ အခြောက်ခံလိုက်ရ
ည ..၊ လူကို အရှိုက်သည်းလှိုက် ချောက်ချားသွားတဲ့ညပေါ့ ..

ကျွန်တော် .. မင်းထွဋ် .. ဝေလွှင် .. ဆောင်းဝေ နဲ့ သ
တို့ အားလုံး အပါပေါ့ ..။





ပျော်ရွှင်စရာ ပော်လိုးဝင်းညကို ဆင်နွှဲခဲ့ပါတယ်..၊ ကျောင်းက
ငယ်ချင်းတစ်ယောက်ရဲ့ ခြံထဲမှာဆိုပါတော့ .. ကျွန်တော် ဒီလိုပွဲ
တွေ သွားလေ့သွားထ မရှိပါ ..။

သို့ပေမယ့်လည်း ဆောင်းဝေ နဲ့ သဒ္ဒါ တို့ရဲ့ အတင်းလှို့ဆော်
ခေါ်ယူမှုကြောင့် လိုက်ပါလာခဲ့ပါတယ်။ တစ္ဆေမျက်နှာဖုံးတွေ ကိုယ်စီ
တပ်ဆင်ထားတဲ့ပွဲ ..။ မီးရောင်က စိတ္တဇဆန်ဆန် ပြာလဲ့လဲ့ မှိုင်း
သဲ..၊ မီးခိုးတွေလို မြူတွေလို လွင့်ပါးမှု ..၊ ကျွန်တော် သူ့အုပ်စု
ကိုယ့်အုပ်စု ရောနှောနေပါတယ်။

ကျွန်တော်လဲ ငြီးစီစီဖြစ်တာကြောင့် လူရှင်းတဲ့ဘက်ကို တစ်
ဘက်တည်း ထွက်လာခဲ့မိပါသည်။ လရောင်က လင်းဝပ်ဝပ် ကျွန်
တော် လဝုပ်ဝုပ်ကို ငေးမော့ကြည့်စဉ် မီးတွေ ပိတ်မှောင်ကျသွားပါ
သည်။

ပြီးတော့ တစ်ဦးဦး တစ်ယောက်ယောက်ရဲ့ နောက်က သိုင်းဖက်
ခြင်းကို ခံစားလိုက်ရပါသည်။ နွေးထွေးတဲ့ အထိအတွေ့ လှိုင်း
လှိုင်းတွေ အထပ်ထပ် ရိုက်ခတ်မှုကြားမှာ ကျွန်တော် ပိတ်မိနေ
တယ်။ ရနံ့တစ်ခု ..၊

သိုင်းဖက်ထားတဲ့ အရိပ်က ချက်ချင်းခွာသွားပါတယ် ..။ မှောင်



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကြားမှာ ကျွန်တော် ရှာဖွေလို့ မရ ..၊ မီးရောင်တွေ ပြန်

လင်းလာပါသည်။ ကျွန်တော့်အနားမှာ တစ်ယောက်မှ မရှိ ..။

ကျွန်တော် ငေးကြောင်ကြောင် ဖြစ်နေစဉ်မှာ မီးတွေ ချက်ချင်း ပြန်ပိတ်သွားပြန်ပါသည်။ အလှည့်အပြောင်းတွေ အဖြစ်အပျက်တွေ အရမ်းမြန်ဆန်လွန်းသည်။

ကျွန်တော် ရင်ခွင်ထဲကို တစ်စုံတစ်ခု တိုးဝင်လာသည်။ တန် ကြီး နှုတ်ခမ်းနီရနံ့က ကျွန်တော် နှာခေါင်းဝမှာ ..၊ ပြီးတော့ ပါးပြ က နွေးခနဲ အုံ့ဩမှုတွေရဲ့ကြားမှာ ကျွန်တော် သတိကို လှုပ်နိုးချိန် ထိုအရိပ်က မရှိတော့ ..။

ပြီးတော့ မီးတွေ ပြန်လင်းလာပါသည်။

ကျွန်တော် ငေးကြောင်ကြောင် အဲဒီနေရာမှာ ကျောက်ရုပ်တ ရုပ်လို ရပ်မိနေစဉ်မှာ ခပ်လှမ်းလှမ်းမှာ အရိပ်နှစ်ခုကို တွေ့လိုက်ရ သည်။ ဆောင်းဝေ နဲ့သဒ္ဒါ ကျွန်တော့်ကို သူတို့ ကြည့်နေတဲ့ အကြ တွေက အဓိပ္ပာယ်ပေါင်းများစွာ ..၊ ကျွန်တော် တောနက်ကြီးထဲ ရှ တိုးဝင်မိတဲ့ သားကောင်တစ်ကောင် ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပါသည်

ဒါဆို ခုန ကျွန်တော့်အာရုံတွေကို သိမ်းကြုံးဖမ်းစားလိုက် အထိအတွေ့ ပိုင်ရှင်နဲ့ အနမ်းပိုင်ရှင်ဟာ သူတို့ပေါ့ ..။





ဒါ ဘာအဓိပ္ပါယ်လဲ ..၊ မိန်းမလှနှစ်ယောက်ရဲ့ မဟာစစ်ပွဲမှာ ကျွန်တော်က ရင်ဘတ်ဟာတာဟင်းလင်းနဲ့ ပစ်မှတ်အသစ်လား ..၊

ငါ့ကို မလှည့်စားကြပါနဲ့ ..၊ ငါဟာ အတွေ့အကြုံ မရှိတဲ့ ပွဲ တိုးသေးတဲ့ တပ်သားတစ်ယောက်ပါ ..။

“ဟေ့ကောင် .. ဘာဖြစ်နေတာလဲ ..”

အနားရောက်လာတဲ့ ဝေလွင် နဲ့ မင်းထွဋ် က သူ့ရဲ့ ပုံပျက်ပန်း ပျက် ဖြစ်နေတဲ့ အာရုံကို လှုပ်နှိုးပြီး မေးပါသည်။

“သူရ .. ခင်း ဘာဖြစ်နေတာလဲ ..”

“ပြောမယ် .. အခု လောလောဆယ် ငါ အရက်သောက်ချင် တယ် ..”

မင်းထွဋ် က တအံ့တဩ ကြည့်သည်။ ပြီးမှ ...

“လာ .. အေးအေးဆေးဆေး သောက်လို့ကောင်းမယ့် ဆိုင်မှာ သွားထိုင်ရအောင် ..”

ကျွန်တော် ကပွဲတွေနဲ့ ဝေးတဲ့ ထောင့်တစ်ထောင့်က ဝိုင်းကို လျှောက်လာခဲ့ပါသည်။

ဝေလွင် က ကောင်တာကိုသွားပြီး ချာတိတ် တစ်ယောက်ကို လိုအပ်တာတွေကို မှာပါတယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါဘူး .. စားပွဲပေါ်မှာ စားစရာ သောက်စရာတွေ ရောက်လာပါတယ် ..။

မင်းထွဋ် က ခွက်သုံးခွက်ကို ဘလက်လေဘယ် တစ်လုံးဖောက်ပြီး ငှဲ့ထည့်ပါတယ် ..၊

ပြီးတော့ ရေခဲထည့်ပါသည်။

ကျွန်တော် တစ်ခွက်ကို ကောက်ကိုင်ပြီး တစ်ကျိုက်တည်း မော့သောက်လိုက်ပါသည်။

"အဟွတ် .. အဟွတ် .."

"ဖြည်းဖြည်း လုပ်ပါ .. သူ့ရဲ့အခြောက်ခံလိုက်ရတာ ကျနေတာပဲ .."

မင်းထွဋ် က စိုးရိမ်ဟန်နဲ့ ပြောတော့ .. ကျွန်တော်က ...

"အေး .. ငါ သရဲအခြောက်ခံလိုက်ရတယ် .."

"ဘာ!..."

"ဟင်!..."

ဟိုနှစ်ကောင် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကုန်တာပေါ့။

"ဘာကြီး .. ငါတို့ နားလည်အောင် သေချာ ရှင်းပြစမ်းပါဦးကွာ .."





"အေး ..ငါလဲ ပြောချင်နေတာ .."

ကျွန်တော် ဖန်ခွက်ထဲကို အရက် ထပ်ငှဲ့ထည့်လိုက်ပါတယ်..၊ သိုအပ်တဲ့ အချိုးအစားတွေကို ရောစပ်ပြီး နောက်တစ်ကြိမ် မော့သောက်သည်။

လည်ချောင်းထဲ တိုးဝင်သွားတဲ့ ပူရှိန်းရှတာမှုက ခုန အခြောက်ခံလိုက်ရတဲ့ တဈေတို့ရဲ့ အထိအတွေ့ကို ပျောက်သွားအောင် မစွမ်းဆောင်နိုင်ပါ ..။

ကျွန်တော့် အဖြစ်အပျက်တွေကို ပြောပြတော့ ဟိုကောင်တွေ ပါးစပ်အဟောင်းသား ..။

"ဟာ .. မင်းတော့ ပွတာပဲ .."

"နေပါကွာ .. အခုထိ ငါ ကတုန်ကယင် ဖြစ်နေတုန်းပဲဟ .."

"မင်း စိတ်ထဲမှာ ဒီလုပ်ရပ်ဟာ .. သူတို့နှစ်ယောက်ရဲ့ လုပ်ရပ်လို့ ထင်နေတုန်းပဲပေါ့ .."

"ထင်နေတာ မဟုတ်ဘူး .. သူတို့မှ သူတို့အစစ်ပဲ .."

ဝေလွင် က စဉ်းစဉ်းစားစားနဲ့ ...

"ဘာကြောင့် ဒီလို လုပ်ရတာလဲ .."

"မင်း နှလုံးသား ကြွေခိုင်မှုကို စမ်းသပ်တာ ဖြစ်မယ် .. မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဘက် ယိမ်းမလဲ စမ်းသပ်တာ နေမှာပေါ့ ..”

မင်းထွဋ် က သူ့ကို သေချာကြည့်ပြီး မေးသည်။

“မင်း ဘယ်သူ့လုပ်ရပ်အပေါ်မှာ သာယာမိလဲ .. စိတ်ကို ပြောင်းလဲသွားလဲ .. နမ်းလိုက်တဲ့ သူလား ..”

“ဟင့်အင်း .. အနမ်းတစ်ခုနဲ့တော့ ငါ့နှလုံးသား ယိမ်းယိုင်မသွားပါဘူး ..”

ဝေလွင် ပြုံးသည် ..။

“ဒါဆိုရင် ..”

“ဟုတ်တယ် .. ပထမဦးဆုံး နောက်ကျောက သိုင်းဖက်လိုက်တဲ့ အချိန်မှာ ငါ့ရင်ကို လှုပ်ရှားစေခဲ့တယ် ..၊ အဲဒီအချိန်မှာ ငါ သိလိုက်ရတဲ့ အသိက အချစ်ဆိုတာ ဘာလဲ ရေးရေး မြင်လိုက်သလိုပဲ .. ရင်ခုန်စိတ်လှုပ်ရှားကြေးဆို ငါ့ကို နမ်းလိုက်တဲ့ အနမ်းက စိတ်လှုပ်ရှားသင့်ပေမယ့် စိတ်မလှုပ်ရှားခဲ့ဘူး .. ဘာမဟုတ်တဲ့ နောက်ကျောက ဖက်တွယ်မှုမှာ ငါ သူ့ကို ချစ်မိပြီဆိုတာ သိလိုက်ရတယ် ...”

“မင်း ခေတ်သစ် ပဥ္စပါဠိ နဲ့ တွေ့လိုက်ရတာပေါ့ ..၊ မင်း သူတို့ကို ဖွင့်မေးကြည့်မှာလား ..”

ကျွန်တော် အေးစက်စက် ပြုံးမိပါသည် ..။





“ဟင့်အင်း .. မမေးဘူး .. သူတို့ပေးတဲ့ ပုစ္ဆာကို ငါ့နည်းငါ့ဟန်နဲ့ ဖြေပြမယ် ..”

“ကဲ .. ဒီ တစ္ဆေအခြောက်ခံလိုက်ရတဲ့ အထိမ်းအမှတ်အတွက် ချီး ယားစ် ..”

“အိုကေ ..”

ဖန်ခွက် ထိခေတ်သံတွေက ချိုမြမြ အနက်ရောင် တစ္ဆေညကို ကျွန်တော် စွဲလမ်းရတော့မယ် ထင်တယ် ..။

ကျွန်တော် အဲဒီညမှာ အိမ်မက်မက်တယ် ..၊ တစ္ဆေတစ်ကောင် အကိုက်ခံလိုက်ရတယ်လေ ..၊

ကျွန်တော့် နှလုံးသွေးတွေက ပြာလွင်လွင်ပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com





တရွေ့နမ်းလိုက်တော့

နွမ်းကြေနေတဲ့ ပန်းတွေ ပြန်ပွင့်လာတယ်

နှလုံးသားကတော့ နက်မှောင်သွားတယ်

အဲဒီမှာ .. တရွေ့တော့မှာ ပျော်မိတဲ့အပြစ် ...။







သူ့ တို့နှစ်ယောက်နဲ့ တွေ့ဆုံတိုင်း ကံဆိုးမှုတွေ ပါလေ့ရှိပေမယ့် ဒီတစ်ခါ ကံဆိုးမှုတွေက အရေပြားတွေ ထိခိုက်မသွား .. ၊ နှလုံးသား အနက်ရှိုင်းဆုံးတစ်နေရာ အထိတော့ ဓားသွားတစ်ခုလို တိုးဝင်သွား ပါသည်။

ပဟေဠိဝှက်သူနဲ့ ဖြေသူတို့ရဲ့ စိရင်ခန်း .. အချစ်ဆိုတာ နား မလည်သူနဲ့ .. ချစ်မိသူတို့ရဲ့ အချစ်ဖြေရှင်းခန်းမှာ ပထမဦးဆုံး ကျွန်တော်နဲ့ စတင်တွေ့ဆုံသူက သဒ္ဒါ ..၊

ကန်ရေပြင်ဟာ အသက်ပုံမှန် ရှူနေသူတစ်ယောက်လို လှိုင်း ကြက်ခွပ်လေးတွေက နိမ့်ချည်မြင့်ချည် ..။

"အဲဒီညက ဖြစ်ရပ်အတွက် နင် ငါတို့ကို စိတ်ဆိုးနေလား သဒ္ဒါ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမ မျက်နှာမှာ ဘာရောင်တွေ ရှိမလဲ .. လှည့်ပြီး မကြည့်ဖြစ်ပါ။ အဲဒီအရောင်တွေက အဖြေတွေ ဖြစ်လာခဲ့မှာကို ကျွန်တော် မလိုလားဘူး ..၊ ကျွန်တော့် ကိုယ့်စာမေးပွဲအတွက် ကိုယ့်ဘာသာ အားကိုးချင်တယ် ..၊ လူအများ အမှတ်ပေးမှ ကိုယ်အောင်ရမယ့်အဖြစ်က ရှက်ရွံ့စရာ ကောင်းပါတယ် ..။

"ငါတို့က မိန်းကလေးပါ သူရ .. ဒါပေမယ့် တို့နှစ်ယောက်လုံးက နင့်အပေါ် သံယောဇဉ်ရှိနေတော့ .."

ပြတ်သားရဲရင့်လွန်းတဲ့ မိန်းမနှစ်ယောက်နဲ့မှ ကျွန်တော် ရေစက်ဆုံခဲ့သည့်အဖြစ် ..၊

"ငါ့ကို အရုပ်တစ်ရုပ်လို ဆော့ကစားတဲ့ အဖြစ်အမျိုး မဟုတ်ဘူးလို့ နင့်တို့စိတ်ထဲမှာ ရှိရင်တော့ တော်သေးတာပေါ့ဟာ .."

"ဟုတ်ပါတယ် သူရ .. ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို စော်ကားရုံသက်သက်နဲ့တော့ ဒီပွဲကို ဖန်ဆင်းလိုက်တာ မဟုတ်ဘူးဆိုတာတော့ ယုံကြည်ပေးပါဟယ် ..၊ ဒါဟာ ငါတို့နှစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ရင်းပြီး စွန့်စားရတဲ့ပွဲပါ .."

ကျွန်တော် သူမဘက် လှည့်ကြည့်မိပါသည်။ သဒ္ဒါ ရဲ့မျက်ဝန်းတွေက ရီဝေဝေ ..။





ဒါ .. လှပတဲ့ နတ်မိမယ်တစ်ယောက်ရဲ့ မာယာတွေလား ..။

"ငါ တစ်ခု သိချင်တယ် .. သဒ္ဒါ .."

သူမက လှလှပပ မေးဆတ်ပြသည်။ ပြောဆိုတဲ့ အဓိပ္ပာယ်ပေါ့ ..၊

"ဒီကျောင်းမှာ ငါဟာ သာမန်လူငယ်တစ်ယောက်ပါ .. ဒီကျောင်းမှာ ပုံစံအမျိုးမျိုးနဲ့ ထင်ရှားတဲ့ ကျောင်းသားတွေ အများကြီးပါ ..၊ ဒါပေမယ့် ဘာမှ ကိုယ်ရောင်ကိုယ်ဝါ မထင်ရှားတဲ့ ငါ့ကို နင်တို့က ဘာလို့ ရွေးချယ်ရတာလဲ .. ငါ သိချင်တယ် .."

သဒ္ဒါ က ကျွန်တော့် စကားအတွက် နက်နက်ရှိုင်းရှိုင်း အဖြေတစ်ခုကို အပြုံးတစ်ခုနဲ့ လှစ်ဟပြသည်။

"ထင်ရှားကျော်ကြားမှု .. ခန့်ညားလှပမှုတွေဟာ အချစ်နဲ့သက်ဆိုင်လား .. မသက်ဆိုင်လား ငါလဲ မသိဘူး ..၊ အခု ငါတို့ သိတာက စိတ်ကို ဖျော်ဖြေမှုပေးနိုင်တဲ့ စိတ်ကို ပြောင်းလဲလှုပ်ရှားစေတဲ့ အရည်အချင်းမျိုးကို ငါတို့ သဘောကျတယ် ..၊ တစ်ခါတလေကျတော့လဲ အချစ်ဆိုတဲ့ ခံစားမှုကို စတင်ချိန်မှာ အံ့ဩစရာတွေ အကောင်းသားဟာ .. နင်နဲ့ပတ်သက်တဲ့ တွေ့ဆုံမှု .. တိုက်ဆိုက်မှု .. နင်ရဲ့ ကံကြမ္မာမှိုးမှောင်ကျမှုတွေက တမင်လုပ်ထားတာထက် ပိုတိကျနေတယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေ က နင်အပေါ် သံယောဇဉ်တွယ်မိအောင် တစ်ယောက်ယောက်က ဖန်ဆင်းပေးလိုက်သလိုပဲ .."

သဒ္ဒါ က သူမ လက်ညှိုးကို မိုးပေါ်ကို ထောင်ပြပါသည်။

"ကဲ .. ငါသွားမယ် .. နင် အဖြေမှန်ကို ရွေးချယ်နိုင်ပါစေ .. သူရ .."

သူမ ထွက်ခွာသွားပြီးတော့ သက်ပြင်းတွေနဲ့အတူ ကျွန်တော် ကျန်နေခဲ့ပါသည်။ စွန်းပေသွားတဲ့ နှုတ်ခမ်းနီရုန့်လေးက ကျွန်တော် နှလုံးသားကို လှောင်ပြောင်ရယ်မောနေမှာပေါ့ ..။

တဆတ်ဆတ်တုန် ရင်ခုန်နေတဲ့ ငါ့ နှလုံးခုန်သံတွေ သက်သေတည်ပါရစေ ..၊ စွဲလမ်းရတဲ့အဆိပ်တွေက ဒီရေတက်ချိန်လို တရိပ်ရိပ်တက်နေပါပြီ ..၊ နှလုံးသားဟာ ကခုန်ဖို့ တီးမှုတ်ရတဲ့ ဗုံးတစ်လုံးဆို ဘယ်ဖန်ဆင်းရှင်တွေက လက်ဆော့ တီးခတ်သွားကြတာလဲ ..။

နောက်နေ့ရဲ့ တွေ့ဆုံမှုပိုင်ရှင်က ဆောင်းဝေ ..၊ သူနဲ့ ကျွန်တော် တွေ့ဆုံမှုကတော့ .. ကျွန်တော်တို့ကျောင်းရဲ့ ဘူတာလေးထဲမှာပေါ့..၊ နေခင်းနေလယ် ဘူတာမှာ လူသူနည်းနည်းပါးပါးပါတယ် ..၊ ကျွန်တော်နဲ့သူ ကျောချင်းကပ် အနေအထားနဲ့ ထိုင်နေပါသည်။

ပူအိုက်အိုက် နေ့လယ် ရွှေရာသီထဲမှာ အေးမြမြလေပြည်က





တစ်ခါတစ်ခါတော့ အမောပန်းပြေစေပါတယ် ..။

"မနေ့က နင်နဲ့ သဒ္ဒါ တွေ့ခဲ့ကြတယ်ဆို .."

"အင်း .."

ကျွန်တော့်အသံက ခြောက်ကပ်ကပ် တဖွေ အကိုက်ခံပြီးကတည်းက ကျွန်တော့်စိတ်တွေ သူတို့နဲ့ ဆုံတိုင်း ဝေ့ဝေစေခဲ့သည်။ ကျွန်တော်အတွက် ဘုရားသခင်ပေးတဲ့ ခွဲတမ်းက ဘယ်သူလဲ ..၊ ဘယ်နေရာမှာ ရှိလဲ ..။

"နင်နဲ့ ပြောခဲ့သမျှတွေကို သဒ္ဒါ က ငါ့ကို မချွင်းမချန် ပြောပြခဲ့တယ် သူရ .."

ကျွန်တော် ဘာမှ မတုံ့ပြန်မိ ..၊

"နင့် နှလုံးသားနဲ့ သက်ဆိုင်သူကို နင် သိလိုက်ပြီလား .. သူရ .."

ကျွန်တော် တစ်နေ့ထက် တစ်နေ့ ပိုများပြားလာတဲ့ ရင်ဘက်ထဲက သက်ပြင်းတွေကို ဖောက်ထုတ်ချင်နေပါပြီ ..။

"အဲဒီညမှာ ငါ့အချစ် ဆိုတာကို တွေ့လိုက်ရတယ် .."

အစုချက်ချင်း နောက်ကျောတွေ နွေးနေသလို ..၊ ပြီးတော့ နှုတ်ခမ်းနီရုန့် ..၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲဒီညက ဝတ်ဆင်ခဲ့တဲ့ အကျီကို ပြတိုက်ထဲက အဖိုးတန်ပစ္စည်းလို မလျော်မဖွပ် သိမ်းဆည်းထားခဲ့ပါတယ် ..၊ အချစ်ဆိုတာ ရူးသွပ်ခြင်းရောဂါတစ်မျိုးပါပဲ ..။

"ပထမ အထိအတွေ့လား .. ဒုတိယအထိအတွေ့လား ..၊ နင်တို့ကို ငါ မပြောပြသေးပါဘူး ..၊ တစ်ချိန်ချိန်မှာ ငါ လူစုံရင် ဖွင့်ပြောမှာပါ ..၊ ပြီးတော့ တစ်ဆက်တည်း အဲဒီသူဟာ ဘယ်သူလဲ ငါ ပြောပြမှာပါ .. အဲဒီအတွက်တော့ နင်တို့နှစ်ယောက်လုံး နားလည်ပေးပါ ဆောင်းဝေ .."

ဆောင်းဝေ ဆီက အသံထွက်မလာ ..၊ တကယ်တော့ ကျွန်တော်ရော သူတို့ပါ ဒီပွဲကို အရဲစွန့်ပြီး ဖွတ်အတင်း ကစားရတဲ့ ကစားပွဲပါ ..၊ ကျွန်တော်ရဲ့ နှလုံးသားထဲက သို့လော .. သို့လော ဝေခွဲမရမှုတွေအတွက် ဖြေရှင်းရတာ ပိုကောင်းခဲ့ပါတယ် ..၊

အနိုင်အရှုံး အဖြေသိရင်တော့ အနည်းနဲ့အများတော့ တစ်ဦးတစ်ယောက်ကတော့ ခံစားရမှာပဲလေ ..။

ကျေနပ်လောက်ကြမယ် ထင်ပါတယ် ..။





အခုလို အိပ်စက်မရတဲ့အခါ ကျွန်တော့် အခန်းတံခါးဖွင့်ပြီး ...င်းကင်ကို ငေးမောရင်း ဆေးလိပ်တစ်လိပ် အတွေးတွေနဲ့အတူ ...မွှေးဖွဲ့တတ်ပါတယ် ။

ကျွန်တော် .. ကျွန်တော့်စာကြည့်စားပွဲပေါ်က စီးကရက်ထည့် ...သံဘူးအပြားလေးကို ထုတ်ယူလိုက်ပါတယ်။ ပြီးတော့ ဘူးကို ...ကြည့်ပြီး ဘူးထဲက တစ်ရှူးစကို ယူမိသည်..။

ပြီးတော့ မျက်ဝန်းမှိတ်ပြီး အသာ ခပ်ဖွဖွ နမ်းရှိုက်ကြည့်တော့ ...တတ်တစ်ခုလုံး မောဟိုက်စေတဲ့ နှုတ်ခမ်းနီရနံ့က လတ်ဆတ်နေ ...ါ..၊ ပါးပြင်တွေက အေးစက်သွားစေသည်။

ကမ္ဘာလောက တစ်ခုလုံးအတွက် ရည်စူးတဲ့ဂီတသံက ကျွန်တော် ...သားက တစ်ဆင့် ကြားခွင့်ရလိုက်ပါပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို ရည်ရွယ်မယ့် ကြယ်ပွင့်တွေက အသစ်တစ်ဖ
စတင် မွေးဖွားလိုက်သလို .. အဲဒီညက ကျွန်တော့်ဘဝအတွ
ကမ္ဘည်းတင်မယ့်ညပါ ..।

လူအရိုင်းတစ်ယောက်ကို ယဉ်ကျေးမှုအသစ်တွေ သွတ်သွ
လိုက်သလိုပေါ့ ..။

ညတွေ ညတွေ ရေ .. ငါရဲ့မေးခွန်းအတွက် ကူညီပြီး အဖြေ
ပေးကြပါ ..। ဟောဟိုက လင်းနေတဲ့ ကြယ်ပွင့်တွေက မှိတ်တုတ်မှိ
တုတ်နဲ့ သူတို့လဲ ကူညီပြီး မျက်လုံးလေး ပေကလပ်ပေကလ
ဝိုင်းပြီး စဉ်းစားနေသလိုပါ ..။

ကျေနပ်စရာကောင်းတဲ့ အဖြေတစ်ခုတော့ ရမှာပေါ့ ..။
ယောက်သောသူအတွက် ကြောက်စရာကောင်းတဲ့ ရှုံးနိမ့်မှုပေါ့ ..
ဘယ်သူနိုင်မလဲ .. ဘယ်သူရှုံးမလဲ ..၊ သိရတော့မယ့်အ
နီးကပ်နေပါပြီ ..။





"သူတို့တွေ ဘာဖြစ်နေတာလဲ .."

"တစ်ယောက်က ဗိုက်အောင့်လို့တဲ့ .. တစ်ယောက်က ခေါင်းအုံ
ယ်တဲ့ ..। ရာသီဥတုကြောင့် ထင်တာပဲ .."

"မဟုတ်ဘူးလေ .."

"ဟုတ်တယ် .. ကန်တင်းမှာ ပြောသွားတာ .. ဒါတောင် ဖူးဖူး
အံ့ဆုံးထွက်တာ ဘယ်သူမှ မပြောဘူး ရှက်လို့တဲ့ ..। ကျွန်တော်
တာပေါ့ .. သူကြိုက်တဲ့ ဟာလဝါ ကျွန်တော် ယူလာတာတောင်
မစားဘူး .."

"အန်ကယ် ပြောတာက .."

မင်းထွဋ် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ဆေးခန်း လိုက်ပြမလို့လား .. ထားလိုက်ပါ အန်ကယ်ရာ ..၊ မိုက်အောင့်တာ .. ခေါင်းအုံတာ အကြောင်းပြချက်ပါ သူတို့ကိစ္စနဲ့ သူတို့ တစ်ခုခု ဖြစ်ရင်ဖြစ် ..၊ တစ်ခုခုရှိချင် ရှိလို့ နေမှာပါ .."

အန်ကယ် စိုးဝေ တရစပ် ခေါင်းကုပ်မိပါသည် ။

ကားမောင်းလာရင်း လမ်းမှာ မင်းထွဋ် ကို တွေ့တာကြောင့် လမ်းဘေး ကားရပ်ပြီး ဒီရက်ပိုင်းအတွင်း ထူးခြားနေတဲ့ သမီးပုံစံကို ကြည့်ပြီး စပ်စုမိတော့ ဒီသကောင်သားက သူထင်တာတွေ ရှုပ်ပြော နေခြင်းကြောင့် စိတ်ပျက်ရပါသည်။

ကားပျက်ရင်တောင် ကောက်ကပ်ပြင်လို့ ရသေးသည်။

"နေပါဦးကွာ .. ငါ ပြောပါရစေဦး .."

အဲဒီအခါကျမှ ကိုရွှေမင်းထွဋ် က ရယ်ဖြဲဖြဲ ...

"အလကား စတာပါ အန်ကယ်ရာ .."

"နောက်တစ်ခါ ပိုက်ဆံတော့ ပေးကွာ .."

"ဟာ .. အန်ကယ်ကလဲ .."

"လာ .. ဟာနေရင် ဗိုက်သွားဖြည့်မယ် .. ကားပေါ်တက် .."

"အေးအေးဆေးဆေး .."





"ကောင်းတာပေါ့ .. ဘယ်ဆိုင်လဲ .. အန်ကယ် .."

ဒါဆို မင်းထွဋ် တို့ ချက်ဆို နားခွက်က မီးထလောင်ပြီ ..၊ ဘီယာဆိုင် ဟိုတစ်ခါဆိုင်ပေါ့ .. ဆိုင်ရောက်လို့ ထုံးစံအရ ဘီယာတစ် ခွက်စီ သောက်ပြီး နောက်တစ်ခွက် အစပျိုးချိန်မှာ စကားကို စတင် ပြောကြပါတယ် ..။

"ဘာတွေ ဖြစ်ကြတာလဲ .."

"အဟီး .. ကန့်တော့ နော် .. ကြည့်ရတာ ရည်းစားလုတမ်း ကစားနေကြတာ ထင်တယ် .."

"ဘယ်လို .. လုပ်စမ်းပါဦးဟ .."

ဦးစိုးဝေ မင်းထွဋ် စကားကြောင့် ပြူးပြူးပျာပျာနဲ့ မေးသည်။ ဒီကောင်ကလည်း ပြတ်ပြတ်သားသားကို အစအဆုံး ပြောပြသည်။ သာလိုဝင်း ပွဲတော်ညက စလို့ပေါ့ .. ဇာတ်လမ်းဆုံးတော့ ...

"ဟ .. ငါ့သမီးတွေ ငါ့တူမတွေက ရိုက်ချက်ကတော့ ပြင်းလှ ချည်လား .."

"ဖအေတူသမီးတွေ နေမှာပေါ့ အန်ကယ်ရယ် .."

ဦးစိုးဝေ အီလည်လည်နဲ့ ရယ်မိပါသည် ..။

"အေးကွာ ကြက်တိုက်သလို ဆိုရင်လည်း ဖင်လေးမှာ ..၊



www.burmeseclassic.com

www.burmeseclassic.com



ရေလေးဆွတ်ပြီး အားပေးလို့ ကောင်းသေးတယ် ..၊ အခုဟာက သမီးရှင်ဆိုတော့ သမီး ရအောင်ယူ .. အဖေ ဘေးမှာရှိတယ်ဆိုပြီး အားပေးလို့လဲ မဖြစ် .. ရှုပ်ပါ့ကွာ .."

"သိပ်မကြာပါဘူး .. အန်ကယ်ရဲ့ ရှင်းတော့မှာပါ .."

"အေးကွာ .. ဒီကောင်နဲ့ ဘီယာဆိုင် အတူထိုင်ရင်တော့ ငါ့သမီး ကြိုက်အောင်လို့ လာဘ်ထိုးတယ်လို့ ထင်ရင် အခက် .."

"ဒီကောင်ကတော့ ထင်မှာ မဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"အန်ကယ်စိုး သမီးနဲ့ .. ဘွာတေး .."

"ရပါတယ်ကွာ .."

"ရရင်တောင် လက်ရည်တူ တွဲသောက်ခွင့်ပါမစ် ရပြီလေ .. အပေါင်းအသင်း သောက်ဖော်သောက်ဖက် ရှာစရာ မလိုတော့ဘူး"

"ဒါလဲ .. ဟုတ်တာပဲ .."

"တစ်ခုတော့ ရှိတာပေါ့လေ .. "

"လုပ်စမ်းပါဦးကွာ .."

"အဲဒီတော့ အန်ကယ်စိုး မိန်းမကိုပါ ဘီယာတိုက်လိုက် .. အဲဒီဆို ငြင်းရင်းခုန်ရင်း ဘာဖြစ်ဖြစ် ဒီကောင်ကတော့ ဝင်ပါမှာ မဟုတ်





ဘူး ..၊ အလယ်လူပဲ ဖြစ်မှာ .. အန်ကယ်က တိုင်လိုက် ..၊ အန်တီက တိုင်လိုက်နဲ့ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ .."

အန်ကယ်စိုးဝေ တပြုံးပြုံးနဲ့ ရှေ့ရေးကို စဉ်းစားပြီး ...

"အေးကွာ .. ဟာ .. ဒီကောင် မင်း အတော်နောက်တဲ့ကောင်ပဲ.. ဒါနဲ့ ဒီကောင်လေး ဘယ်လိုအဖြေရှာမလဲ .."

"သူကတော့ လွယ်ပါတယ်လို့ ပြောနေတာပဲ .."

"အဖြေကတော့ .. ငါတောင် သိချင်လှပြီ ..၊ ဒါပေမယ့် ဘယ်သူနိုင်ပါစေလို့ ဆုတောင်းလို့လဲ မဖြစ်ဘူး .. တစ်ယောက်က သမီး.. တစ်ယောက်က တူမလေ ..၊ နှစ်ယောက်စလုံး ယူလို့ကလဲ မဖြစ်.. တော့တယ်ကွာ .."

မင်းထွဋ် လဲ အန်ကယ့်စကားကြောင့် စဉ်းစားပါတယ် ..၊ စဉ်းစားရင်းနဲ့ ခေါင်းခြောက်လာတာကြောင့် ဘီယာတစ်ခွက် မှာပြီး သောက်လိုက်ပါတယ် ..၊ အန်ကယ်လဲ ခေါင်းခြောက်ပုံ ရတယ် ..။

"စည်ဘီယာ .. တစ်ခွက် "

ကဲ .. စဉ်းစားသာ ကြည့်တော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒီ ရင်အပိုင်းအတွင်းမှာ ဒီပွဲကို စတင်လိုက်တာကြောင့်လား မသိ..၊ ကံဆိုးမှုတွေ ကျွန်တော်ဆီ သိပ်မလာတော့ ..။ သတိနဲ့ နေရခြင်းတွေလဲ လျော့ပါးသွားခဲ့ပါသည်။

ဆောင်းဝေ က ရှမ်းခေါက်ဆွဲစားပြီးတော့ တစ်ရှူးစကို ထုတ်ကာ နှုတ်ခမ်းမှာ အသာဖွဖွ သုတ်ပြီး လွှင့်ပစ် ပါသည်။ လုံးချေကာ စက္ကူ က ဆိုင်ဘေးက ထင်ရှူးပင်ခြေရင်းကို လိမ့်ဆင်းသွားပါသည်။

သဒ္ဒါက လက်ဖက်ရည် သောက်နေပါသည် ..။

"ညနေ .. ကျောင်းဆင်းရင် ငါနဲ့ လိုက်ခဲ့ပါလား .. သူရ-"

သဒ္ဒါ က အခုလို လှမ်းပြောတော့ ဆောင်းဝေ က ဖျတ်ခနဲ ကျွန်တော့်ကို ကြည့်သည်။

"ဘယ်လဲဟ .."





"တော်ဝင်စင်တာ .."

"သွားလေ .."

သဒ္ဒါ ကျေနပ်သွားပုံနဲ့ ပြောတော့ .. ဆောင်းဝေ က ချက်ချင်း ပင် ...

"ဟယ် .. အတော်ပဲ ငါလဲ လိုက်မယ် .."

သဒ္ဒါ ဆောင်းဝေ စကားကြောင့် ဆောင့်ဆောင့်အောင့်အောင့် နဲ့ ...

"နင်က ဘာလိုက်လုပ်မလို့လဲ .."

ဆောင်းဝေ က ဘာမှ မဟုတ်တဲ့ပုံ ဖမ်းပြီး ...

"ဪ ဝယ်စရာလေး ရှိလို့ပေါ့ .. ဟိုဟာ ဘာလဲ .."

သဒ္ဒါ မကျေမနပ်နဲ့ ...

"နင်ပဲ မနေ့က ပလာဇာက ပြန်လာပြီ .."

"ဪ .. မေ့ခဲ့လို့ပါဆို .."

ဖူးဖူး တို့ အိသက် တို့က ပြုံးစေ့စေ့ ..၊

"ကဲပါ .. အားလုံးသွားကြတာပေါ့ .."

"အေး ဟုတ်တယ် .. မဝယ်လဲ လျှောက်ကြည့်ကြတာပေါ့ ဟာ .."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဝင်ပြောတော့မှ ပြဿနာက ပြေလည်သွားပါသည်။

"ကဲ သွားမယ် .. အတန်းတက်ရဦးမယ် .."

ပိုက်ဆံတွေထုတ် စုပုံပြီး တင်ကြ ရှင်းကြပေါ့ ..၊

လူစုခွဲပြီး ကိုယ့်မေဂျာဘက် ကိုယ်ပြန်လျှောက်လာရင်း .. ကျွန်တော် သတိရဟန်နဲ့ လွယ်အိတ်ထဲ စမ်းကာ ...

"မင်းတို့ သွားနှင့်ကွာ .."

"ဘာဖြစ်ရပြန်ပြီလဲ .."

"ဟို .. ဆိုင်မှာ ပိုက်ဆံအိတ် ကျန်ခဲ့လို့ .."

"မင်းကတော့ ဖြစ်ရမယ် .. မြန်မြန်ကွာ .."

"အေးပါ .."

ကျွန်တော် သုတ်သုတ် သုတ်သုတ်နဲ့ ဆိုင်ရှိရာဘက် ပြန်လှည့်လာခဲ့ပါသည်။





သသဒ္ဒါ နဲ့ ဆောင်းဝေ တို့ရဲ့ ပြိုင်ဆိုင်မှုက တစ်ခါတစ်ခါတော့ သိသာပါတယ် ..။

ဥပမာ .. တော်ဝင်ပလာဇာ စက်လှေကားအဆင်းမှာပေါ့..၊ တစ်ယောက်က ဟန်ချက်ပျက်ပြီး နောက်ကနေ ကျွန်တော် နောက်ကျောကို သိုင်းဖက်မိသည်။

"ဆောရီး .."

လှည့်ကြည့်တော့ သူမရဲ့အပြုံးတွေက အသည်းယားစရာ ..၊ တစ်ခါတလေ ကျွန်တော် စာအုပ်ဖတ်နေစဉ်မှာ ကျွန်တော့် ပါးပြင်ရဲ့ အနီးမှာ ထွက်သက်ဝင်သက်အငွေ့နဲ့အတူ နှုတ်ခမ်းနီရနံ့ ကျွန်တော် လှည့်ကြည့်မယ် လုပ်ပြီးမှ မလှုပ်ရှားမိ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်လဲ .. ဩော် .. အဲဒီစာအုပ်လား .. နင် ဖတ်ပြီးရင် ငါ့ကို ငှားဟာ .. နော် .. သူရ .."

အဲဒီ အကဲစမ်းမှုတွေက နေ့စဉ်ရက်ဆက် မဟုတ်ရင်တောင် တစ်နေ့တခြား ..၊ အဲဒီအပြုအမူတွေက တစ်ဦးတည်း မဟုတ်ပါဘူး တစ်ယောက်တစ်လှည့်ပေါ့ ..၊

ဒါပေမယ့် ကျွန်တော့်ဆီက ဘယ်သူပါလို့ အဖြေမပေးသေးတော့ သူတို့ကျိတ်ပြီး ပျော်နေချင်ရင် ပျော်နေမှာပေါ့ ..၊ ဒါမှမဟုတ် အားမလို အားမရ ဖြစ်ကောင်း ဖြစ်နေနိုင်ပါတယ် ..။

လောကကြီးက ရယ်စရာကောင်းတာတွေနဲ့ ဖွဲ့စည်းထားတာလား ..၊ လှို့ဝှက်မှုတွေနဲ့ ရော ပတ်သက်လား ..၊ နာကျင်မှုန်းတီးမှုတွေနဲ့ ရောစပ်နေလား .. ကျွန်တော် မသိ ..။

ကိုယ့်အသက်ရှူသံတွေမှာ မေးခွန်းပါမယ် ..၊ အဖြေတွေ ပါမယ်..၊ အတွေးတွေ ပါမယ်လို့ ကျွန်တော် ထင်သည်။

ပျောက်ဆုံး ပျောက်ကွယ်နေတဲ့ ခံစားချက်လေးတွေ တစ်ခါတလေတော့လဲ ပေါ်လာတတ်ပါတယ် ..။

ခေါင်းစဉ်ပေးရရင် အိပ်ပျော်နေတဲ့ ကံဆိုးမှုလေးတွေ နိုးထချိန်ပေါ့ ..၊ အဲဒါကတော့ ဂျိမ်းဗေဒါ နဲ့ ရွှေမျိုးဆက် တို့ပေါ့ ..။





ကျွန်တော်တို့ အတန်းရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာပါတယ် ..။ ကျွန်တော် ဝေလွင် နဲ့ မင်းထွဋ် တို့ အတန်းထဲမှာ ဆရာ မလာခင် ရယ်ရယ်မောမော နောက်ပြောင်နေချိန်လေ ..။

"ဩော် .. ဂျိမ်း မျိုးဆက် .."

နှစ်ယောက်ပေါင်း လုံးချော်ပြီး နှုတ်ဆက်မိတော့ ဒီကိုယ်တော်နှစ်ပါးက မရယ်မပြုံး ..၊

ဝေလွင် ဘယ်လိုဟာတွေလဲဆိုတဲ့ အကြည့်နဲ့ ဒီ ဂျိမ်း မျိုးဆက်တွေကို ကြည့်သည်။

ဂျိမ်းဗေဒါ က အရင်ပြောပါ တယ် ..။

"ငါတို့ သိထားတဲ့ သတင်းက ဟုတ်လား .."

"ဘယ်သတင်းလဲ 7 Day လား Voice လား Daily Eleven လား .. ဝယ်တော့ မဖတ်ရသေးဘူး .."

ကျွန်တော် သဘောရိုးနဲ့ ပြောပေမယ့် သူတို့က ရုတ်တောင် စားမိသလို ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်နေပါသည်။ ရွှေမျိုးဆက် က ဝင်ပြောသည် ..၊

"ဟော့ကောင် အူတူတူ လုပ်မနေနဲ့ .."

"တိုးတိုးပြောပါကွာ .. မီးသတ်က လာဖမ်းနေဦးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ .. ဟော့ကောင် .. မင်း ဟို နှစ်ယောက်လုံးကို ပရို့စ်လုပ်ထားတယ် ဆို .."

"မင်းကို ဘယ်သူပြောလဲ .."

"သူတို့ကိုယ်တိုင် ပြောတာ .."

"သူတို့ကိုယ်တိုင်ဆို ဟုတ်မှာပေါ့ .."

"မင်းကွာ လုပ်စရာလား .. တစ်ယောက်ဆို တော်ရောပေါ့ .. မင်း အဲလို လက်ဝါးကြီးအုပ်လို့ မရဘူး .."

"ဘာကို အုပ်ရမှာလဲ .."

ကျွန်တော် စကားကြောင့် ရွှေမျိုးဆက် ဆွေ့ဆွေ့ခုန်ပါသည်။ အဖြစ်သဘော ပြောတာဟု ကျိမ်းဗေဒါ ဝင်ပြောသည်။

"ဟုတ်တယ် .. မင်းဟာက တစ်ယောက်ဆို တစ်ယောက်ပေါ့.. အခုဟာက တစ်ပြိုင်နက်တည်း နှစ်ယောက်စလုံးကို ရည်းစားစကား ပြောတာတော့ လူကြားမကောင်းပါဘူး .."

"ဘာလို့ မကောင်းရမှာလဲ .. ဘောလုံးအသင်းမှာတောင် အရန်ထားသေးတာပဲ ..၊ ရှေ့အုရင်တွေဆို ပိုဆိုးသေး အလယ်စံ ..၊ တောင်စံ မြောက်စံ ရှိသေးတယ် .. နန်းဆောင်ရ မိဖုရား ကိုယ်လုပ်တော် ကိုယ်မလုပ်တော် .. ဘာညာကွိကွ .."





"မင်း ထပ်မပြောနဲ့ .."

"ငါက ထိုင်နေတာကွ .. မင်းက အဝေးကလာပြီး လာလာကပ်ပြောနေတာ .. ဘယ်လိုကောင်တွေမှန်း မသိဘူး ..၊ အူကြောင်ကြောင်နဲ့ .. သွား .. သွား ..."

ကျွန်တော် စိတ်ပျက်လက်ပျက် နှင်ထုတ်တော့ ...

"တောက် .. မင်းကွာ .."

"ဟာ .. မပြန်သေးဘူးလား .."

ကျွန်တော် ဝုန်းခနဲ ထရပ်တော့ .. အဲဒီနှစ်ယောက် တစ်ချိုးတည်း လစ်ပြေးပါတော့သည်။

အခန်းထဲက ကောင်တွေက ဒီနှစ်ယောက် ထွက်သွားတာ ကြည့်ပြီး ဝိုင်းအော် လှောင်ပြောကြပါတယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"ပေးထားတဲ့ ကတိအတိုင်း နော် သဒ္ဒါ .."

"စိတ်ချပါ .. ဆောင်းဝေ .. ငါတို့က ညီအစ်မပါ .. သူစိမ်းတွေ မဟုတ်ပါဘူး .. နင်နဲ့ငါက ငယ်ငယ်ကတည်းက ဘာမဆို ပြိုင်ကြ ထမယ့် ပြိုင်လာတဲ့ သက်တမ်းတစ်လျှောက်လုံး တရားမျှတတဲ့ ပြိုင် ဆိုင်မှုပဲ ဖြစ်ခဲ့ကြတာပဲဆိုတော့ နင်ရော ငါရော သိပါတယ် ..၊ အခု နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းပဲ သိခဲ့တဲ့ လျှို့ဝှက်ချက်ဟာ တစ်သက် လုံးအတွက် နင်နဲ့ ငါနဲ့ပဲ သိခွင့် ရှိရမယ် .."

"ငါလဲ ကတိပေးပါတယ် သဒ္ဒါ ..၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မပေါက်ကြားစေရပါဘူး ..၊ တကယ်လို့ နင်နဲ့ဖြစ်ဖြစ် ငါနဲ့ဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့အဆင်ပြေသွားရင်တောင် ခင်မင်မှု မပျက်စေရ ပါဘူး ..၊ သဘောထားကြီးရမယ် နော် သဒ္ဒါ .."





ဆောင်းဝေ စကားကြောင့် သဒ္ဒါ ကျေနပ်သွားပါသည်။

ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဘဝတစ်လျှောက်လုံး ညီအစ်မနှစ်ယောက် ညီးလုံးညီညွတ်သွားစေတာ ဒါ ပထမဦးဆုံးပါ ..။

"သူ ဘာတွေလုပ်နေလဲ သဒ္ဒါ .."

ဆောင်းဝေ ရဲ့ စကားကြောင့် သဒ္ဒါ က ကျေကျေနပ်နပ် ပြုံး သည်။

"ငါတို့ထင်တဲ့အတိုင်းပဲလေ .. နင်နဲ့ ငါနဲ့ ပတ်သက်တဲ့ နှတ် ခမ်းနီရာနဲ့တွေ သူ စုံစမ်းနေတယ် .."

သဒ္ဒါ စကားကြောင့် ဆောင်းဝေ ပြုံးမိပါသည်။

သဒ္ဒါ နဲ့ ဆောင်းဝေ က နှုတ်ခမ်းနီ တစ်မျိုးတည်းသာ သုံး သည်။ ဒါပေမယ့် အမျိုးအစား နာမည် တံဆိပ်ချင်း မတူ ..၊

"ဒီပွဲမှာ ငါတို့မေးတဲ့ မေးခွန်းကို သူ ဖြေနိုင်ပါ့မလား .."

"ဖြေနိုင်မှာပါ သဒ္ဒါ ရယ် .. သူ ဒီလောက် အ မယ် မထင်ပါ ဘူး .. ဒါပေမယ့် ဟိုကိစ္စအတွက် .."

"အဲဒါတွေ မေ့ထားလိုက်ပါတော့ ဟာ .. တဲ့ ဟိုနေ့က .."

"အေး .. ငါ သိတယ် သဒ္ဒါ ..၊ သူ ငါ နှုတ်ခမ်းသုတ်ပြီး လှည့် လိုက်တဲ့ တစ်ရှူးကို သူ ကြည့်နေတာ ငါလဲ သိတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝေ စကားကြောင့် သဒ္ဒါ နဲ့ ဆောင်းဝေ ဘာ့ကို သဘော ကျလဲတော့ မသိ ..၊ ဟက်ဟက်ပက်ပက် ရယ်ကြပါသည်။

သူ့ရ သိရင်တော့ သူ့ကို ရယ်စရာသတ္တဝါတစ်ကောင်လို သဘော ထားသည်ဆိုပြီး သုန်သုန်မှုန်မှုန်နဲ့ စိတ်ဆိုးမှာတော့ သေချာ သည်။

"ကဲ .. ငါ ပြန်မယ် .. သဒ္ဒါ .."

"သြော် .. အေး .."

ဆောင်းဝေ က ထရပ်ရင်း ...

"ဟဲ့ နင် သိထားတာမှန်သမျှ ငါ့ကိုလဲ အသိပေးနော် .."

"အေးပါ .. ဆောင်းဝေ ရယ် .. နင် စိတ်ချလက်ချ ပြန် ဘာမှ စိတ်ပူမနေနဲ့ .. နင့်ကို ငါ ကတိပေးပြီးပြီပဲဟာ ..."

သဒ္ဒါ စကားကြောင့် ဆောင်းဝေ ကျေနပ်တဲ့အပြုံးနဲ့ ပြုံး

"ကဲ သွားပြီ ..၊ ကြီးမေနဲ့ ဘဘကို ငါ ပြန်ပြီ ပြောလိုက် နော် သဒ္ဒါ .."

"အေးပါ .."

ဆောင်းဝေ ခြံထဲက ထွက်သွားရာကို သဒ္ဒါ ငေးကြည့်နေ သည်။





သြော် .. ဖြစ်တတ်လိုက်တာ .. ချစ်မယ့် ချစ်မိတော့လဲ ညီအစ်မ နှစ်ယောက်ဟာ လူတစ်ယောက်ကို တစ်ပြိုင်နက်တည်း ချစ်မိရသတဲ့ လေ ..။

"သမီး .."

ခေါ်သံကြောင့် အတွေးက ဆတ်ခနဲ လန့်နိုးမိပါသည်။

"သြော် .. ဖေဖေ .."

ဦးသန်းထွန်းအောင် က သမီးနဲ့ ဘေးမှာ ဝင်ထိုင်ရင်း ...

"ဆောင်းဝေ ပြန်သွားပြီလား .. ဒီကောင်မလေး ခုန ညနေစာ အတူစားမယ် ဆိုပြီးတော့ .."

"စားခါနီး လှမ်းဖုန်းဆက်လိုက်တဲ့ ဖေဖေ .."

ဦးသန်းထွန်းအောင် သဒ္ဒါ ကို ကြည့်ပြီး ...

"အခြေအနေက ဘာထူးလဲ သမီး .."

ဖေဖေ့ စကားကို သဒ္ဒါ နားမလည်မိ ..။

"ဘာကိုပြောတာလဲ ဖေဖေ .."

ဖေဖေက သဒ္ဒါ စကားကြောင့် ရယ်ပြီး ...

"ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ .. သမီးတို့ရဲ့ ပြိုင်ပွဲအကြောင်း ဆက်ပြီး အနိုင်အရှုံးပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



မေမေက အခုလို ဖွဲ့ဒိုးကြီး မေးတော့ သဒ္ဒါ ရှက်ရှက်နဲ့ ရယ်ပြီး ...

"ဘာမှ မထူးသေးပါဘူး .. မေမေရယ် .."

"သမီးတို့ လုပ်ပေါက်ကတော့ကွာ .. ကဲပါ .. ဟိုကောင်လေး အဲဒီကိစ္စအတွက် စိတ်မဆိုးဘူးလား .."

"ဟင့်အင်း .."

သဒ္ဒါ စကားကြောင့် ဦးသန်းထွန်းအောင် အံ့သြသွားရပါသည်။

"ဒီခေတ် ကလေးတွေက တစ်မျိုးပါလားဟ ..၊ သူ့နေရာ ဒီပြင်လူဆို အတော်စိတ်ဆိုးစရာပဲ သမီး ..၊ စဉ်းစားကြည့်လေ - သမီးတို့က သူ့ကို အရူးလုပ်လိုက်တာနဲ့ အတူတူပဲလေ .."

မေမေ့စကားကြောင့် သဒ္ဒါ က ခေါင်းညိတ်ပြီး ...

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ .. သမီးတို့လဲ အစကတော့ သူ့ရ စိတ်ဆိုးမယ် ထင်နေတာ .."

"ပြောပါဦး .."

သဒ္ဒါ သက်ပြင်းချပြီး ...

"သူ့ပုံစံက အတော်ပြောင်းလဲသွားတယ် ..၊ သွေးအေးသွားတယ် လို့ ပြောလို့ရတယ် မေမေ .."





"သမီးတို့ပွဲက အတော်ကို စိတ်ဝင်စားစရာကောင်းတာ အမှန် ပဲ သမီး .. ဒါပေမယ့် နိုင်နိုင်ရှုံးရှုံး ညီအစ်မချင်း စိတ်ဝမ်းမကွဲမိပါ စေနဲ့ ..၊ သံယောဇဉ် နည်းနည်းမှ မပွန်းပဲ့ပါစေနဲ့ သမီး .."

"စိတ်ချပါ မေမေ .. သမီးရော သဒ္ဒါ ပါ သဘောပေါက်ကြ ပါတယ် .."

"ကဲ .. ကဲ .. ထ .. အိမ်ထဲ ဝင်ရအောင် .."

"ဟုတ်ကဲ့ .. မေမေ .."

သဒ္ဒါ မေမေနဲ့အတူ ထရပ်ပြီး အိမ်ဘက် လျှောက်လာခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ ချစ်မှန်းကို

ငါ့အသည်းနှလုံးကို ရင်းလိုက်တယ်

သူ့အချစ်တရားနဲ့အတူ

ငါ့နှလုံးသားလဲ ပြာကျပါစေ...။







"နင်တို့ ဘာသိထားကြပြီလဲ .."

ဖူးဖူး .. အိသက် .. ရွှေစင်မိုး .. မင်းထွဋ် နဲ့ ဝေလွင် တို့ လေးယောက်ထဲရှိတုန်း ဖူးဖူး က ဝေလွင် နဲ့ မင်းထွဋ် ကို အစ်မေးကြည့်နေပါသည်။ မင်းထွဋ် အေးအေးဆေးဆေးဟန်နဲ့ ...

"သိထားတာပေါ့ နင် သုံးတန်းနှစ်မှာ အပြေးပြိုင်ရင်း ညာဘက်အပေါ်အံသွားဘေးက သွားကျိုးတ်တယ် ..၊ ခုနစ်တန်းရောက်တော့ ကိုယ့်ထဘီကိုယ် နင်းမိပြီး ထဘီကွင်းလုံးကျွတ်တယ် ..၊ အဲဒီကစပြီး နင် ထဘီကို ခပ်တိုတိုဝတ်လေ့ ရှိတယ် .."

"နင် .. နင် .. သေနာကောင် .. အစုတ်ပလုတ် .."

ဖူးဖူး .. ရှက်ရှက်နဲ့ ရေနွေးပူနဲ့လှမ်းပက်တော့ မင်းထွဋ် တွန့်သိမ်သွားပါသည်။ ကျန်တဲ့သူတွေက တဟားဟားပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေဟာ .. နင်ပဲ ဘာသိထားလဲဆိုလို့ သိထားတာလေး
တွေ စုဆောင်း တင်ပြတဲ့ဟာကို .."

ဖူးဖူး က မျက်နှာရဲရဲနဲ့ မျက်စောင်းထိုးပါသည်။ ရွှေစင်မိုး က
ခပ်ကြောက်ကြောက်နဲ့ပဲ ...

"နင်တို့ ငါတို့ သတင်းတွေကို စုံစမ်းထားသေးလား .."

ဝေလွင် က မချိုမချဉ် မျက်နှာပေးနဲ့ ...

"လန့်သွားသလား .. ကိုမြဝင်း"

"ဟဲ့ .. မမြဝင်း"

"အေးပါ .. မမြဝင်း လူဆိုးလုပ်တယ်ဆိုတာ သေနတ်ရှိမှတွေ့
အခြေအနေတစ်မျိုးနဲ့ ရွှေစင်မိုး ရဲ့ အကြောင်းကတော့ .."

ရွှေစင်မိုး မျက်လုံးကြီး ပြူးလာပါသည်။

"ငါးတန်းနှစ်မှာ စိတ်မထိန်းနိုင်ဘဲ .. အတန်းထဲမှာ အီးအီးထွက်
ဖူးတယ် .. ရှစ်တန်းနှစ်အထိ အိပ်ရာထဲမှာ သေးပေါက်တုန်း .. ရှိ
တယ် နော် .."

"သေနာ .. ကုလားနာ .. မြွေ ဆယ့်ခုနစ်ကောင် ကိုက်ပါစေ -
တော် .."

ရွှေစင်မိုး သူ့အလှည့်ကျတော့ ဆတ်ဆတ်ခါအောင် နာကာ





မေတ္တာတွေ အတုံးလိုက် ပို့လိုက်ပါတော့သည်။ ဖူးဖူး က အစဆွဲထုတ်
ပါသည် ..။

"ဟဲ့ .. အိသက် ဖိုင်ကရော .."

"မိဖူး .. နင်နော် .. အသျှောင့်လိုက်မထုတ်နဲ့ .."

အိသက် ကြောက်အားလန့်အားနဲ့ ပြောတော့ ဖူးဖူး က နှုတ်ခမ်း
တွန့်ကာ မဲ့ကာ ရွဲ့ကာနဲ့ ...

"သြော် .. ငါတို့အလှည့်ကျတော့ တဟီးဟီး တဟားဟားနဲ့
သူ့အလှည့်ကျတော့ ကြောက်တတ်လိုက်တာ .. ပြော .. ပြော မင်းထွန်း"

"မင်းထွန်း .. နင် ပြောရဲ ပြောကြည့် နော် .."

"ဟဲ .. ဟဲ .. ပြောရမှာပဲ ကိုမြဝင်း .. အဲ .. မမြဝင်း .."

အိသက် က ခနဲ့တဲ့တဲ့ အပြုံးနဲ့ ...

"နင် ပြောရဲ ပြောကြည့်လေ .. နင့်ကို အဖြေပေးမယ့်ကိစ္စ ပယ်
ဖျက်လိုက်မယ် .. ကဲ .."

"ဘယ်လို!..."

"အဲဒီလို .."

အိသက် လဲ လွှတ်ခနဲ ပြောမိပြီးမှ မျက်လုံးပြူး မျက်ဆံပြူးဖြစ်
သွားရှာသည်။ ဝေလွင် က မင်းထွန်း ကို စာတ်ပိုးအုပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သူတောင်းစား .. ဒီကိစ္စကို ငါနဲ့ သူရ ကို ဖုံးကွယ်ထားတယ် ပေါ့ .."

"အေးဟယ် .. ဒီဟာမက ငါတို့တောင် မပြောဘူး .."

"ဟိုလေ .. ငါ ပြောမလို့ပဲ ..၊ ပြောမယ် .. ပြောမယ်နဲ့ ငါ .."

အိသက် ရှက်ရှက်နဲ့ ဟိုပြောဒီပြောတွေ ပြောရင်း မင်းထွဋ် ကို လွယ်အိတ်နဲ့ ရိုက်ကာ ...

"အဲဒါ နင့်ကြောင့် အကောင်စုတ် .."

"အေးအေး နင်တို့နှစ်ယောက် နော် .. ဒီအတိုင်းတော့ မရဘူး— အဖြေပေးလိုက်တော့ ငါတို့အားလုံးကို ပြုစုရမယ် .."

အိသက် က ရှွေဖင်မိုး စကားကြောင့် ယောင်ပြီး ...

"အေးပါ .. ကျွေးပါ့မယ် .."

"ဟာ .. နင် တကယ်ပြောတာ နော် .."

မင်းထွဋ် ဝမ်းသာအားရ အိသက် ကို ပြောတော့ ဟိုအုပ်စုက ရယ်သည် ..။ အိသက် က အဲဒီအထိ တုံးတုန်း ...

"ဘာဖြစ်လို့လဲ .."

"နင် ကျွေးမယ် ပြောလိုက်တော့ ငါ့ကိုချစ်တယ်လို့ ပြောတာနဲ့ အတူတူပေါ့ .. တုံးတုံးလေးရဲ့ .."





"အယ် .. ဟုတ်သားပဲ .."

အိသက် ရှက်ကိုးရှက်ကန်းဖြစ်တာ မင်းထွဋ် လက်မောင်းကို ထုပါတော့သည်။

ဝေလွင် က အတောမသတ်နိုင်အောင် ရယ်ရင်း ...

"ကဲ တစ်ပွဲတော့ စိတ်ချမ်းသာစရာတွေ ဖြစ်သွားပြီ .. နောက် တစ်ပွဲပဲ ကျန်တော့တယ် .."

"ဟဲ့ .. သူရ အကြောင်း ဘာတွေ သိထားလဲလို့ .."

ဖူးဖူး က အမှတ်မရှိ သူရ ဟိုနှစ်ကောင်နဲ့ ပတ်သက်သမျှကို အစုထိ သိချင်နေတုန်းပါ ..၊ ဝေလွင် က စပ်ဖြီးဖြီးနဲ့ ...

"နင် သိချင်ရင် ဟိုကောင်လိုပဲ ငါ့ကို အဖြေပေး .."

ဖူးဖူး ဝေလွင့်စကားကြောင့် ရှက်ရမ်းရမ်းပါတော့သည်။

"သေနာ အစုတ်ပလုတ် .. နင့်လိုကောင်ကို ငါက စိတ်ဝင်စားမယ် ထင်သလား .. နင့်ကို စိတ်ဝင်စားမယ့်အစား ကုလားအဘိုးကြီး ကိုပဲ ကြိုက်လိုက်မယ် .."

ဖူးဖူး စကားကြောင့် သူ့မနောက်က ဗယာကြော်သည် ကုလား ကြီးက ...

"ကန်မလေး နော် .. တကယ် ပြောတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

ကုလားအဘိုးကြီး သူတို့ အမြဲဝယ်စားနေတဲ့ ဖောက်သည်မှ အစုလို နောက်တော့ .. ဖူးဖူး မျက်နှာ ဘယ်လို ထားရမှန်းမသိတော့ ဝေလွင် က အဲဒါကို အခွင့်ကောင်းယူကာ ...

"ကဲ .. ဘယ်လိုလဲ နင် မာမူကို ယူမလား .. ငါ့ကို ယူမလား ဆုံးဖြတ်တော့ .."

"နင် .. နင် နော် .."

ဖူးဖူး အဖြစ်ကို ဘေးဝိုင်းက ကျောင်းသားတွေကပါ မြင်ရကြား ရတာမို့ တဟားဟား ..။

"ကဲ.. ကဲ.. ပြောပြလိုက်ပါ ဝေလွင် ရာ.. တန်ပါတယ် .. မင်း လဲ မထင်မှတ်ပဲ ရည်းစားလေးတစ်ယောက် ကောက်ရလိုက်တာပဲ.."

"အေးကွာ.. လမ်းဘေးမှာကျတော့ ကောက်ရလိုက်တာပေါ့ .."

ဖူးဖူး သူမ အိတ်ထဲက ထီးထုတ်ကာ မင်းထွဋ် ခေါင်းကိုထုလိုက် ပါသည်။

"ကဲ ပြောပြမယ် .. သူရ လာမယ့် သောကြာနေ့မှာ သူ့ရင်ထဲက ချစ်သူအကြောင်းကို ပြောပြလိမ့်မယ် .. ဘာကြောင့် ဘယ်လို ချစ်မိ တာက အစပေါ့ဟာ .."





"ဒါဆို .. ဘယ်သူ ဘယ်လိုလုပ်လိုက်တာ သိနေတယ်လား.."

အိုသက် က တအံ့တသြနဲ့ ပြောတော့ မင်းထွဋ် က ...

"ဟာ .. အဲဒါကတော့ ဘယ်သိမလဲ .. သူ ပြောတဲ့အတိုင်း ပြောတာပေါ့ဟ .. ဟော .. လာပါပြီ .."

မင်းထွဋ် က ဆိုင်ဘက် ငိုက်စိုက် ငိုက်စိုက် လျှောက်လာတဲ့ သူရ ကို တွေ့တော့ ပြောပါသည်။ သူရ က ဆိုင်ထဲဝင်လာပြီး ဝေလွင် ဘေးမှာ ဝင်ထိုင်ပါသည်။

ရွှေဇင်မိုး က သူရ ကို အိုသက် နဲ့ မင်းထွဋ် အကြောင်း .. ဖူးဖူး နဲ့ ဝေလွင် အကြောင်းတွေ ပြန်ပြောပြတာ ဒုတိယအကြိမ် တဝါးဝါး တဟားဟားနဲ့ ပွဲပြန်ကျနေပါသည်။

သိပ်မကြာပါဘူး .. ဆောင်းဝေ .. သဒ္ဒါ နဲ့ အေးစန္ဒာ တို့ ကျောင်းသားရေးရာ သွားရာမှ ပြန်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ပြေးမလဲ မိချိုသဲ .."

ချိုကြီး တဟဲဟဲနဲ့ ရယ်ပြီး ...

"မပြေးပါဘူးကွာ .. အခုပဲ မင်းဆီ လာမလို့ .."

ချိုကြီး က ပြီးခဲ့တဲ့ အပတ်ကတည်းက သူ့ဆီက ပိုက်ဆံပြတ်နေလို့ဆိုပြီး တစ်သောင်း ချေးသွားပါသည်။

တစ်ရက် နှစ်ရက်ဆိုပြီး ပေါ်မလာတော့ ..။

အဲဒါကြောင့် ဒီကောင့် မြန်မာစာမေဂျာ အတန်းထဲထိ လိုက်ပြီး အလစ်မှာ ဂိုက်တောင်းတော့ ချိုကြီး ချေးထားတဲ့ တစ်သောင်းကို ပြန်ဆပ်ကာ ...





"လာကွာ .. ငါ လက်ဖက်ရည်ပါ ပြန်တိုက်ပါ့မယ် .. အတိုးပေါ့ကွာ .."

ချိုကြီး က သူ့ကို မျက်နှာရှုံ့သွေးတဲ့အနေနဲ့ လက်ဖက်ရည် ပြန်တိုက်ဖို့ ကန်တင်းဆီခေါ်သွားပါသည်။

ကန်တင်းရောက်တော့ လက်ဖက်ရည်နဲ့ ဆေးပေါ့လိပ် မှာပြီး...

"ဝေလွင် နဲ့ မင်းထွဋ် မပါဘူးလား .."

"မပါဘူး .. မင်းဆီသွားလဲ ပိုက်ဆံမရတဲ့အပြင် သူတို့ဆီကပါ ပိုက်ဆံ ထပ်ချေးနေမှာ စိုးလို့တဲ့ .."

"ခွေးကောင်တွေ သိမယ် .."

အမှန်က ဟိုနှစ်ကောင် မပြော ..၊ သူ တမင် အချိန်နဲ့ မခဲ့ခြင်း ဖြစ်သည်။

"ဟဲ့ .. အတန်းမတက်ဘူးလား .."

ကန်းတင်းထဲကို ဝင်လာတဲ့ ကျောင်းသူနှစ်ဦးက ချိုကြီး ကို ပြောပြီး ဘေးချင်းကပ်ဝိုင်းမှာ ဝင်ထိုင်ပါသည်။

"နောက်တစ်ချိန်မှ တက်မယ် .. ဘာလဲ ထမင်းလာစားတာလား .."

အရပ်ခပ်မြင့်မြင့် ကိုယ်နေဟန်ပြည့်ပြည့်နဲ့ မိန်းကလေးက ဖြူး



www.burmeseclassic.com

www.burmeseclassic.com



ရှင်း ...

"အေး .. စားပါဦးလား .."

ချိုကြီး ကလည်း ပြောင်ချော်ချော်နဲ့ ...

"ဆား မပါဘူး .. အချိုမှုန့်ပါတယ် .."

"သေနာကောင် .."

ကျွန်တော် ပြုံးပြီး ကြည့်နေတော့ အဲဒီကျောင်းသူနှစ်ယောက်ကလဲ ခည့်ဝတ်ကျေအပြုံးနဲ့ ပြန်လည် ပြုံးပြပါသည်။

ကျွန်တော်တို့က စကားကောင်းနေကြတာပေါ့ ..၊

သူမတို့ကလည်း စားကောင်းနေကြ တယ် ထင်ပါတယ်။ သူမတို့ စားပြီးသောက်ပြီးတော့ ပိုက်ဆံရှင်းပြီး ...

"ငချို .. နင်တို့ ဝိုင်းအတွက်ပါ ငါ ရှင်းပေးလိုက်ပြီ .."

"ကျေးဇူး အဆမတန်ကြီးကြောင်းပါ နေခြည် ရေ .."

နေခြည် ဆိုတဲ့ မိန်းမပျိုက ချိုကြီး စကားကြောင့် သဘောကျပုံနဲ့ ရယ်ပြီး ထရပ်ကာ ...

"ဟော့တော် .."

နေခြည် ရဲ့ အာမေဍိတ်အသံကို သူ ဂရုပြုမိပါသည်။ ပြီးတော့ ဈေးက ကျောင်းသူနဲ့တတွတ်တွတ် ပြောနေကြပါသည်။





ချိုကြီး က ကျောခိုင်းထားလို့ မမြင်ပေမယ့် ကျွန်တော်က တည့်တည့်ကြီးမို့ အစအဆုံး မြင်နေရပါသည်။

ကျွန်တော် ပတ်ဝန်းကျင်ကို လှေလာလိုက်ပါသည်။ ခပ်လှမ်းလှမ်းမှာ ရှိရှည် ဘာညာရောင်းတဲ့ဆိုင်ကို တွေ့သည်။ သူမ ဖိနပ်ကို ထပ်လှေလာသည်။

အိုကေ .. ကျွန်တော် ကောက်ခါငင်ခါ ထရပ်တော့ ချိုကြီး က ဗျာပျာသလဲလဲနဲ့ ...

"ဟေ့ကောင် ဘာဖြစ်တာလဲ .."

"ခဏ .."

ကျွန်တော် ဈေးဆိုင်ဘက်သွားပြီး လိုအပ်တာ ဝယ်ပါသည်။ ပြီးတော့ နေခြည် တို့ ရှိရာ ပြန်လာပြီး ...

"ဖိနပ်ပြတ်တာ မှတ်လား .."

နေခြည် ဆိုတဲ့ မိန်းကလေးက အားကိုးတကြီး မျက်လုံးတွေနဲ့ ...

"ဟုတ် .. ဟုတ်ပါတယ် ရှင် .."

"ဖိနပ် .. ခဏချွတ် .."

အခုကျမှ ချိုကြီး က သတိပြုမိကာ သူတို့ဆီ လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ...

"ဖိနပ်ပြတ်တာပဲ ငါတို့ကို လှမ်းပြောလိုက်ပေါ့ဟာ .."

ကျွန်တော် မှဆိုးဒူးထောက်ထိုင်တော့ နေခြည် မျက်စိမျက်နှာ ပျက်ကာ အားနာဟန်နဲ့ ...

"ကန်တော့နော် .."

"ရတယ် .. သီတင်းကျွတ်မှ လာကန်တော့ .."

ကျွန်တော် ထင်တဲ့အတိုင်းပါပဲ ..၊ ဖိနပ်က ပုံစံဆန်း ရှေ့က ခြေညှပ် အထိန်းတစ်ခုသာ ပါသည်။ နောက်က သိုင်းကြိုးကွင်းက ပြတ်တော့ ဘာမှလုပ်မရတော့ တွယ်ချိတ်နဲ့ချိတ်လို့ကတော့ ထင်တဲ့အတိုင်း မလွယ် ..။

ကျွန်တော် ဝယ်လာတဲ့ ပစ္စည်းထဲက ခဲတံချွန်တဲ့ဓားကို ထုတ်ကာ ဖိနပ်အလယ် ဘေးနှစ်ဖက်သားကို နှီးတစ်ပြားစာ ချန်ပြီး ဓားနဲ့လက်လေးလုံးစီ ဖောက်လိုက်ပါသည်။

ပြီးတော့ ...

"တစ်မျိုးတော့ စိတ်မရှိနဲ့ဗျာ .. အခြေအနေရ .."

"အို .."

ကျွန်တော် နေခြည်ရဲ့ ခြေဖဝါးကို လှမ်းကိုင်ကာ ဝယ်လာတဲ့





ဖဲတ်တီးကို ထုတ် .. ခုနခွဲထားတဲ့ ဖိနပ်အသားထဲ ပတ်တီးကိုထည့် တစ်ဖတ် ပြန်ထုတ်ကာ ခြေထောက်နဲ့တွဲပြီး တစ်လှည့်စီ ပတ်ကာ ပတ်တီးဆုံးတော့ နှစ်ခြမ်းခွဲ ဒဏ်ရာရသူလို ချည်နှောင်လိုက်ပါသည် ..။

အားလုံးက ကျွန်တော် လုပ်နေကိုင်နေပုံကို တစ်ခွန်းမှ မပြောပဲ ကြည့်နေပါသည်။

"ကဲ .. ပြီးပြီ လမ်းလျှောက်ရင် မသိမသာ ထော့နင်းထော့နင်းနဲ့ သွား .. ခင်ဗျားကို ခြေထောက်ဒဏ်ရာ ရထားတဲ့သူလို့ပဲ ထင်လိမ့်မယ် .."

ကျွန်တော် လုပ်ပုံက သူတို့လဲ သဘောကျနေပါသည်။

"ဉာဏ်ကတော့ ပြေးပါ့ကွာ .."

ကျွန်တော် ချိုကြီး စကားကြောင့် ရယ်ပြီး ...

"သူ့ ဖိနပ်ပြတ်ကတည်းက ငါ မြင်တယ် .. သူ့ဖိနပ်က ကြည့်လိုက်တော့ ချိတ်နဲ့ချိတ်ဖို့ မလွယ်ဘူးလေ .. ဒီလိုလုပ် .. ခင်ဗျား ကျောင်းပြင်ထွက်ပြီး အပြင်ဆိုင်က ဖိနပ်ဝယ်မှ ဖြစ်မယ် .."

"ကျေးဇူးတင်ပါတယ်ရှင် ကျွန်မနာမည်က နေခြည်မင်းသန့် .. သူကတော့ ချစ်ချစ်ခင် .."



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာပေါ့ .."

"ရှင် .."

"သြော် .. နောက်တာပါ .. ကျွန်တော် နာမည် ဇော်သူရ – နောက် လမ်းမှာတွေ့လဲ နိုင်းပေါ့ .."

"ဟုတ်ကဲ့ .. အာ .. ကိုဇော်သူရ က အတော် နောက်တာပဲ"

"သူရ လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပေါ့ဗျာ .. ကဲ .. သွားဦးမ အိမ်ရောက်ရင် ဒဏ်ရာကို ဆေးထည့်ဦးနော် .."

"ဟုတ်ကဲ့ .. ဟာ ..."

ကျွန်တော် တဟားဟား ရယ်ပြီး ...

"ကဲ .. ကဲ .. သွားဦးမယ် ..၊ သွားပြီ ချိုကြီး .."

"အေး .. ညကျ ငါ လာခဲ့မယ် .. လက်ဖက်ရည်ဆိုင်က နေ .."

"အေး .. သွားပြီ .."

သူရ သူမတို့ကိုပါ ထပ်နှုတ်ဆက်ပြီး ထွက်သွားပါသည်။

နေခြည် က သူရ ထွက်သွားရာကို ကြည့်နေပြီး ...

"ပျော်တတ်ပုံ ရတယ် နော် .."

ချိုကြီး က နေခြည် စကားကြောင့် ...





"နင် စိတ်ဝင်စားလို့လား .."

"ဟာ .. ချေ နော် .."

ချိုကြီး ရယ်ကျဲကျဲနဲ့ ...

"မဟုတ်ပါဘူးကွာ .. မိတ်ဆွေအဖြစ် စိတ်ဝင်စားလားလို့ .. ကောင်မလေးတွေ ဘာတွေ လျှောက်တွေးနေလဲ မသိဘူး .."

နေခြည် ရှက်ရှက် နဲ့ ချိုကြီး ကျောကို ထုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကော်ပြန့်လိပ်က ပူပူနွေးနွေးလေး ကောင်းတယ် .. ရှေ
စားကြည့်စမ်း .."

ဆောင်းဝေ စားလက်စ ကော်ပြန့်လိပ်ကို သူရ ပါးစပ်ရှေ့ ထိုး
ကျွေးတော့ သူရ က အင်တင်တင် ...၊ ဆောင်းဝေ အမြင်ကပ်
နဲ့...

"ဟဲ့ .. စားပါဆို .. နင့်ကို အဆိပ်ကျွေးနေတာ မဟုတ်ဘူး
စား .."

သူရ ပြောလဲ ရမှာ မဟုတ်တာကြောင့် ပါးစပ်ဟပေးတော့
ဆောင်းဝေ က ကော်ပြန့်ကြော်ကို သူရ ပါးစပ်ထဲ ထိုးထည့်ပါသည်

"အား!... ပူး .. ပူလိုက်တာဟာ .."





သူရ ပလုတ်ပလောင်းနဲ့ ပူပူလောင်လောင်ကို ဝါးစားရင်း ပြော
မိတော့ သဒ္ဒါ က သူမ သောက်လက်စ အအေးဘူးကို ပါးစပ်နား
တေ့ပေးပြီး ...

"အအေးသောက်လိုက် .. အဲဒါ ပြောတာပေါ့ .. ဆောင်းဝေ
တို့က လုပ်လိုက်ရင် အန္တရာယ် ရှိမရှိကို မကြည့်ဘူး .."

သဒ္ဒါ စကားကြောင့် ဆောင်းဝေ က သဒ္ဒါ ကို မျက်စောင်းထိုး
ပြီး ...

"အောင်မလေးဟယ် ကော်ပြန့်ကြော်လေး စားရုံနဲ့တော့ အသက်
အန္တရာယ် မထိခိုက်နိုင်ပါဘူး .. ပိုပါ့ .."

သူရ .. အအေးသောက်နေရာက ...

"ကဲ .. တော်ကြပါတော့ ...၊ နင်တို့ဟာက ငါ့ကို အစာကျွေး
အအေးတိုက်နေတာ မဟုတ်ဘူး .. လူမမာရှေ့မှာ ရန်ဖြစ်ပြနေတာနဲ့
တူနေတယ် .."

စိတ်ပေါက်ပေါက်နဲ့ သူရ ပြောတော့ ဆောင်းဝေ နဲ့ သဒ္ဒါ
ရယ်ပြုံးပြုံးနဲ့ မင်းထွဋ် ဆေးလိပ်ဘူးထဲက တစ်လိပ်ထုပ်ယူကာ —

"ပြောသာပြောတာပါကွာ .. သူရ ဘဝက တကယ် ကောင်း
စားတဲ့ဘဝ ...၊ နေပါဦး .. နင်တို့နှစ်ယောက်က နင်တို့ပုံစံ နင်တို့ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အတန်းနဲ့ဆို ဒီကောင်ထက်သာတဲ့ ကောင်တွေ ပုံနေတာပဲ ..၊ အဲဒါကိုမှ ဘာမဟုတ်တဲ့ ဒီကောင်ကိုမှ နင်တို့က တွယ်ကပ်နေတယ် ..."

မင်းထွဋ် အခြင်ကပ်ကပ်နဲ့ ပြောတော့ သူရ မျက်နှာရှုံ့မဲ့ကာ ...

"မင်းထွဋ် ရယ် .. မင်းနဲ့ ငါနဲ့သူငယ်ချင်း အရင်းကြီးပါကွာ- မင်းပြောမှပဲ ငါ့ဘဝက ရစရာကို မရှိတော့ဘူး .."

"ဆန်ရင်း နာနာဖွပ်တာပါကွာ .."

"နောက်မှာပဲ ဖွပ်တော့ .. ငါ သွားစရာ ရှိသေးတယ် .."

သူရ က စားပွဲပေါ်က သူ့လွယ်အိတ်ကို ကောက်ကိုင်ကာ ထရပ်တော့ ဖူးဖူး က ...

"ဟဲ့ .. ဘယ်လဲ အတန်းမတက်ဘူးလား .."

"တက်မယ် .. မြန်မစာဘက် ခဏသွားမလို့ .."

ကျွန်တော် စကားကြောင့် ဝေလွင် က ...

"ဟာ .. သွားလိုက်တဲ့ မြန်မာစာဘက် .. မင်း ချိုကြီး တို့ဆီ သွားတာတော့ မဟုတ်လောက်တော့ဘူး ..၊ ချိုကြီး နဲ့ မနေ့ညက တွေ့ပြီးပြီ .."

ဝေလွင် စကားကြောင့် ကျွန်တော် ရယ်ကျဲကျဲနဲ့ ...





"ချိုကြီး တို့ ဆီပါကွာ .."

"ဒါဆို ငါတို့ လိုက်ခဲ့မယ် .."

"မလိုက်နဲ့ ရှုပ်တယ် .. သွားပြီဟေ့ .."

ပြောလဲ ပြော .. မပြေးရုံတမယ် ကျွန်တော် ထထွက်သွားပါသည်။

ရွှေဇင် က သူရ ထွက်သွားရာကို ကြည့်ပြီး ...

"ဒီကောင် ရိုးတော့ မရိုးဘူးနော် .. နင်တို့နှစ်ယောက် ဒီအတိုင်း ကြည့်မနေနဲ့ .."

ရွှေဇင့် စကားကို ဆောင်းဝေ က အရေးမစိုက်ဟန်နဲ့ အရယ်အမော မပျက် ..။

"ငါတို့ ဒီအတိုင်းကြည့်မနေပဲ အိပ်ပြီး ကြည့်နေရမှာလား .."

သဒ္ဓါ ဆောင်းဝေ စကားကို ယုံကြည်ဟန်နဲ့ ...

"အေးလေဟယ် .."

ဖူးဖူး ကလဲ ထောက်ခံဟန်နဲ့ ရွှေဇင့် လက်မောင်းကိုပုတ်ပြီး...

"စိုးရိမ်စရာ မရှိ စိုးရိမ်မနေပါနဲ့ ရွှေဇင် ရယ် .. ဒီလောက်ချော ဒီလောက်လှတဲ့ သဒ္ဓါ နဲ့ ဆောင်းဝေ ကို သူရ က လက်လွှတ်မယ်ထင်လား .. ဝေးသေး .."



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင် ဆက်ပြီး မငြင်းတော့ပါ ..၊ အဲဒါကြောင့် ...

"အေးလေ .. နင်တို့ စိတ်ချရင် ပြီးတာပဲ .. တစ်ခုတော့ ရှိတယ်နော် .. ယောကျ်ားဆိုတာ ချောတိုင်း လှတိုင်းလဲ စိတ်ဝင်စားချင်မှ စိတ်ဝင်စားမှာ ..၊ မယုံရင် မင်းထွဋ် နဲ့ ဝေလွင် ကို မေးကြည့် .."

ဝေလွင် ကလဲ ရွှေစင် စကားကို ထောက်ခံဟန်နဲ့ ...

"အဲဒါတော့ ဟုတ်တယ် .. ရွှေစင် ပြောတာ မမှားဘူး ..၊ ယောကျ်ားမှ မဟုတ်ပါဘူး တချို့လူတွေက ဘာမဟုတ်တဲ့ ဟာလေးကိုလဲ စိတ်ဝင်စားချင် စိတ်ဝင်စားတတ်တာ .."

"ကဲ .. ကဲ ပြောမနေနဲ့ လစ်ကြရအောင် .."

သူတို့ ပိုက်ဆံရှင်းကြပြီး ဆိုင်ထဲက ထွက်လာခဲ့ပါသည်။





"ဟော့ကောင်လေး .. မင်း ဘယ်လာတာလဲ ..၊ မင်းကွာ မတွေ့တာတောင် အတော်ကြာပြီ .. တစ်ရက်လောက် ဆုံရအောင်ကွာ .."

သူရ အန်ကယ်ဂိုး နဲ့ ရုတ်တရက်ကြီး တွေ့လိုက်ရတာကြောင့် လန့်ဖြန့်သွားပါသည်။

မလန့်လို့ကလဲ မဖြစ် ..၊ ဘာဖြစ်လို့လဲဆိုတော့ ပေ်လှမ်းလှမ်းက အမျိုးသမီးအတွင်းခံ ရောင်းတဲ့ဆိုင်ထဲမှာ နေခြည်မင်းသန့် ရှိနေတာကို ..။

"ဟို .. အဲ .. တွေ့တာပေါ့ အန်ကယ် .. ဒါပဲနော် .."

"ဟော့ကောင် မင်း ဘာဖြစ်နေတာလဲ .."

ဦးစိုးဝေ သူရ မူပျက်နေတာကိုကြည့်ပြီး တအံ့တဩနဲ့ဆိုတော့ သူရ ကိုယ်ရှိန် ပြန်သပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. ဘာမှမဖြစ်ပါဘူး .. အန်ကယ်ဘယ်ကလာတာလဲ .."

"အေးကွာ .. ဒီပလာဇာရဲ့အပေါ်ထပ်မှာ ကုမ္ပဏီရုံးခန်းတွေ ရှိတယ်လေ .. အသိတစ်ယောက်ဆီ ဆိုပါတော့ကွာ .."

သူရ စိတ်ထဲက ဘုရားတနေပါသည်။

အခုအချိန် နေခြည် ထွက်လာလို့ကတော့ သွားပြီ ..။

ဘုရား .. ဘုရား နေခြည် ထွက်မလာပါစေနဲ့လို့ စိတ်ထဲက အခါခါ ဆုတောင်းနေရပါသည်။ သို့ပေမယ့် ...

"သူရ သွားကြမယ်လေ .. ဩော် .. ညှိုသည်နဲ့ စကားပြောနေတာကို .."

သွားပြီ .. လုံးဝကို သွားပါပြီ ..။

အန်ကယ်စိုး က မျက်မှောင်ကြီးကုတ်ကာ နေခြည် ကို စူးစိုက်ကြည့်နေပါသည်။ ကျွန်တော် မျက်နှာ ရှုံ့သွေးပြီး ...

"အန်ကယ် သွားလိုက်ဦးမယ် နော် .. ဒါ ညီမလေ .."

နေခြည် က ကျွန်တော့်စကားကြောင့် မျက်ခုံးခပ်ယောင်ယောင် ပင့်မိပေမယ့် ဘာမှတော့မပြော ..။

"ဩော် မင်းညီမလား .. အေး .. အေး .. ကဲ .. အန်ကယ်လဲ သွားလိုက်ဦးမယ် ..၊ ဒီက ငါ့တူမ အန်ကယ် သွားပြီးနော် .."





"ဟုတ်ကဲ့ပါ အန်ကယ် .."

အန်ကယ်စိုး ထွက်သွားတော့ သူရ သက်ပြင်းချမိပါသည်။ လူတစ်ကိုယ်လုံးလဲ ချွေးတွေ ရွှဲနစ်နေပါသည်။

"ဟဲ့ .. ဘာဖြစ်တာလဲ .. ဒီအန်ကယ်က ဘယ်သူမို့လဲ .. ပြီးတော့ နင် ခုနက ငါ့ကို ညီမဆိုပြီး .."

"အေး .. အဲဒါ ဆောင်းဝေ ရဲ့ အဖေ .. သဒ္ဒါ ရဲ့ ဦးလေး .."

"ဟင်!..."

နေခြည် လဲ အံ့သြသွားပါသည်။ ဒါကြောင့် သူရ မှုပျက်နေတာကို ..။

"ဒါဆိုရင် နင့်ကို .."

"ဟုတ်တယ်ဟ .. အဲဒါကြောင့်မို့ ငါလဲ ရုပ်ပျက်နေတာ ..၊ နင်နဲ့ ငါနဲ့ တွဲသွားတွဲလာကိစ္စ မနက်ဖြန်ဆို ဟိုနှစ်ကောင်နဲ့ ငါ ရှင်းရပြီ .."

ကျွန်တော်ရဲ့ စိတ်ပျက်တဲ့အသံကြောင့် နေခြည် သဘောကျပုံနဲ့ ရယ်ရင်း ...

"မရှင်းချင်လဲ တစ်ယောက်ယောက်ကို ရွေးချယ်တော့လေ .. နင့် လုပ်ပုံကိုက မဟုတ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ မသေချာသေးလို့ .. ဒါနဲ့ ငါကိစ္စကို ကူညီပေးဦး .."

ကျွန်တော့် စကားကို နေခြည် သဘောပေါက်ပုံနဲ့ ...

"အေးပါ ဟာ .."

နေခြည်က ဦးဆောင်ပြီး အမျိုးသမီးသုံး အလှကုန်ပစ္စည်း အရောင်းဆန်းမဘက် ထွက်လာခဲ့ကြပါတယ် ...၊

အမှန်တော့ ကျွန်တော် တစ်ယောက်တည်း သွားမလို့ပါ ...၊ ဒါပေမယ့် မသွားရဲ .. အဲဒါကြောင့်မို့ နေခြည့် ကို အကူအညီတောင်းပြီး ခေါ်လာခြင်း ဖြစ်ပါသည်။

အဓိက ကျွန်တော် သိချင်တာက နှုတ်ခမ်းနီဆိုးဆေးရန် ...၊ သူ တံဆိပ်အမျိုးမျိုးကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဖွင့်ကြည့် နမ်းကြည့်နဲ့ အလုပ်ရှုပ်နေပါသည် ...။

တွေ့မယ့်တွေ့တော့လည်း ကျွန်တော့် ရင်းနှီးနေတဲ့ နှုတ်ခမ်းနီနဲ့က နာမည်ကြီးဘရမ်း ...။

"ဒါ .. ပြင်သစ်ထုတ်တာဟ .. ဈေးကြီးတယ် .."

နေခြည် က နှုတ်ခမ်းနီတောင့်ကို လှည့်ပတ်ကြည့်ပြီး ပြောပါတယ် ...၊ ဒီလိုနဲ့ အဲဒီနှုတ်ခမ်းနီဖိုး ငွေချေပြီး ထွက်လာခဲ့တာပေါ့ ...။





ဆိုင်ထဲက ထွက်တော့ သူတို့ကို တအံ့တသြကြည့်နေတဲ့ လူတစ်ယောက် ရှိနေတာကို သူတို့ သတိမပြုမိ ...။

အဲဒီလူက အိသက် ...၊ အိသက် က သူ့ညီမနဲ့အတူ ဈေးဝယ်လာခြင်း ဖြစ်ပါသည်။ အိသက် မယုံနိုင်ပုံနဲ့ ငေးကြည့်နေတော့ ညီမဖြစ်သူက ...

"ဘယ်သူလဲ မမ .. မမ ရည်းစားလား .."

"ဟယ် .. ဘယ်ကလာ .. နင် ဆောင်းဓေ နဲ့ သဒ္ဒါကို သိတယ်မှတ်လား .."

ဆောင်းဓေ နဲ့ သဒ္ဒါ ကိုတော့ ညီမက သိသည်။ တစ်ခါ သဒ္ဒါ အိမ်အလှူမှာ မိတ်ဆက်ပေးဖူးတာကို ...။

"သိတယ်လေ .. မမ ဘာဖြစ်လို့လဲ .."

"အဲဒါ သူတို့လူ .."

ညီမဖြစ်သူ အိသက် စကားကြောင့် မျက်လုံးပိုင်းသွားပါသည်။

"ဟင်!... ဘယ်လို .. နှစ်ယောက်လုံးနဲ့ ...၊ ဟာ!... မဖြစ်နိုင်ပါဘူး .. ပြီးတော့ လက်ရှိလဲ တစ်ယောက်နဲ့ တွဲနေတယ် .. ရုပ်က ဘာမှလဲ မဟုတ်ပဲနဲ့ .."

"နင်မယုံလဲ မတတ်နိုင်ဘူး .. လာ လမ်းသွားရင်း ပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက ရှေ့ပ် ထင်တယ် .."

အိသက် က ခေါင်းခါကာ ...

"ရှုပ်တာတော့ မရှုပ်ဘူး .. ငါတို့သူငယ်ချင်းပဲ .. ဒီကောင်ကိုထ ကံထူးတာလား .. ကံဆိုးတာလား .. ပြောရခက်တယ်ဟဲ့ .."

အိသက် သူရ ရဲ့ဖြစ်စဉ်တွေကို ပြောပြမိပါသည် ..။

အဲဒီအချိန်မှာ အန်ကယ်စိုးဝေ က သူ့သမီး ဆောင်းဝေ ကို နေးဖြစ်သူ မသိအောင် ခြံထဲခေါ်ထုတ်ပြီး သူရ နဲ့ တွေ့ခဲ့တဲ့အကြောင်း ကို ပြောပြမိပါသည်။

"မဖြစ်နိုင်ဘူး ဖေဖေ .. သူရ က တစ်ဦးတည်းသော သား .. သမီးနဲ့ သဒ္ဒါ နဲ့ သူ့အိမ် မရောက်ဖူးပေမယ့် သူ့သူငယ်ချင်းတွေ ပြောပြနေလို့ သိရတာ .."

"အဲဒါတော့ မသိဘူး သမီး .. ဖေဖေနဲ့တွေ့တော့ ဒီကောင် မူနည်းနည်းပျက်နေတယ် ..၊ သမီး သိသင့်တယ်ထင်လို့ ဖေဖေ ပြော တာ .. ကျန်တာက သမီးနဲ့ သဒ္ဒါ သမိုင်းပဲ ..၊ ကဲ .. ဖေဖေလဲ ရေ မိုးချိုးလိုက်ဦးမယ် .."

ဖေဖေ ထွက်သွားတော့ ဆောင်းဝေ ခြံထဲမှာ တစ်ယောက်ထဲ ထိုင်ရင်း ဟိုစဉ်းစား ဒီစဉ်းစားပေါ့ ..။





တကယ်ပဲ သူရ ရည်းစားရသွားပြီလား ..၊ နောက်ဆုံး ကျိတ်မနိုင် ခဲမရ ဖြစ်နေတာကြောင့် သဒ္ဒါ ဆီကို ဖုန်းဆက်ပြီး လှမ်းခေါ်မိပါသည်။

"သဒ္ဒါ လား အရေးကြီးလို့ .. ခြံထဲမှာ ငါတစ်ယောက်တည်း ဟဲ့ .. မြန်မြန်လာခဲ့နော် .."

ဖုန်းကို ပိတ်ပြီး သဒ္ဒါ ကို စောင့်မျှော်နေမိပါသည်။

သဒ္ဒါ ရောက်လာပါတယ် ..၊ သဒ္ဒါ ရေမိုးချိုးပြီးစဟန်နဲ့ မခြောက်တခြောက်ဆံပင်ကို ဖြန့်ထားရင်း ...

"မိန်းမ ပြော .. ဘာတွေ အရေးကြီးလို့လဲ .."

ဆောင်းဝေ မကျေမနပ်နဲ့ အခုလို ပြောပါသည် ..၊

"ဖေဖေ .. သူရ နဲ့ မိန်းကလေးတစ်ယောက်ကို အတူတွေ့လိုက် တယ် တဲ့ .."

"ဟင်!... ဘယ်လို .."

သဒ္ဒါ လန့်ဖြန့်သွားမိတာ အမှန်ပင် ..၊ မထင်မှတ်တဲ့စကားကို ကြားလိုက်ရတာလဲ ပါပါတယ် ..။ ဆောင်းဝေ က ဖေဖေပြောတဲ့ အတိုင်း တစ်လုံးမကျန် ပြောပြမိပါသည်။

"အေးလေ .. ဝေလွှင် တို့ပြောတော့ တစ်ဦးတည်းသောသား ဆို ...ဒါက ဘာသဘောလဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ မကျေမနပ်နဲ့ ပြောနေကြစဉ် သဒ္ဒါ ရဲ့ဖုန်း မြည်လာတာကြောင့် သဒ္ဒါ ဖုန်းကိုဖွင့် နားထောင်မိတော့ ...

"ဩော် .. အိသက် လား .. ပြော .. ဟင် .. နင်နဲ့ပါ တွေ့တယ်ဩော် .. အေး .. အေး .. ဒီလိုလုပ် .. နင့်ကောင် မင်းထွဋ် အိမ် သိလား ..၊ အေး .. သိတယ်ဆိုရင် နင် ဆောင်းဝေ အိမ်ကို ကားငှားပြီးလာခဲ့ .. ဒီရောက်မှ ငါ အကြောင်းစုံ ပြောပြမယ် .. ငါ သိပြီးပြီ - ဒါပဲ .. ဒါပဲ .."

သဒ္ဒါ ဖုန်းပိတ်တော့ .. ဆောင်းဝေ က ...

"ဟဲ့ .. ဘာပြောလဲ .."

"အေး .. သူလဲ သူ့ညီမနဲ့အတူ သူရ တို့ စုံတွဲကို တွေ့လိုက်တယ် တဲ့ .."

"ဒါဆိုရင် သူရ တကယ် ရည်းစားရသွားပြီလား ..၊ ဒါ ဘာအချိုးချိုးတာလဲ ... တွေ့မယ် .."

"အေး .. အဲဒါကြောင့် သူရ အိမ် လိုက်သွားဖို့ ငါ အိသက်အမြန်လာလို့ ဖုန်းထဲက ပြောလိုက်တယ် .."

"ကောင်းတယ် .. ငါလဲ ဖေဖေ ပြောကတည်းက စိတ်ထဲကတနုံ့နုံ့နဲ့ .."





ဆောင်းဝေ စကားကြောင့် သဒ္ဒါ က ...

"အေးလေ ရည်းစားရသွားရင်လဲ ပြောင် ပွင့်ပွင့်လင်းလင်းပေါ့.. အခုတော့ ဒီကောင်က တကယ့်မလည်ရှုပ် လုပ်နေတယ် .."

နှစ်ယောက်သား မကျေမနပ်နဲ့ ပွစိပွစိ ပြောနေကြပါသည်။ နာရီဝက်ကျော်ကျော်လောက် ကြာတော့ အိသက် ရောက်လာပါတယ်။ အိသက် က ရောက်ရောက်ချင်း ...

"ဒါဆို နင်တို့လဲ သိနေတာပေါ့ .."

အိသက် စကားကို ဆောင်းဝေ က ခေါင်းညိတ်ပြီး ...

"အေး .. ငါ့ဖေဖေနဲ့ ထိပ်တိုက်တွေ့ပြီးပြီဟ .. ကဲ .. သူ့အိမ်သွားမယ် ဆို .. လုပ် .. လုပ် .."

"အေးပါ .. လာ .."

သူတို့သုံးယောက် ဆောင်းဝေ ရဲ့ကားဆီ လျှောက်လာခဲ့ပါသည်။ ဖေဖေက အိမ်အဝင်ကနေ ...

"ဟဲ့ .. ဒီညီအစ်မတွေ ဘယ်လဲ .."

ဆောင်းဝေ က ကားတံခါးဖွင့်ရင်း ...

"ပြန်လာမယ် .. ဒီနား ဖေဖေ .. အရေးတကြီးကိစ္စ ရှိလို့ .."

"အေး .. အေး .. မိုးမချုပ်စေနဲ့နော် .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ မေမေ .. သွားပြီ .."

မေမေ့ကို လက်ပြကာ ကားတံခါးဆွဲဖွင့်ပြီး အထဲဝင်တော့ ကား

သော့ မေ့ကျန်နေတာကြောင့် ...

"ဟာ .. အရေးထဲ ကားသော့ မေ့နေသေးတယ် .."

သူမ မကျေမနပ်နဲ့ ကားတံခါးဆွဲဖွင့်ပြီး ထွက်သွားတော့ အိသ

က ...

"အဲဒါပဲ .. မပျော့မြေလူးတယ် ဆိုတာ .."

ဆောင်းဝေ ကြားပေမယ့် မျက်စောင်းသာ ထိုးနိုင်ပါသည်။

ဆောင်းဝေ ခပ်သွက်သွက် သော့သွားယူပြီး ကားကို စက်နှိုးမောင်း

ထွက်လာခဲ့ပါသည်။

"ဟဲ့ .. အဲဒီလမ်းထဲ ချိုးကွေ့လိုက် .."

အိသက် က လမ်းပြရမှာမို့ ရှေ့မှာ ထိုင်ကာ ကားဟိုချိုး ဒီကွေ့

ပြောနေရပါသည်။

"ရပ် .. ရပ် .. အဲဒီ ခြံတံခါးအပြာနဲ့ အိမ်ပဲ .. ဟွန်းတီးလိုက်

လား .."

ဆောင်းဝေ ဟွန်း နှစ်ချက် သုံးချက် တီးလိုက်တော့ အိမ်အဝင်

ကနေ လူတစ်ယောက် ပေါ်လာပါတယ် ..။





မင်းထွဋ် ..၊ မင်းထွဋ် က တအံ့တသြနဲ့ ကြည့်ပြီး လက်ပြကာ

ပ်စီးပြီး အိမ်ထဲကို တစ်ခုခု လှမ်းပြောကာ ဆင်းလာပါသည်။

ကားနားရောက်တော့ ...

"ဟဲ့ .. ဘယ်လဲ .."

သဒ္ဒါ က ပြန်ဖြေပါတယ် ..၊

"ဟဲ့ မင်းထွဋ် .. ကားပေါ်တက် .."

မင်းထွဋ် ကြောင်တောင်တောင်နဲ့ ကားတံခါးဖွင့်ကာ သဒ္ဒါ

းမှာ ဝင်ထိုင်ပြီး ...

"ဘယ်လဲ ဟ .."

"သူ့ရဲ့အိမ် .."

မင်းထွဋ် ခေါင်း တကုပ်ကုပ်နဲ့ ရှေ့ကို လက်ညှိုးညွှန်ကာ ...

"တည့်တည့်သာ မောင်း .. လမ်းကွေ့ရောက်ရင် ရပ်လိုက် ..

ာင့်အိမ်ပဲ .."

ဆောင်းဝေ က မင်းထွဋ် ပြောတဲ့အတိုင်း ကားကို မောင်းလာခဲ့

ည်။ ထောင့်လမ်းကွေ့နား ရောက်တော့ ကားကို လမ်းဘေး

ရပ်ပြီး ဆင်းလာကြပါသည်။

မင်းထွဋ် က ခြံတံခါးကို ဖွင့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. လာကြ .."

"ဟဲ့ .. ခွေး ရှိလား .."

"ဝေလွှင် လား .. မရှိလောက်ဘူး .."

"ဟာ .. အရေးထဲဟာ ..၊ ခွေး .. ခွေး .."

မင်းထွဋ် က ရယ်ပြီး ...

"ဟဲ .. ဟဲ .. မရှိပါဘူးဟာ ..၊ လာ .. စိတ်ချလက်ချ လိုက်ခဲ့"

"သူရ .. ဟောကောင် သူရ .."

မင်းထွဋ် က အော်ရင်း လျှောက်လာတော့ အိမ်ထဲကနေ သူ ရဲ့အသံကို ကြားရပါသည် ..။

"ဟေ့ကောင် .. အသံပြဲကြီးနဲ့ အော်မနေနဲ့ အိမ်ပေါ်တက်လာ ခဲ့ .."

"လာ .."

မင်းထွဋ် က လှည့်ပြောကာ ဦးဆောင်ပြီး အိမ်ပေါ်တက်သည် သူရ က တီဗွီကြည့်နေရာမှ သူမတို့ကို မြင်တော့ အံ့သြသွားပြီး

"ဟာ .. နင်တို့ပါ ပါလာတယ် .."

သူရ မေမေ ကပါ တီဗွီကြည့်နေတာကြောင့် သူမတို့ နည်းနည်း ရှိန်သွားပါသည်။





သူရ မေမေက သဘောကောင်းပုံ ရပါတယ်။

အနေမခက်အောင် ...

"လာ .. သမီးတို့ လာကြ .. ထိုင် .. ထိုင် .."

သူမတို့ ဝင်ထိုင်တော့ သူရ က ...

"ဟ .. တစ်အုပ်ကြီးပါလား .. မေမေ ဒါ ကျောင်းက သား သူငယ်ချင်းတွေ .."

သူရ က သူမတို့ နာမည်တွေကို ရွတ်ပြီး တစ်ဦးချင်း မိတ်ဆက် ပေးပါသည်။

"ဒါ ငါ့မေမေ ဒေါ်အေးသီ တဲ့ .. ဖေဖေက အလုပ်က ပြန်မလာ သေးဘူး .."

"ကဲ .. သားတို့ နေကြဦး မေမေ .. ကော်ဖီဖျော်လိုက်ဦးမယ်..၊ ဟိုကောင် .. နင်ရှေ့်သည် မဟုတ်ဘူး .. လာ .. လိုက်ခဲ့ .."

"လိုက်ရမှာပေါ့ .. ဒေါ်လေး ကလဲ .."

ဒေါ်အေးသီ မင်းထွဋ် ကို နောက်ဖေးဆောင်ကိုခေါ်ပြီး မင်းထွဋ် နဲ့အတူ ကော်ဖီဖျော်ဖို့ နို့ဆီဘူး ထုတ်နေရာမှ ...

"ဟဲ့ .. အဲ့ဒါလေးတွေထဲမှာ ငါ့သား ရည်းစားပါလား .."

"သိပ်ပါတာပေါ့ ဒေါ်လေးရာ .. တစ်ယောက်ထဲတောင် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး နှစ်ယောက် ..၊ ဒေါ်လေးကို မိတ်ဆက်ပေးတဲ့ ဆောင်းဝေဝေ ဆိုတာနဲ့ ရွှေသဒ္ဒါ ဆိုတဲ့ ကောင်မလေးတွေ .."

"ဘုရားရေ .. ဟုတ်ရောဟုတ်ရဲ့လားဟယ် .."

"မေမေ မဖျော်နဲ့တော့ .. သား အပြင်ခဏလိုက်သွားမလို့ .."

"ကဲ .. ဒေါ်လေးသား လာပါပြီ .. ဒေါ်လေးကိုယ်တိုင် မေးကြည့် .."

သူရ က သူ့အမေကို ဖက်ပြီး မင်းထွဋ် ဖောက်သည်ချလိုက်ပြီ ဆိုတာ ရိပ်မိတာကြောင့် ...

"ပြန်လာမှ ပြောပြမယ် မေမေ ..၊ လစ်မယ် .. မင်းထွဋ် ပြဿနာ က နေ့မကူးဘူး အိမ်ပေါ် ရောက်လာပြီး .."

သူရ ထင်တဲ့အတိုင်းပါပဲ .. မနက်ဖြန် ကျောင်းရောက်တော့မှ ရှင်းပြရမယ် ထင်နေတာ ..၊

အခုတော့ နေ့တောင်မကူး အိမ်ရှေ့ရောက်တော့ ဆောင်းဝေ တို့က မေမေ့ကို နှုတ်ဆက်ပါသည်။

"အန်တီ .. သမီးတို့ ပြန်ဦးမယ်နော် .."

"အေး .. အေး .. နောက်လဲ ဝင်ပါ ထွက်ပါကွယ် .."

"ဟုတ်ကဲ့ .. အန်တီ .."





သူတို့ငါးယောက် ကားပေါ်ရောက်ပြီး ကားထွက်ထွက်ချင်း သဒ္ဒါ က စပြီး ပြောပါသည်။

"ကဲ .. ကိုယ်တော် ရှင်းစမ်း .."

သဒ္ဒါ စကားကြောင့် ဆောင်းဝေ က ကားမောင်းနေရာမှ —

"ခဏနေလိုက်ဦး သဒ္ဒါ .. မလောနဲ့ ဆိုင်တစ်ဆိုင် ရောက်မှ မေး .."

သူရ .. ဟူးခနဲ သက်ပြင်းချပြီး နေနေလိုက်ရပါသည်။မင်းထွဋ် က မအူမလည် ..၊

"ဟေ့ကောင် ဘာတွေ ဖြစ်နေတာလဲ .."

"ဆိုင်ရောက်မှ ရှင်းပြမယ် .. ခဏလေး သည်းခံကွာ .."

မင်းထွဋ် ကျွန်တော့် စကားကြောင့် ထပ်မမေးတော့ပါ ..။

အနီးဆုံး ကြေးအိုးဆိုင်ရောက်တော့ ကျွန်တော် ကော်ဖီတစ်ခွက် သာ မှာသည်။ သူတို့ မမှာလို့ မကောင်းတာကြောင့် ကြေးအိုး နှစ်ပွဲ မှာသည်..။

"ကဲ ရှင်းစမ်း .. နင် ဘာအရှုံးချိုးတာလဲ ..၊ နင့်မှာ ရည်းစားရှိ ရင် ငါတို့ လုပ်ထားတဲ့ပွဲကို ဖျက်ပါလား .. သူရ .."

ဆောင်းဝေ ဒေါသနဲ့ပြောတော့ .. သူရ က ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ အမှန်အတိုင်းပြောမယ် နော် .. ယုံတာ မယုံတာ နင်တို့အပိုင်းပါ ..၊ အိသက် နဲ့ ဆောင်းဝေ အဖေ တွေ့ခဲ့တဲ့ ကောင်မလေး နာမည်က နေခြည်မင်းသန့် တဲ့ .. မြန်မာစာ က ..၊ ဒါပေမယ့် ငါ ရည်းစား မဟုတ်ဘူး .. ငါ အမှန်အတိုင်း ပြောတာပါ .."

သူရ စကားကြောင့် ကျေနပ်သွားကြပါတယ် ..၊ ဒါပေမယ့် လုံးလုံးကြီးတော့ မကျေနပ်နိုင်သေး ..၊

"နင် မလိမ်နဲ့ နော် .."

သူရ က ရယ်ပြီး ...

"ငါ မလိမ်ပါဘူးဟာ တကယ်ပါ .. အခုလို တွေ့ရတာကလဲ ဟော်လိုးဝင်းညက ကိစ္စကြောင့်ပဲ .."

"ဟော်လိုးဝင်း ည .."

သဒ္ဒါ က နှုတ်က တိုးတိုး လွှတ်ခနဲ ထွက်တော့ သူရ က သဒ္ဒါ ကို ငေးကြည့်ပြီး ...

"ငါ့ကို နှုတ်ခမ်းနီရုန့်တွေနဲ့ ပြုစားသွားတဲ့ ညလေ ..၊ အဲဒီကိစ္စ ကို လိုက်စုံစမ်းနေတာ .."

သူရ စကားကြောင့် ဆောင်းဝေ ရော သဒ္ဒါ ပါ ငြိမ်ကျသွားပါ သည် ..။ အိသက် က အဲဒီနှစ်ကောင်ကို အမြင်ကပ်ကပ်နဲ့ ...





"ကဲ .. ပြောကြဦးလေ .. ပြောတော့ ဒီကောင့်ကို အပြတ်ရှင်းမယ် လေး ဘာလေးနဲ့ .. အခုတော့ ကြောင်ရှေ့ရောက်နေတဲ့ ကြွက်ကလေး .."

"အိသက် နော် .."

"ဒါကတော့ ကြားကြားချင်းဆိုတော့ ဒေါသဖြစ်တာပေါ့ဟ .."

သူရ ပြုံးပြီး ...

"စိတ်ချပါ .. ငါ့နှလုံးသားထဲက ရင်ခုန်သံတွေက နင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်အတွက်ပဲ .. စိတ်ချ .."

သူရ စကားကြောင့် ဆောင်းဝေ နဲ့ သဒ္ဒါ က ပီတိအပြုံးတွေ နဲ့ပေါ့။ နောက်တော့ စားကြသောက်ကြပြီး ပြန်ထွက်သွားကြပါ တယ်..၊ ကျွန်တော် နဲ့ မင်းထွဋ် က အိမ်နဲ့ ခပ်နီးနီးမို့ လမ်းလျှောက် ပြန်ကြပါသည်။ မင်းထွဋ် က လမ်းမှာ အခုလို မှတ်ချက်ချသည်...၊

"တစ်ခါ တစ်ခါ အချစ်ခံရတော့လဲ အနေရကျပ်သား ကွ .."

ကျွန်တော် ဘာမှ မပြောမိ ..။



www.burmeseclassic.com

www.burmeseclassic.com



* ငါ့ ခန္ဓာကိုယ် တစ်ခြမ်းက ဘယ်ရောက်နေလဲ ..၊
ငါ့ နှလုံးသားတစ်ခြမ်း ..
ငါ့ စိတ်ကူးတစ်ခြမ်း ..
ပုံသန်း ပြေးလွှားရှာဖွေစမ်း ..၊
တစ်ထောင့် တစ်နေရာမှာ
သူရှိနေတာတော့ သိတယ် ..
မျှော်လင့်ချက်ကို ရှာလို့လှှင့်စမ်း ..
ငါ့အတွက် ..
ဘုရားသခင်ပေးတဲ့ ခွဲတမ်း ရှိရာဆီ ..။





မ်း(







ဆောင်းဝေ နဲ့ သဒ္ဒါ စိတ်အေးသွားသည်ဆိုပေမယ့် သူတို့ရဲ့ တက္ကသိုလ်ဆိုတာ မြို့နယ်တစ်မြို့နယ်စာလောက် မရှိတော့ သူရနဲ့ နေခြည် ကို ကျိုကြား ကျိုကြား တွေ့နေရပါသည်။

တကယ်လို့ သူတို့နှစ်ယောက်တည်း ထိုင်နေရာဆီ ဆောင်းဝေ ပဲ ဖြစ်ဖြစ် .. သဒ္ဒါ ပဲ ဖြစ်ဖြစ် .. သွားခဲ့ရင်တောင် ..။

"ဟြော် .. သဒ္ဒါလား 'ဒါမဟုတ်' ဟြော် ဆောင်းဝေ လား ..၊ ဒါ ငါပြောတဲ့ နေခြည် လေ ..၊ နေခြည် .. ဒါ ဘယ်သူ .."

အေးအေးဆေးဆေး မိတ်ဆက်ပေးတတ်တော့ သူတို့မှာ စိတ်ဆိုးရအခက် ..၊ အခက်တွေ့နေတာ အမှန်ပင် ..။

"သူတို့ ဘာတွေလဲ ဟာ .."

ဆောင်းဝေ မျက်ရည်ဝဲ့ဝဲ့နဲ့ နာနာကျင်ကျင်ပြောမိတော့ သဒ္ဒါက သက်ပြင်းတွေ ချ .. ဆောင်းဝေ လက်ဖဝါးကို ဆုပ်ကိုင်တော့—



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ သူ့ကိုချစ်ရတာ ရင်မောလိုက်တာ..ဆောင်းဝေ ရယ်.."

ဖူးဖူး တို့ကလဲ သူတို့နှစ်ယောက်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိသည် ..။

"အေးဟယ် .. နင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ ပွင့်ပွင့်လင်းလင်း အဆင်ပြေသွားရင်လဲ ကောင်းသေးတယ် .. အခုဟာက ရင်မောနေရတာပဲ အဖတ်တင်တယ် .."

"အေးလေ ဟယ် .."

"အရေးထဲ နေခြည် ဆိုတဲ့ မိန်းမက ဝင်ပါလာတော့ .. နင်တို့ ဓာတ်လမ်းက ခေါင်းကို ရှုပ်နေတာပဲ .."

"တစ်ခါ တစ်ခါ ကျတော့လဲ ဒီကောင် ပခုံးနှစ်ဖက်ကို လှုပ်လှုပ် ဆောင့်ဆွဲပြီ မေးလိုက်ချင်တယ် .. နင် ဘာလို့ မြုံစေ့မြုံစေ့ လုပ်နေတာလဲ .. ဘယ်သူ့ကို ချစ်နေရင်လဲ ပြောပါတော့ .. ငါတို့ မခံစားနိုင်တော့ဘူးလို့ မေးမေးကြည့်ချင်တာ .."

သဒ္ဒါ မကျေမနပ်နဲ့ ပြောတော့ ရွှေစင် တောင် တစ်ဖက်လှည့်ပြီး ကျိတ်ရယ်မိပါသည်။

"ဘြာတယ်ဟာ .. နောက်ကိစ္စ နောက်မှ ရှင်း .. ကားတင်ပြေးဟာ .. ပြီးမှ ဗိုလ် ကျား သေနတ် လုပ်ပြီး နိုင်တဲ့သူ ယူ .. ဒါမှမဟုတ်ရင်





ကောင်းဘွိုင်ကားထဲကလို ကျောချင်းကပ်ပြီး တစ် နှစ် သုံး .. တစ်ဆယ် အထိ ရေ .. သေနတ်နဲ့ပစ်ကြ .. နိုင်တဲ့သူ ဒီကောင့်ကို ယူ .."

"ခွေးမ .."

အိသက် စိတ်ပေါက်ပေါက်နဲ့ ပြောတော့ သဒ္ဒါ က ဆဲသည်။ အိသက် က ဆက်ပြီး ...

"နင်တို့ဟာက မိန်းမသိက္ခာကို တော်တော်ကျနေပြီ ..၊ ယောကျ်ား တစ်ယောက်ထဲကို ညီအစ်နှစ်ယောက် ပြိုင်ချစ်ရတယ်လို့ .. မဟုတ်သေးပါဘူးဟာ .."

"ဒါကတော့ မတတ်နိုင်ဘူးဟာ ငါတို့က ချစ်မိသွားတာကို .."

"အေးလေ .."

ဆောင်းဝေ နဲ့ သဒ္ဒါ ရဲ့ စကားသံတွေက သနားဖို့လဲ ကောင်းပါသည်။ အင်းပေါ့လေ .. သူတို့ပြောတဲ့ ဝဋ်နာကံနာရှိလို့ပဲ သဘောထားရမှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"သောကြာနေ့က မနက်ဖြန် နော် .. သူရ .. မင်း ရင်ထဲက မိန်းကလေးက ဘယ်သူလဲ .."

မင်းထွဋ် က သူတို့သုံးယောက်ထဲရှိတုန်း အစ်မေးနေပါသည်။

သူရ က ပြုံးပြီး ...

"မနက်ဖြန် သိရမှာပေါ့ကွာ .. ဘာလို့ လောနေတာလဲ .."

သူရ ရဲ့ ခပ်အေးအေး အမူအရာနဲ့ စကားကြောင့် ဝေလွင် က မကျေမနပ်နဲ့ ပြောသည် ..။

"အရေးထဲ ဈေးက ကိုင်နေသေးတယ် .."

"ဒါက တစ်ဘဝစာလေကွာ .. အိမ်ထောင်မှု ဘုရားတည် ဆေး မင်ရည် စုပ်ထိုးတဲ့ .. ဥသုံးမျိုး ဂျက် မပါရင် ပိုကာတက်ရင် ခေါင်းပြီ တဲ့ .."





"ခွေးကောင် .. မိန်းကလေးက ပြောရမှာကွ .."

မင်းထွဋ် က ဒီကောင့်လက်မောင်းကို လှမ်းထိုးပြီး ပြောပါသည်။

"မနေ့ညက ဖေဖေ ငါ့ကို မေးတယ်ကွ .. မေမေ့ဆီက ကြားပုံရတယ် .."

"ဘာပြောလဲ .."

"မင်းလို ရုပ်ပျိုးနဲ့ ဒီလောက်လှတဲ့ မိန်းကလေးတွေက စွဲလမ်းတယ်ဆိုတာ ယုံတောင် မယုံနိုင်စရာကွာ တဲ့ .."

ကျွန်တော့် စကားကြောင့် ဒီကောင်တွေ တဟားဟား ..။

"မနက်ဖြန်မှာ ဘယ်သူတွေ ပျော်ပြီး ဘယ်သူတွေ ဝမ်းနည်းကြလဲ .. စိတ်ဝင်စားစရာပဲဟေ့ .."

ဝေလွင့် စကားကြောင့် မင်းထွဋ် က ပြုံးစေ့စေ့နဲ့ ...

"ဒီကောင်တွေအဖြစ်က ဆယ်တန်းစာမေးပွဲ အောင်စာရင်းကြည့်သလိုပဲ .."

ကျွန်တော် သက်ပြင်းတွေကို နှင်းတွေလို ဝေနေအောင် ကျဲချမိသည်။

ဘာလဲဆိုတော့ ရှုံးတဲ့သူအတွက် သက်ပြင်းတွေဖြစ်မှာပေါ့။

"ဟေ့ကောင် .. မင်း နဲ့ နေခြည် ကို သူတို့ သံသယရှိတာနော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ .. မနေ့က အိသက် ငါ့ကို အစ်မေးနေတယ် .. နေခြည် ရဲ့ သူရ က ရှိးမှရှိးရဲ့လား တဲ့ ..”

“မင်း ဘာပြောလိုက်လဲ ..”

“ဟ .. ရှိးတာပေါ့လို့ ပြန်ဖြေရတာပေါ့ ..၊ ကြည့်ရတာ ဟို ယောက် မေးခိုင်းတယ် ထင်ပါတယ်ကွာ ..”

“ဒါပဲ ဖြစ်မှာပေါ့ ..”

သူတို့ သူတို့အိမ်ရှေ့က ကွပ်ပျစ်မှာ စကားကောင်းနေကြ ချိုကြီး ခြံပေါက်ဝကနေ လက်ယပ် ခေါ်ပါသည် ..။

“သူရ .. ခဏ ..”

ချိုကြီး ကို တွေ့တော့ ဝေလွင် က ...

“ဝင်ခဲ့လေကွာ .. မင်းကလဲ ..”

“မဟုတ်ပါဘူး .. ငါ မဝင်တော့ဘူး .. သွားစရာ ရှိ တယ်..”

ချိုကြီး စကားကြောင့် သူရ ထထွက်သွားပါသည်။

ခြံပေါက် ဝရောက်တော့ ချိုကြီး က သူရ ကို ကျော်ကာ တော့်တို့ကို ကြည့်ပြီး သူရ နဲ့ တိုးတိုး တိုးတိုး ပြောနေပါသည်

ဝေလွင် က မင်းထွဋ် ကို လှမ်းပြောပါသည် ...





“ဒီကောင်တွေ ငါတို့ မသိအောင် ပြောနေတာလား မသိ ဘူး..”

“ထားလိုက်ပါကွာ .. သူတို့လဲ သူတို့အကြောင်းနဲ့ သူတို့ ပေါ့ ..”

နောက်တော့ ချိုကြီး ထွက်သွားပါသည်။

သူရ ပြန်လာပါသည်။

“ဘာကိစ္စလဲ သူရ .. ငါတို့ သိလို့ရလား ..”

သူရ က ခေါင်းညိတ်ပြီး ...

“မနက် ရှစ်နာရီလောက် စာကြည့်တိုက်ရှေ့မှာ နေခြည် စောင့် နေမယ်တဲ့ .. အရေးကြီးလို့ တဲ့ ..”

“ဟင် .. ဟိုနစ်ယောက်ကိစ္စက ..”

“ငါ ပြန်လာမှာပေါ့ဟ .. ခဏပဲဟာ ..”

“ဒါဆိုလဲ ပြီးရော .. ကဲ ပြန်ဦးမယ်ကွာ .. ဒါဆို မနက် ကျောင်း သွားဖို့ ဝင်မခေါ်တော့ဘူးနော် ..”

“အေး မခေါ်နဲ့တော့ ငါက ကျောင်းကို စောစောသွားရမှာ ..”

ကျွန်တော် စကားကြောင့် ဒီကောင်တွေ နှုတ်ဆက်ပြီး ထွက်သွား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကွပ်ပျစ်မှာ တစ်ယောက်ထဲ ထိုင်ပြီး မနက်ဖြန်အတွက် စဉ်းစားမိပါသည်။

အပြေက ကြိုသိနေတယ်ဆိုပေမယ့် ရှုံးနိမ့်သူအတွက် သူ့ အချစ် မထုတ်ရဲခဲ့ခြင်းပါ ..။

အခုတော့ မတတ်နိုင်တော့ဘူးလေ .. ရင်ခုန်သံဆိုတာ ကိုယ်ရွေးချယ်ခဲ့တာမှ မဟုတ်တာ ..။





"တော်တော် ရုပ်ပျက်ဆင်းပျက်ကွာ .. တက္ကသိုလ်ကျောင်းသားကျောင်းသူလို့ ပြောရမှာ ရှက်ဖို့ ကောင်းတယ် .."

ဘေးဝိုင်းက ကျောင်းသားသုံးယောက် အချိုးအချပြောသံကြောင့် ဆောင်းဝေ တို့ အုပ်စု နားထောင်မိလျက်သားပေါ့ .. ကြားနေရတာကို ..။

"အေးကွာ .. အခုလဲကွာ .. တစ်ယောက်က ငို .. တစ်ယောက်က ချော့နဲ့ ဟိုးလေးတကျော်ကျော်ပဲ ..၊ ငါတို့ မြန်မာစာ မေဂျာတော့ သွားပါပြီကွာ .."

နှစ်ယောက်က အပြန်အလှန် ပြောဆိုနေပေမယ့် ကျန်တဲ့ ကျောင်းသားတစ်ယောက်က ဘာမှမသိတဲ့ပုံ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး .. မင်းတို့ မြန်မာစာမေဂျာမှာ ဘာဖြစ်နေလို့လဲ .. ရေကြီးနေလို့လား .. မုန်တိုင်း ဝင်နေလို့လား .."

"အေး .. မုန်တိုင်းဝင်နေတယ် မင်းကျော် .. မင်းက ငါတို့မေဂျာ က မဟုတ်လို့ သတင်း သိပ်မပျံ့သေးလို့ မကြားသေးတာ ..၊ ဒီလိုကွ ဒီပြင် မေဂျာက ကျောင်းသားတစ်ယောက်နဲ့ ငါတို့ မြန်မာစာမေဂျာ က ကျောင်းသူ ဟိုဒင်း ဟိုဟာတွေဖြစ်လို့ အရေးအလယ်ပိုင်းပြဿနာ ပေါ်လာပြီတဲ့ ..၊ ဖျက်ချမယ်လိုလိုနဲ့ အခု ငါတို့လာတော့ ငိုယိုသူက ငို .. ချော့တဲ့သူက ချော့နဲ့ ကျက်သရေကို မရှိဘူး .."

"ဘယ်သူလဲဟ .. မင်းတို့မေဂျာက ကျောင်းသူက .."

"ဟိုဒင်းလေ ကွာ .. နေခြည် .. မင်း မသိဖူးလား .."

"ဟင်!..."

သဒ္ဒါတို့ တစ်ဝိုင်းလုံး မထင်မှတ်တဲ့အချိန်မှာ ကြားလိုက်ရတာကြောင့် အံ့ဩ လန့်ဖျပ်သွားပါသည်။ ဒါဟာ မထင်မှတ်တဲ့ မိုးတစ်လုံးပေါ့ ..၊ ပေါက်ကွဲအားကတော့ ပြင်းထန်လွန်းလှပါသည်။

"တောက်!..."

ဆောင်းဝေ ရဲ့ တောက်ခေါက်သံက အားဝိုင်းက ကျောင်းသားတောင် လန့်ဖျပ်ပြီး လှည့်ကြည့်မိတဲ့အထိပါ ..။





"တော်တော် ယုတ်မာတဲ့ကောင် .. ငါတို့ကို လိမ်တယ် .. တွေ့ကြသေးတာပေါ့ .. သူရ ရယ် .."

သဒ္ဒါ နာနာကြည်းကြည်းနဲ့ ပြောတော့ ဝေလွင် နဲ့ မင်းထွဋ်လဲ ငြိမ်ကုပ်နေရပါသည် ..။

"နင့်ကို ဘာပြောလိုက်လဲ .."

ဆောင်းဝေ မင်းထွဋ် ကို ဦးတည်ပြီး ခပ်ဆတ်ဆတ်မေးတော့ မင်းထွဋ် တွန့်ဆုတ်တွန့်ဆုတ်နဲ့ ဖြေမိပါသည်။

"မနေ့က ညနေက ငါတို့သုံးယောက် အတူထိုင်နေတော့ မြန်မာစာက ချိုကြီး ရောက်လာပြီး နေခြည် နဲ့ စာကြည့်တိုက်ရှေ့မှာ ချိန်းထားတယ်တဲ့ ..၊ ခဏ စကားပြောပြီးရင် ဒီကို လာခဲ့မယ် တဲ့ .."

မင်းထွဋ် ပြောတော့မှ ပိုဆိုးဝါးသွားပါတော့သည်။ ဖူးဖူးက ခံချင်ဟန်နဲ့ စကားလုံးတွေနဲ့ ပေါက်ကွဲပါတော့သည် ...၊

"တောက် .. ဒါ နင်တို့ နှစ်ယောက်ကို မလေးစားတာ ..၊ ငါ အဖြေပေးရမှာပဲ .. ဘယ်အချိန်ပဲ ဖြစ်ဖြစ်စောင့်ပေါ့ .. အဲဒီသဘောမျိုးလား .. ဒီနေ့ ဒီအချိန်ဟာ ဘယ်လောက်အရေးကြီးလဲ .. ဒီကောင်သိသင့်တာပေါ့ .."

ဖူးဖူး စကားကို အားလုံးက တစ်ယောက်တစ်ပေါက်နဲ့ သောက်



www.burmeseclassic.com

www.burmeseclassic.com



ခံကြပါသည်။

"ဟုတ်တယ် .. ဒါ ဒီကောင် သက်သက်ကျော့တာ .."

"အေးလေဟယ် .. ဒီမှာ အားလုံးက စိတ်လှုပ်ရှားလွန်းလို့ ရူးတော့မယ် .. သူက ဖောက်ပြန်ရေးဓာတ်လမ်းနဲ့ သူ .."

ဆောင်းဝေ မခံစားနိုင်တော့ ဝုန်းခနဲ ထရပ်တော့ .. သဒ္ဒါ က ဆောင်းဝေ လက်ကို ဆွဲပြီး ...

"ထိုင်စမ်းပါဦးဟယ် .. နင့်ပုံစံက ရုပ်ပျက်ဆင်းပျက် .."

"ငါ စာကြည့်တိုက်ရှေ့ လိုက်သွားချင်တယ် .. သဒ္ဒါ .."

"နေပါဦး ဆောင်းဝေ ရယ် .. ဖုန်းပေး .."

သဒ္ဒါ ရဲ့ ပြောစကားတောင် မဆုံးပါ ..၊ သဒ္ဒါ ဖုန်းက မြည်လာတာကြောင့် သဒ္ဒါ ကြည့်လိုက်မိတော့ ...

"ဟင်!... ဒါ .. သူရ ဖုန်း .. ခဏ ငါ စပီကာဖွင့်ပြီး ပြောမယ်.."

သဒ္ဒါ က စပီကာကို ဖွင့်ကာ ပြောပါသည် ..၊

"ဟဲလို .."

"ဟဲလို သဒ္ဒါ လား .. ငါ့ကို နာရီဝက် တစ်နာရီလောက် ခဏ စောင့်ပေးဟာ .."

"ဘာ!..."





"ဟုတ်တယ်ဟ .. ဒီမှာ နေခြည် က တငိုငို တရယ်ရယ် ဖြစ်နေလို့ဟ .."

"ဘောက်!..."

"တွေ့လား .. မိုက်ရိုင်းလိုက်တဲ့ ကောင် .."

တစ်ယောက်တစ်ပေါက် ပြောနေကြတာကြောင့် သဒ္ဒါ လက်ကာထားရပါသည်။

"ကဲ .. ပြော ..."

"ခဏပါဟာ .. ဆေးခန်းကို ငါ လိုက်ပို့မှာ မို့လို့ပါ .. ဒါပဲနော်.. ငါ့ကို ဆက်ဆက် စောင့် နေ နော် .."

သဒ္ဒါ အံကို တင်းတင်းကိုက်ပြီး နာနာကျင်ကျင် ပြောလိုက်မိပါသည်။

"စိတ်ချ သူရ.. ဒီနေ့ နင် ပြန်လာမယ့်အချိန်ကို အားလုံး စောင့်နေမယ် .. နင့် ပြန်လာရင် အံ့ဩစရာတွေ ပါလာမှာ မှတ်လား .. သိပ်စောင့်တာပေါ့ဟာ .."

တစ်ဖက်က သူရ က သဒ္ဒါ ရဲ့ အဓိပ္ပာယ်ကို သိရှိပုံမပေါ် ..၊ သူက ရယ်တောင် ရယ်လိုက်ပါသေးသည်။

"အေး .. အေး .. ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဖုန်းချသွားပါသည်။ ဘယ်လောက် နာကျင်ဖို့ ကောင်းလဲ .. ဆောင်းဝေ ဆီက ရှိုက်သံကို စတင် ကြားရပါသည်။

"မငိုပါနဲ့ ဆောင်းဝေ ရယ် .."

ဖူးဖူး ရဲ့ နှစ်သိမ့်သံကို သဒ္ဒါ ကြားမိပေမယ့် သဒ္ဒါ အားတင်းပြီး မျက်ရည်မကျမိအောင် နေနေရပါသည်။

ချစ်ခြင်းမေတ္တာဆိုတာ တကယ်တော့ ကြောက်ဖို့ ကောင်းပါတယ်။ ဆုံးရှုံးရတဲ့ဒုက္ခက အလောင်မြိုက်နိုင်ဆုံးနဲ့ အပူလောင်ဆုံး မီးတစ်မျိုးပါ။

ကံကြမ္မာကို ဘာမဟုတ်တဲ့ ယောက်ျားတစ်ယောက်ကို သူမတို့ နှစ်ယောက် ချစ်မိသွားခြင်းဖြင့် ကျီစယ်ခဲ့သည်။ ဝေဟာရ အက္ခရာတွေ ထုံးမွှန်းနေအောင် ဘယ်လိုပဲ စီခြယ် .. အချစ်ဆိုတဲ့ ခံစားချက်ကို နားလည်သဘောပေါက်ဖို့ အက္ခရာဆိုတာ မရှိပါဘူး ..။

❀ ❀ ❀ ❀ ❀





တကကြွတဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာတဲ့သူကို --

"ဖြန်း .."

"ဒါက ငါတို့အချစ်ကို စော်ကားတဲ့အတွက် .."

ဆောင်းဝေ ရဲ့ဆီးကြိုမှုက သူ့ရ ရဲ့ ပါးပြင် ရဲရဲ ..၊

သူ့ရ ပါးစပ်အဟောင်းသား ..၊

"ဒါက ငါရဲ့ တုံ့ပြန်မှုပဲ သူ့ရ .."

"ဖြန်း .."

မင်းထွဋ် နဲ့ ဝေလွင် က သူငယ်ချင်းဖြစ်သူအတွက် စိတ်မကောင်းမိတာကြောင့်ရော .. မကြည့်ရက်တာကြောင့်ရော မျက်နှာလွှဲမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရ ပြောင်းလဲသွားတဲ့ အနေအထားတွေကြောင့် ပါးစပ် အဟောင်းသား ..၊ ဆောင်းဝေ နဲ့ သဒ္ဒါ ကတော့ နာကြည်း မုန်းတီးမှုတွေကြောင့် မျက်လုံးက မီးတောက်မတတ် ..။ ဒါပေမယ့် ပါးပြင်ပေါ်မှာတော့ မျက်ရည်တွေ တသွင်သွင် စီးဆင်းနေပါပြီ ..။

"ငါ့မှာ ဘာအပြစ်ရှိလို့လဲ .. ငါ ဘာအမှား လုပ်မိလို့လဲ .. ငါ ကွာ .."

သူရ မေးရိုးတွေ တင်းမာသည့်အထိ အံကြိတ်ကာ ပြောမိသည်။

ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ လက်သီးက တဆတ်ဆတ် တုန်ယင်နေပါသည်။ သဒ္ဒါက မျက်ရည်ကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်ရင်း ...

"ဘာ!... ငါ့မှာ ဘာအပြစ်ရှိလို့လဲ ဟုတ်လား .. နင်က ငါတို့ အချစ်တွေကို စော်ကားတယ် .. ပြီးတော့ နင်ဟာ လူယုတ်မာ .. နင့်လို ကောက်ကျစ်တဲ့ကောင်မျိုး ငါ မတွေ့ဖူးဘူး .. သူရ .."

သူရ ပါးစပ်အဟောင်းသား ..၊ နားမလည်နိုင်တဲ့ သူတို့ရဲ့ စကားလုံးအတွက်လဲ လူက ရူးချင်ချင် ဖြစ်နေပါသည်။

"ရှင်းရှင်းပြောစမ်းပါ .. ငါ ဘာအမှားလုပ်မိလို့လဲ .. မင်းတွင် ဘာတွေဖြစ်နေတာလဲ ..၊ ငါ နားလည်အောင် ပြောစမ်းပါ .."





သူရ မခံစားနိုင်တော့ မင်းထွဋ်ရှေ့သွားပြီး မင်းထွဋ် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ လှုပ်ရမ်းရင်း ပြောမိတော့ .. မင်းထွဋ် ဒီပြဿနာကို အမြန်ဆုံး ဖြေရှင်းချင်နေပါသည်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ဝိုင်းကြည့်နေတဲ့ ကျောင်းသားတွေကြောင့်ပါ။

"မင်းနဲ့ မြန်မာစာမေဂျာက နေခြည်မင်းသန့် နဲ့ ဟိုဒင်း .. မင်းကြောင့် ဟိုကွာ .. ကိုယ်ဝန်ရှိနေကြတယ်လို့ သတင်းထွက်လာတယ် .."

"ဘာ!... ဟာ .. မဟုတ်ဘူး .."

သူရ လက်မခံနိုင်စွာ လက်ကာငြင်းတော့ .. ဆောင်းဝေ သူရ ရှေ့တည့်တည့်ရပ်ကာ ...

"လူယုတ်မာ .. ကဲဟယ် .."

"ဖြန်း .."

သူရ လည်ထွက်သွားပါသည် ။ ဆောင်းဝေ မျက်ရည်တွေနဲ့ လုံးထွေးနေပြီး ...

"နင် ကိုယ်တိုင် ဆေးခန်းသွားဖို့ ခုနက စာကြည့်တိုက်ရှေ့မှာ ပြောနေတယ်ဆို .. နေခြည်မင်းသန့်က တငိုငို တရယ်ရယ်နဲ့ဆို ..



www.burmeseclassic.com

www.burmeseclassic.com



နင် ထွက်သွား .. ငါတို့ ရှေ့က ထွက်သွားစမ်းပါ ..၊ နင့် မျက်နှာကို မမြင်ချင်လို့ပါ သူရ ရယ် ..”

“ဆောင်းဝေ .. ဆောင်းဝေ .. စိတ်ကို ထိန်းလေ ..”

လဲကျမလို ဖြစ်သွားတာကြောင့် သဒ္ဒါ နဲ့ ဖူးဖူး ဆောင်းဝေ ကို ပြေးဖက်မိပါသည်။

သူရ နှုတ်ခမ်းပေါက်ပြဲသွားတဲ့ နှုတ်ခမ်းထောင့်စွန်းက သွေးစက်တွေကို သုတ်ပစ်မိရင်း ...

“အမှန်တရားဆိုတာ သိပ်မကြာခင် နင်တို့ သိရမှာပါ ..၊ အေး.. တစ်ခုတော့ ပြောလိုက်မယ် .. ပြဿနာတစ်ခုနဲ့ ရင်ဆိုင်တွေ့ရင် မှားသလား .. မှန်သလားဆိုတာ သေသေချာချာ စုံစမ်းရတယ်ဟ..၊ အခုဟာက ကြားသမျှကို ယုံလိုက်ဖို့ လက်စနေတဲ့ နင်တို့ရဲ့နားနဲ့ ဦးနှောက်ကို ငါ အံ့သြတယ် ..”

ပြောပြီး ချာခနဲ လှည့်ထွက်သွားပါသည် ..။

“သူရ .. ဟာ!... ဒီကောင် ..”

ဝေလွှင် သူရ နောက် လိုက်မလို့ပါ ..၊

ဒါပေမယ့် မင်းထွဋ် က ဝေလွှင့် လက်ကို ဆွဲထားပြီး ပြောပါသည်။





“နေဦး .. ဝေလွှင် လိုက်မသွားနဲ့ .. လွှတ်ထားလိုက် .. သူရ ပြောတဲ့စကားက ပြန်စဉ်းစားစရာပဲ ..”

မင်းထွဋ် ရဲ့ လေးနက်တည်ကြည်တဲ့ စကားကြောင့် ရွှေစင်မိုး လဲ ခေါင်းတညိတ်ညိတ် ..၊ သူတို့အဖြစ်အပျက်တွေကို ဝိုင်းအုံကြည့်ရှုနားထောင်နေတဲ့ ကျောင်းသားကျောင်းသူတွေထဲက တစ်ယောက်က...

“ကျွန်တော့်ကို စကားပြောခွင့် ပေးပါလား ..”

လူအုပ်ထဲကနေ ရှေ့ထွက်လာတဲ့ ကျောင်းသားရဲ့စကားကြောင့် ဖူးဖူး က ...

“ဟုတ်ကဲ့ .. ပြောပါရှင် ..”

“ကျွန်တော့်နာမည် အောင်ဇော် ပါ ..၊ မြန်မာစာမေဂျာကပါပဲ.. ဒီဘက်နှစ်ယောက်ကလဲ မြန်မာစာမေဂျာကပါပဲ ..”

သူ့နောက်က ကျောင်းသားနှစ်ယောက်ကလဲ ပြုံးပြပြီး ခေါင်းညိတ်ပြပါသည်။

“ခင်ဗျားတို့ပြဿနာကို ကြားပါတယ် ..၊ ဒါပေမယ့် တစ်ခုခု မှားနေတယ် ထင်လို့ ..”

“ဘယ်လို!...”

အောင်ဇော် ဆိုတဲ့ မြန်မာစာမေဂျာက ကျောင်းသားစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အံ့သြသင့်မိကြပါသည်။

"ဟုတ်တယ် ခင်ဗျ.. ခင်ဗျားတို့ ပြဿနာတက်တာ ဟို ကိုသူရ ဆိုတဲ့ ကျောင်းသားနဲ့ ငြိစွန်းပြီး ဟိုခင်းဟိုဟာ ဖြစ်တာ .. နေခြည်မင်း သန့် နော် .."

"ဟုတ်တယ်လေ .."

ရွှေခင်မိုး စကားကြောင့် အောင်ဇော် က ပြုံးပြီး ခေါင်းငြိမ့်ပြ တော့ ...

"ဟင်!... မဟုတ်ဖူးလား .."

အားလုံး တစ်ယောက်တစ်ပေါက် အသံတွေ ထွက်လာကြပါ သည်။

"နေခြည်မင်းသန့် ဆိုတာလဲ ကျွန်တော်တို့နဲ့ ခင်တဲ့ သူငယ်ချင်း တစ်ယောက်ပါ ..၊ အခု ကိုယ်ဝန်ရှိလို့ ပြဿနာတက်တဲ့ နေခြည် ဆိုတာက မြန်မာစာ ဒုတိယနှစ်က နေခြည်ထွေး ဆိုတဲ့ ကျောင်းသူ..၊ အဲဒီလောက်ဆို သဘောပေါက်လောက်ပြီ ထင်ပါတယ် ..၊ ဟော ဟိုမှာ နေခြည်မင်းသန့် လာပါပြီ .."

အောင်ဇော် က ပြောပြောဆိုဆို သူတို့အုပ်စုဆီ လျှောက်လာတဲ့ နေခြည်မင်းသန့် ကို ညွှန်ပြပြီး ပြောသည်။





နေခြည်မင်းသန့် က ဆောင်းဝေ နဲ့ သဒ္ဒါ ဆီ တည့်တည့် လျှောက်လာကာ အောင်ဇော့် နောက်က ကျောင်းသားကို ညွှန်ပြကာ...

"ကျွန်မ သူငယ်ချင်း မင်းလွင် ဖုန်းဆက်လို့ ပြဿနာတွေ သိပြီး ပါပြီ ဆောင်းဝေ နဲ့ သဒ္ဒါ .."

ဆောင်းဝေ နဲ့ သဒ္ဒါ က အခုမှ အနေရ ခက်နေကြပါသည်။ နေခြည် က ပြုံးနေပါသည် ...၊

"ဘယ်သောအခါမှ ကျွန်မနဲ့ သူရ ချစ်သူရည်းစား ဖြစ်မှာ မဟုတ်ပါဘူး .. ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ ချစ်သူရှိနေလို့ပါ..၊ သူက အပြင်စီးပွားရေး လုပ်ပါတယ် .. သူရ နဲ့လည်း ခင်ပါတယ်..၊ ကျွန်မက ဆေးထိုး ဆေးသောက်ရတာ ကြောက်တယ်လေ .. ပြောရ ရင်တော့ ရှင် နားနဲ့မနာ အမျိုးသမီးရောဂါတစ်မျိုး ဖြစ်နေတယ်လေ.. ဟိုလိုဖြစ်တာ မဟုတ်ပါဘူး .. ရိုးရိုးရောဂါပေါ့ ...၊ အဲဒီအတွက် အိမ်ကိုလဲ မပြောချင် .. ကျွန်မနဲ့ကျောင်းမှာ တွဲတဲ့ သူငယ်ချင်းက ခရီးတစ်ခု သွားနေတော့ ကျောင်းမ ၁က် ...၊ ပြီးတော့ သူရ အဒေါ် ဆိုတာ အဲဒီရောဂါကို ကုသပေးတဲ့ စပယ်ရှယ်လစ်တစ်ယောက် ...၊ အဲဒါကြောင့် သူ့ကို ခေါ်သွားတာပါ ...၊ ကျွန်မက ဆေးထိုးရမှာ ကြောက်လို့ ငိုမိတယ် .. ဒါပါပဲ ...၊ ဒီထက် ထူးခြားတာ မရှိပါဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဝင်းသန့် ရဲ့ စကားအဆုံးမှာ ပြဿနာတွေက နေဝင်သွားပါပြီ ...၊ ပြီးဆုံးသွားပြီပေါ့ ...။

"အခုချိန်ဆို .. သူ ဘူတာမှာ ရှိနေမယ်ထင်တယ် .. ကဲ - ကျွန်မကို ခွင့်ပြုပါဦး .."

"နေခြည် .. ငါတို့လဲ လိုက်မယ် .."

အောင်ဇော် နဲ့ သူ့သူငယ်ချင်းတွေက နေခြည် နဲ့အတူ လိုက်သွားပါသည်။ ဝေလွင် နဲ့ မင်းထွဋ် လည်း အခုမှ ပြုံးနိုင် ရယ်နိုင်ပါတော့သည်။

"ကဲ .. ကာယကံရှင်နှစ်ယောက် ကိုသူရလေး ကို သွားတွေ့လိုက်ပါဦး .. ငါတို့ ဒီကပဲ စောင့်နေတော့မယ် .."

ဆောင်းဝေ သဒ္ဒါ လက်တို ဆွဲပြီး ဘူတာရှိရာဘက်ကို မျက်နှာမူလိုက်ပါသည်။





ဘူတာ တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေပါတယ် ...။ လေပူတွေနဲ့အတူ တစ်ခါတစ်ခါ ဖုန်တွေပါ လွင့်ပါလာ၏။

သူရ ဆောင်းဝေ နဲ့ သဒ္ဒါ ဘက် မျက်နှာမူလိုက်ပါသည်။ ဆောင်းဝေ က စတင်၏။

"သူရ .. ငါတို့ အမှားအတွက် ငါတို့ တောင်းပန်ပါတယ်ဟာ.."

"ဟုတ်ပါတယ် သူရ .. နင့်အရှက်နဲ့ ဂုဏ်သိက္ခာကို ငါတို့ ရက်ရက်စက်စက် စော်ကားလိုက်မိတဲ့အတွက် .."

သူရ ပြုံးသည်။ ခွင့်လွှတ်နားလည်ခြင်းတွေ အပြည့်ပါတဲ့ အပြုံးပေါ့ ...။

"ငါ အားလုံးကို ခွင့်လွှတ်ပါတယ်ဟာ .. ပြီးတော့ ငါ ဘယ်သူ့ကို ချစ်ခဲ့လဲ .. အခု ငါ ဖွင့်ပြောတော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူ့ရ စကားဆုံးတော့ ဆောင်းဝေ နဲ့ သဒ္ဒါ တစ်ဦးကိုတစ်ဦး ကြည့်မိကြပါသည်။

"ငါ ချစ်ခဲ့တဲ့သူက ပထမဦးဆုံး ငါ့နောက်ကျောကနေ သိုင်းဖက် လိုက်တဲ့ အရိပ်လေးပဲ .."

ကျွန်တော့် စကားအဆုံးမှာ နှစ်ဦးစလုံး ဝမ်းသာသွားခြင်း .. ဝမ်းနည်းသွားခြင်း မရှိ ..။

ကျွန်တော် ပြုံးမိတာပေါ့ .. အဖြေတစ်ခုအတွက် သူတို့တွေအ ပုစ္ဆာတစ်ပုဒ်ကို ထုတ်ပေးထားပြီးပြီလေ ..။

"ငါ့ကျောမှာ ပေကျံခဲ့တဲ့ နှုတ်ခမ်းနီနဲ့က Revlon နှုတ်ခမ်းနီနဲ့ ဆောင်းဝေ ဆိုးတတ်တဲ့ နှုတ်ခမ်းနီပေါ့ .."

ဆောင်းဝေ ပြုံးမိပါသည် ..။

သဒ္ဒါ စို့တက်လာတဲ့ မျက်ရည်ကို ကမန်းကတမ်း ထိန်းသိမ်း ပြီး ...

"ငါ ကျေနပ်ပါတယ်ဟာ .. ဒီပွဲမှာ ငါ ရှုံးခဲ့ပေမယ့် အဲဒီအရှုံးက ပီတိ ဖြစ်ပါတယ် .. ရှုံးရတာလဲ တန်ပါတယ် ..၊ အခုချိန်ကစပြီး သူ့ရ ကို ငါ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းအဖြစ် ရင်ထဲမှာ မှတ်ထားလိုက် ပါပြီ ..၊ ကဲ နင်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောကြ





လေ .. ငါ ဟိုကောင်တွေနဲ့အတူ ရှိနေမယ် .. သွားပြီ"

သဒ္ဒါ ထွက်သွားရာကို သူ့ရ ငေးကြည့်နေမိပါသည်။

နင့်အတွက် ငါ စိတ်မကောင်းပါဘူး သဒ္ဒါ ..၊ အေးလေ .. အချစ်ဆိုတာ လုပ်ယူလို့ မရတော့လဲ အခက်သားလား ..။

"ငါ နင့်ကို ချစ်တယ် ဆောင်းဝေ .."

"ငါလေ နင့်ကို ပြောစရာ ရှိတယ် .."

ကျွန်တော် ဆောင်းဝေ လက်ဖျားလေးကို ဆုပ်ကိုင်လိုက်ပါ သည်။

ပြီးတော့ နားလည်ခွင့်လွှတ်ခြင်းတွေ အပြုံးတစ်ခုကို ဖန်ဆင်း ပြီး အခုလို ပြောမိပါသည်။

"ငါ အကုန်သိတယ် ဆောင်းဝေ .. နင် ပြောမနေနဲ့တော့ .."

ဆောင်းဝေ ပါးစပ်အပေါင်းသား ..၊ မျက်လုံးက ဝိုင်းစက် စက် ..၊

"နင် သိနေတယ် .."

"အင်း .."

သူမ ရှက်ရှက်နဲ့ သူ့ရင်ခွင်ထဲ ခေါင်းကို တိုးဝှက်ထားပါသည်။

တကယ်တော့ သူ စွဲလမ်းချစ်ခဲ့မိတာက သူ့ရှေ့ကြည့်တည်



www.burmeseclassic.com

သူ့ရင်ခွင်ထဲ တိုးဝင်ပြီး သူ့ကို နမ်းသွားတဲ့ ကောင်မလေးပါ ..၊ အဲဒီ ကောင်မလေးက ဘယ်သူလဲ ..၊ ခင်ဗျားတို့ သိချင်လား ..။

ဒီလိုဗျာ နည်းနည်းတော့ ရှုပ်သွားလိမ့်မယ် ..၊ ခင်ဗျားတို့ စိတ်ထဲမှာ သဒ္ဒါ လို့ ထင်လိမ့်မယ် ..၊ ကျွန်တော့်ကို အရှုံးလုပ်သွားတဲ့ ညရဲ့ နောက်ပိုင်းတစ်နေ့မှာ သူတို့နှစ်ယောက်ထဲ ကျောင်းရဲ့ ကော်ရစ်တာ ထောင့်ချိုးအကွယ်မှာ ပြောနေတာ အိသက် က ကြားခဲ့ပါသည်။

အိသက် က ကျွန်တော့်ကို ပြောတယ် .. နှင် အမှန်ကန်ဆုံး ရွေးချယ်ရအောင်လို့ တဲ့.. ဘယ်သူ့ကိုမှတော့ မပြောပါနဲ့တဲ့ ..၊ သူတို့ ပြောနေကြတဲ့ စကားက ဒီလိုပါ ..။

"ဆောင်းဝေ .. နှင်နဲ့ ငါ အလဲအလှယ် လုပ်ကြရအောင် .. နှင် ကျေနပ်လား .."

"ဘယ်လိုလဲ .. ပြောပါဦး .."

"ငါက Revlon သုံးတယ် .. နှင်က စွဲစွဲမြဲမြဲ Camella တံဆိပ် သုံးတယ် ..၊ ဒီနေ့ကစပြီး နှင်က Revlon သုံး ..၊ ငါက Camella ပြောင်းသုံးမယ် ..၊ တကယ်လို့ သူ ဘာကိုပဲ ရွေးချယ် ရွေးချယ် နှင် လက်သင့်ခံရမယ် နော် .. ကျေနပ်လား .."





"စိန်လိုက်လေ .."

တကယ်တော့ မလည်မရှုပ် ကောင်မလေးနှစ်ယောက်ရဲ့ ဇာတ်လမ်းမှာ ကျွန်တော် ကံကောင်းလို့ နှလုံးသား မပျောက်ဆုံးတာပါ..။

ဒါပေမယ့် သူ့အတွေး သူ့ပီတိနဲ့တော့ သဒ္ဒါ က တစ်သက်လုံး ကျေနပ်မယ်ဆိုတာ ကျွန်တော် သိနေပါတယ်။

အဲဒီအရွှံ့နဲ့ သူ တစ်သက်လုံး ပီတိဖြစ်နေမှာပါ ..။

www.burmeseclassic.com



မျက်လုံး မကန်းပေမယ့်

အသည်းနှလုံးက ကန်းခဲ့ပြီ..

ဘယ်သူလဲ.. ဘာလဲ ဘယ်မှာရှိမလဲ..

ငိုမိတဲ့ မျက်ရည်တွေနဲ့ စကားလုံးရေး

ဘုရားသခင်ပေးတဲ့ ကိုယ့်ရဲ့ ခွဲတမ်းလေးရေ..။



www.burmeseclassic.com